www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၂၀၃၉၁၂၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၀၀၀၁၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၀၉၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

■

ပုံနှိပ်သူ
ဦးမန်းနေဘ်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

# စာရေးသူ၏အမှာစကား

၁။ ကျွန်ုပ် ထောင်မှူးကြီးသိန်းဝင်း၏ အဌမမြောက်ဝတ္ထုအဖြစ် 'ငမောက်မိဖုရား ပတ္တမြားကြီး' လုံးချင်းဝတ္ထုကို ရေးလိုက်ရပါသည်။ ဤပတ္တမြားကြီးမှာ မန္တလေးမြို့ ပုဏ္ဏားစုရပ်နေ ကျေးပုဏ္ဏားအနွယ်ဝင် ပုဏ္ဏားတစ်ဦး၏ ဆွေစဉ်မျိုးဆက်အပိုင် ရတနာပစ္စည်းဖြစ်သည်။ တန်ဖိုးကြီးမားပြီး လှကိုခိုက်တတ်သည်၊ တောကြက်ဥအရွယ်အစားရှိပြီး အပြစ်အနာအဆာကင်း၍ နီသွေးရောင်အမျိုးအစားဖြစ်သည်။ ထိပ်တစ်ဖက်တွင် ပါးချိုင့်ကလေးပါသဖြင့် 'ငမောက်မိဖုရား ပတ္တမြားကြီး' ဟု ဆွေစဉ်မျိုးဆက် ခေါ်တွင်ခဲ့သည်။ မိုးကုတ်မြို့၊ ကျပ်ပြင်ရပ်၊ ချောင်းအတွင်းမှ တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ ပုဏ္ဏားတင်ဦးမှာ တစ်ကိုယ်တော်လူစွမ်းကောင်း သူခိုးဖြစ်သည်။ တစ်ကိုယ်လုံးတွင် ကြောင်ဆေးများထိုးထားပြီး ကြောင်မျက်ရှင်နှင့် အဆောင်ကောင်းများလည်း ရှိသည်၊ အင်းဝဆော်တ်က သူခိုးကြီးတောက်ပြားအား ဆရာတင်၍ ခိုးယူသည့်ပစ္စည်းအား တစ်ဝက်သာ ယူတတ်သည်။ အင်းဝမြို့ဟောင်းရှိ သူခိုးကြီးတောက်ပြားတည်ခဲ့သော 'မရှိခဏ' ဘုရားအား နှစ်စဉ် တန်ဆောင်းမုန်းလပြည့်ကျော် သူခိုးကြီးညတွင် ကန်တော့ပွဲများနှင့်ပူဇော်ပြီး အဆောင်လက်ဖွဲ့များအား သိဒ္ဓိတင်လေ့ရှိသည်။ လူစွမ်းကောင်းဖြစ်သော်လည်း ပဲခူးမြို့ ဖိုင်းဂနိုင်းတောင်ပိုင်းရှိ ကုလားသူဌေးအိမ်ကို ဖောက်ထွင်းရာ ပတ္တမြားကြီးတစ်လုံးအား တွေ့သော်လည်း တစ်ဝက်မခွဲနိုင်သဖြင့် တစ်လုံးလုံးခိုးမိခဲ့ရာမှ သူခိုးကြီးတောက်ပြားထံ ခံယူထားသည့် သစ္စာပျက်၍ အဆောင်များ ကျပျောက်ခဲ့သည်။ ၎င်းအဆောင်လက်ဖွဲ့များမှတစ်ဆင့် ရဲက မီးခိုးကြွက်လျှောက်လိုက်ရာမှ အဖမ်းခံရပြီး ထောင်ဒဏ် (၇) နှစ် ကျခံခဲ့ရသည်။

၂။ သူခိုးမြင့်သိန်းမှာ ခေတ်မီဖောက်ထွင်းရေးသမားဖြစ်သည်။ လျှပ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စက်ဘွမ်းကျင်သူလည်းဖြစ်သည်။ အာမခံသော့ အမျိုးမျိုးကို အချိန်တို လေးအတွင်း ဖွင့်နိုင်၊ ပိတ်နိုင်သည်။ သူ၏ဆောင်ပုဒ်မှာ 'ကမ္ဘာပေါ်တွင် အာမခံသော့ မပေါ်သေးပါ' ဟူ၍ ဖြစ်သည်။ ကိုယ်တိုင်တွင်သော လမ်း လျှောက်စကားပြောစက်ဖြင့် သက်န်းကျွန်းအပေါင်ဆိုင်အား ဖောက်ထွင်း ရာ သိန်း (၁၀၀) ကျော်ရပြီးမှ ပတ္တမြားရောင်ရဲနှင့်တိုးကာ တပည့်ပေါ့ဆ၍ အဖမ်းခံရပြီး ထောင်ဒဏ် (၇) နှစ် ကျခံခဲ့ရသည်။

၃။ ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးမှာတော့ ပုလ္လားတင်ဦးနှင့် သူခိုး မြင့်သိန်းတို့ရှေ့ကော် နာမည်မကြီးသော်လည်း လူငယ်ဖြစ်၍ လျင်မြန် ဖျတ်လတ်သည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ သတ္တိရှိသည်။ ထောင် တွင်းအကြံအဖန်လုပ်ရာ၌ အလွန်တော်သည်။ တစ်ကိုယ်တော်မဟုတ်။ အဖွဲ့နှင့်ဖြစ်သည်။ လသာလမ်းမှ ရွှေဆိုင်တစ်ခုအား ဖောက်ထွင်းပြီးမှ ဖောက်ထွင်းရေးပစ္စည်းများ မေ့ကျန်ခဲ့သဖြင့် ပြန်အယူ အဖမ်းခံရခြင်း ဖြစ်သည်။ ထောင်ဒဏ် (၅) နှစ် ကျခဲ့သည်။

ထိုသူသုံးဦးမှာ ဖောက်ထွင်းဝိဇ္ဇာ သူခိုးများဖြစ်ကြသည်။ လူ ကောင်းများမဟုတ်သော်လည်း လူတော်များဖြစ်ကြသည်။ သစ္စာရှိသည်။ ဆရာသမားကို ရိုသေကြသည်။ ကျေးဇူးသိတတ်သည်။ ဆင်းရဲသားများ ကို ညှာတာသည်။ ဝိသမလောဘသမားများကိုတော့ ချမ်းသာမပေး။ မြန်မာတစ်ပြည်လုံးအနှံ့ သူတို့နည်းသူတို့ဟန်ဖြင့် ထောက်လှမ်းနိုးယူသူ များ ဖြစ်ကြသည်။

သူတို့သုံးဦး ထောင်တွင်းရောက်စဉ် ကြည့်ရှုကူညီခဲ့ဖူးသော ကျေးဇူးကြောင့် လွတ်မြောက်ကြသောအချိန်တွင် ကျွန်ုပ်နှင့်ပြန်လည် ဆုံတွေ့ကြရာမှ ဤ 'ငမောက်မိဖုရား ပတ္တမြားကြီး' ဟူသော စွန့်စားခန်း ဝတ္ထု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

လေးစားစွာဖြင့်. . .

ထောင်မှူးကြီးသိန်းဝင်း

# (အခန်း-၁)

ကျွန်ုပ် အကျဉ်းဌာနမှ နုတ်ထွက်ပြီး ထောင်တွင်းအိမ်ခြံကလေး အတွင်း၌ သစ်ပင်ပန်းမာလ်များ စိုက်ပျိုးနေသောတစ်နေ့တွင် ညှိသည် များရောက်နေကြောင်း သမီးဖြစ်သူမှ အကြောင်းကြားလာသည်။

"အဖေရေ. . အိမ်ရှေ့မှာ ညှိသည်တွေရောက်နေတယ်။ ဘုန်း ကြီးတစ်ပါးလည်း ပါတယ်"

"အေး. . အေး. . သမီး။ လာပြီ. . လာပြီ. .။ ညှိသည်တွေကို နေရာထိုင်ခင်းပေးထားပါ။ အဖေ လက်ဆေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေကြီး"

ကျွန်ုပ် လုပ်လက်စလုပ်ငန်းကို လက်စသတ်၍ ခြေလက်ဆေး ပြီး အိမ်ပေါ်တက်လာရာ မမျှော်လင့်သောသူများကို ရုတ်တရက်တွေ့လိုက် ရ၍ အလွန်အံ့သြသွားမိသည်။

"ဟာ. . သူခိုးမြင့်သိန်း။ အဲ. . အဲ. . ဘုန်းကြီးဘုရား။ ပုလ္လား



www.burmeseclassic.com

www.burmeseclassic.com



တင်ဦးလည်း ပါတာကိုး။ ဒီညှိသည်ကရော..”

“ဆရာ.. အသေအချာကြည့်ပါဦး။ ဆရာတပည့်တစ်ဦးပါပဲ။ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား”

“ဩော်.. အေး.. အေး။ မင်း ဖောက်ထွင်းဝိဇ္ဇာကျော်ကြီး မဟုတ်လား”

“ဟုတ်ပါ့ဗျာ..။ ဆရာမှတ်မိသွားပြီပဲ၊ ဆရာမှတ်ဉာဏ်ကောင်းတာ ကျွန်တော်တို့ သိပါတယ်”

“ဒါနဲ့ နေပါဦး..။ ဘယ်လိုဆုံမိကြပြီး အခုလိုရောက်လာကြတာလဲ၊ ပြောကြပါဦး”

သူခိုးမြင့်သိန်း..

“ဆရာ ဆွမ်ပရာဘွမ်စခန်း ပြောင်းရတဲ့အချိန်မှာ ကျွန်တော်.. အဲ.. အဲ.. ဦးပဋ္ဌင်းတို့ ရှေ့ဆင့်နောက်ဆင့် လွတ်ကြတာပဲ။ လွတ်တဲ့နေရာချင်းလည်း မတူဘူး။ ဦးပဋ္ဌင်းက အင်းစိန်ထောင်ကလွတ်တာ။ ပုဏ္ဏားတင်ဦးက ရန်ကုန်–မန္တလေးအမြန်လမ်းစခန်းက လွတ်တာ။ ကျော်ကြီးကတော့ ကော့သောင်းဆီအုန်းစခန်းက လွတ်တာ။ ပြန်ဆုံချင်ကြတော့လည်း ရွှေမောဓောဘုရား (ပဲခူး) ပေါ်မှာ ပြန်ဆုံကြတာ။ လွန်ခဲ့တဲ့ တစ်ပတ်ကပေါ့။ အဲဒါ လုပ်ငန်းကိစ္စ၊ ရှေ့ရေးနောက်ရေးကိစ္စတွေ တိုင်ပင်နှီးနှောကြပြီး ဆရာ့အကြောင်း ရောက်သွားတာနဲ့ အခုလိုဆုံပြီး လာကြတာ။ ထောင်စခန်းအသီးသီး ရောက်သွားပေမယ့် ဆရာ့သတင်းကို အမြဲနားစွင့်နေကြတာပါ။ အလုပ်က နုတ်ထွက်ကြောင်းသိတာနဲ့ ဆရာ့ကို ကူညီရအောင် လာကြတာပါ”

“ကျေးဇူးပါပဲဗျာ။ အခုလိုသတိရကြတာ အလွန်ပဲ ဝမ်းသာမိပါ





တယ်။ ဒါနဲ့ ဦးပဋ္ဌင်းက ဘယ်တုန်းက ဘုန်းကြီးဝတ်တာလဲ။ အမြဲတမ်းလား၊ ယာယီလား”

“ယာယီပါ ဒကာကြီး၊ ဦးပဋ္ဌင်းက ထောင်ကထွက်တိုင်း ဘုန်းကြီးဝတ်တယ်။ မကြာပါဘူး။ တစ်လပါပဲ။ မနက်ဖြန်ဆို ပြည့်ပါပြီ”

ကျော်ကြီး..

“ဆရာ.. ဒီအိမ်ကလေးက ဆရာ့ကိုယ်ပိုင်လား။ ခြံဝင်းကျယ်နဲ့ သပ်သပ်ရပ်ရပ် သီးသန့်အိမ်ကလေးပဲနော်”

“မဟုတ်ပါဘူး ကျော်ကြီးရာ။ ဌာနကပေးထားတဲ့အိမ်ပါ။ ကိုယ်က အလုပ်ထွက်လိုက်ပေမယ့် အမျိုးသမီးက ရှိသေးတော့ ဒီအိမ်မှာ ဆက်နေရတာပေါ့။ အံ့ဩစရာကောင်းတာကတော့ ဒီအိမ်မှာ ကိုယ်တို့နေတာ အနှစ် (၂၀) ပြည့်တော့မယ်။ ကိုယ်က စခန်းအသီးသီး၊ ထောင်အသီးသီး ပြောင်းရွှေ့နေရပေမယ့် အမျိုးသမီးက မပြောင်းရလို့ တော်သေးတယ်”

ထိုစဉ်တွင် ကျွန်ုပ်၏သမီးနှင့် ခယ်မဖြစ်သူမှ ကော်ဖီနှင့်မုန့်များ လာချပေးသဖြင့် စားသောက်ကြရင်း..

ပုဏ္ဏားတင်ဦးက

“ဆရာ.. ဆရာမကြီးရော မမြင်ပါလား”

“ဒီနေ့ အလုပ်ပိတ်ရက်၊ တနင်္ဂနွေနေ့ဖြစ်ပေမယ့် သူက အမျိုးသမီးရေးဆောင်တာဝန်မှူးကျလို့ အထဲဝင်နေရတယ်။ နေ့လယ် ထမင်းစားချိန် ပြန်ထွက်လာမှာပါ။ မကြာတော့ပါဘူး”

ပုဏ္ဏားတင်ဦးက..

“သမီးလေးကရော အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်နှတန်း

www.burmeseclassic.com



ရောက်ပြီလဲ ဆရာ"

"အခု ဆယ်နှစ်ကျော်ပြီ၊ ငါးတန်းစတက်နေပြီ"

တင်ဦး..

"ကျွန်တော်မှတ်မိသေးတယ် ဆရာရယ်၊ ထောင်ဝင်တဲ့ချိန်ရောက်ရင် သမီးလေးကို ဟိုလူက ချီ ဒီလူက ချီနဲ့ သမီးလေးလည်း ထောင်ထဲမှာပဲ ကြီးပြင်းခဲ့ရတာပဲနော်"

"ထောင်ဝန်ထမ်း သားသမီးပဲ၊ ထောင်နဲ့ ဘယ်ကင်းပါ့မလဲကွာ။ ငါတို့က (၂၄) နာရီတာဝန်ရှိသူတွေဆိုတော့ သားသမီးမျက်နှာကို တစ်ချိန်လုံး မမြင်နိုင်ပါဘူး။ ဒါကြောင့် ဇနီးသည်က ညနေခင်း အားချိန်လေးမှာ သမီးကို ထောင်ထဲခေါ်လာပြီး ပြတတ်တယ်"

သူနိုးမြင့်သိန်း..

"ဆရာတို့အလုပ်ကလည်း မလွယ်ပါဘူးဗျာ။ ထောင်ကျနေတာနဲ့ ဘာထူးလို့လဲ၊ ကျွန်တော်တို့ကတော့ အပြစ်ကြောင့် ရောက်ရတာ၊ ဆရာတို့ကတော့ လစာကြောင့် ရောက်ရတာ။ သုံးသပ်ကြည့်ရင်တော့ စားဝတ်နေရေးအတွက် ရုန်းကန်နေရခြင်းကတော့ အတူတူပါပဲလေ"

ကျွန်ုပ်..

"ဦးပွင့်ပြောတာ ဟုတ်သလိုလိုပါပဲ၊ ဒါပေမဲ့ တပည့်တော်တို့က ဥပဒေဘောင်အတွင်းကပါ။ ဥပဒေအပြင်ဘက်က ကိစ္စတွေကို ခုအချိန်ထိ မလုပ်ဖူးသေးပါဘူး"

ပုဏ္ဏားတင်ဦး..

"ကျွန်တော်တို့လည်း ထောင်ကထွက်လာပြီးမှ မကောင်းမှုတွေ မလုပ်တာလည်း ကြာပါပြီ ဆရာရယ်၊ အခုလည်း ကောင်းရောင်းကောင်း





ဝယ်လုပ်ဖို့ လာတာပါ။ ပိုက်ဆံပြတ်ရင်တော့ အခြေအနေအရပေါ့ ဆရာရယ်"

ကျွန်ုပ်..

"မင်းတို့ကွာ.. ပစ္စည်းဥစ္စာလည်း စုမိဆောင်းမိရှိကြရဲ့သားနဲ့၊ ကောင်းရောင်းကောင်းဝယ် လုပ်ပါတော့လား။ ဘာကြောင့် တရားဥပဒေ အပြင်ဘက်က ကိစ္စတွေ ပြန်ပြန်လုပ်ချင်နေကြတာလဲ။ ငါ့မှာဆို ငွေကြေး အနည်းအပါးပဲရှိတယ်။ ကိုယ့်မှာရှိတဲ့ စည်းစိမ်ဥစ္စာလေးနဲ့ ရောင့်ရဲတင်းတိမ်နိုင်တယ်"

ကျော်ကြီး..

"ဆရာ.. လူဆိုတာ မွေးကတည်းက သေတဲ့အထိ တိုးတက်ရာ တိုးတက်လမ်း၊ ကြီးပွားရာကြီးပွားလမ်းကို ရှာကြရတာပဲ မဟုတ်လား။ အဘိုးအဘွားလက်ထက်က စည်းစိမ်ဥစ္စာကို မပျောက်ပျက်အောင်၊ တိုးပွားစည်ပင်အောင် အဖေ၊ အမေတို့က ထိန်းသိမ်းခဲ့ရသလို ကျွန်တော်တို့ သားသမီးတွေလက်ထက်ကျတော့လည်း ပိုမိုတိုးတက်ကြီးပွားအောင် လုပ်ရတာ လူ့တာဝန်ပဲ မဟုတ်လား။ အခု ဆရာ့မှာ ကိုယ်ပိုင်အိမ်ကောင်းကောင်း ရှိပြီလား။ စီးစရာကားရော ရှိလား။ မိသားစုဝတ်ဆင်ဖို့ ရွှေငွေ ပြည့်စုံအောင် ရှိပြီလား"

"အေး.. အဲဒါတော့ဟုတ်တယ်။ ငါ့မှာ မင်းပြောတာတွေ မပြည့်စုံသေးဘူး။ မင်းပြောတဲ့စကားကိုလည်း လက်ခံတယ်၊ ငါဆက်ကြိုးစားရဦးမှာပေါ့"

"ဆရာ့အသက် အခု ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်ငါးနှစ်ထဲ ရောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာဆက်လုပ်မလဲ"

"တောဆင်းပြီး စပါး၊ ပဲမျိုးစုံ ရောင်းဝယ်ရင် ကောင်းမလား။ ကုမ္ပဏီတစ်ခုခုမှာ ဝင်လုပ်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"စိတ်မရှိနဲ့နော် ဆရာ။ ဆရာ့မှာ အရင်းအနှီးဘယ်လောက်ရှိသလဲ"

"သိန်းဂဏန်းနီးနီးတော့ ရှိပါတယ်"

"နည်းတယ် ဆရာ။ အခု ကျွန်တော်တို့ ဆရာ့ဆီလာတာလည်း ဆရာ ကျွန်တော်တို့ကို အရင်က ကူညီခဲ့တဲ့ကျေးဇူးကြောင့် လာကန်တော့တာပါ။ တစ်ယောက်တစ်သိန်း စုလာတယ်။ ဒီမှာ သုံးသိန်းဆရာ။ ဆရာ သုံးချင်ရာသုံးပါ။ ဒါ. . မပြစ်လောက်သေးပါဘူး။ ဆရာ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း ကျွန်တော်တို့နဲ့ လက်တွဲပါ ဆရာ"

"အေး. . ငါက မင်းတို့လောက်မချမ်းသာပေမယ့် ငါ့ဘဝနဲ့ငါ ကျေနပ်ရောင့်ရဲမှုရှိပါတယ်။ မင်းတို့ငွေကိုလည်း လက်မခံပါရစေနဲ့။ မင်းတို့လုပ်ငန်းထဲလည်း ငါမဝင်ပါရစေနဲ့။ အခုလို ကျေးဇူးသိတတ်တာကိုလည်း အလွန်ဝမ်းသာမိပါတယ်"

ဘုန်းကြီးမြင့်သိန်း. .

"ဒကာကြီးက ဒီငွေတွေကို မသန့်ဘူး ထင်နေတာကိုး။ ဒီငွေတွေက သန့်ပါတယ်။ ဘုန်းကြီးက အခုလောလောဆယ် ငါးပါးသီလတော့ မြဲပါတယ်။ လိမ်မပြောပါဘူး။ ဒကာကြီးလက်မခံမှာစိုးလို့ အခုငွေတွေကို ဘုရင့်နောင်ပွဲရုံက ဒကာတစ်ယောက်ဆီက ချေးလာတာပါ။ လက်ခံပြီး စိတ်သန့်သန့်နဲ့ သုံးပါ။ ဘုန်းကြီးတို့ဆီမှာ ကိုယ်ပိုင်ငွေ မြောက်မြားစွာရှိပါတယ်။ နောက်တစ်ခုက ဘုန်းကြီးတို့ အရောင်းအဝယ်တစ်ခု လုပ်ကြမလို့။





နယ်ဆင်းရမယ်။ အဲဒါ ဒကာကြီးစိတ်ဝင်စားရင်တော့ လိုက်ခဲ့စေချင်တယ်။ အကျိုးအမြတ်ကိုလည်း ထိုက်ထိုက်တန်တန် ခွဲဝေပေးမှာပါ"

"ဘာပစ္စည်းများလဲ။ တပည့်တော်ရဲ့ အရင်းအနှီးမပါဘဲ ထိုက်ထိုက်တန်တန်ပေးမယ်ဆိုတာ သဘာဝမကျဘူးထင်တယ်"

"ဒကာကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးတာပါ။ ပစ္စည်းပိုင်ရှင်က ဘုန်းကြီးလည်း မဟုတ်ပါဘူး။ ပုဏ္ဏားတင်ဦးဟာပါ။ ဘုန်းကြီးနဲ့ ကျော်ကြီးကလည်း ပိုင်းကူညီတာပါ။ ပစ္စည်းကတော့ ပတ္တမြားကြီးပဲ"

"ဦးပဥ္စင်း. . ဘယ်လောက်ကြီးပြီး တန်ဖိုးဘယ်လောက်များလဲ"

"တောကြက်ဥလောက်ရှိတယ်။ ခိုသွေးအမျိုးအစား. . ။ အရည်ကောင်းတယ်။ အနာမပါဘူး။ လုံးချောပဲ။ အခု ကာလပေါက်ဈေး သိန်းတစ်ထောင်လောက်တန်တယ်။ ဝယ်လက်နဲ့လည်း ချိတ်မိထားပြီ။ သူက နယ်မှာနေတာ။ အဲဒါကြောင့် အုပ်စုလိုက်သွားကြရမှာ။ တန်ဖိုးက ကြီးတော့ လူအုပ်စုတောင့်မှ ဖြစ်မှာ ဒကာကြီး။ မရိုးမသားဖြစ်လာရင်လည်း ကာကွယ်နိုင်အောင်လို့ပါ"

"ပုဏ္ဏားတင်ဦးက ဘယ်ကရထားတာလဲ ဦးပဥ္စင်း"

"သူတို့မျိုးနွယ်ပိုင် ပစ္စည်းပါ။ တန်ဖိုးကြီးလွန်းလို့ ထုတ်မရောင်းခဲ့တာနဲ့ ဆွေစဉ်မျိုးဆက်သိမ်းထားခဲ့ရာက ပုဏ္ဏားတင်ဦးက အမွေရခဲ့တာပဲ။ ပုဏ္ဏားလည်း ဒါကြီးထုခွဲပြီးရင် အနားယူတော့မှာပါ"

"ပုဏ္ဏားရေ. . ဒါနဲ့ မင်းထောင်ကလွတ်တော့ မင်းရဲ့အဆောင်လက်ဖွဲ့ပစ္စည်းတွေ ပြန်ရသလား။ အင်းဝက သူခိုးတောက်ပြားဘုရားကို ချော ရောက်ပြီးပြီလား"

ပုဏ္ဏားတင်ဦး. .



www.burmeseclassic.com

www.burmeseclassic.com



အဆောင်လက်ဖွဲ့ပစ္စည်းအချို့ကိုတော့ ပြန်ရထားတယ်ဆရာ။ အချို့ကိုတော့ ပြန်မရဘူး။ အင်းဝက 'မရှိခဏ' ဘုရားကိုတော့ အခုခရီးထဲ့ အသွားမှာပဲ ဝင်ပူဇော်ပြီး ပစ္စည်းတွေကို သိဒ္ဓိတင်ရဦးမယ်။ ကျွန်တော်သွားနေကျက တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့၊ သူနိုးကြီးညပဲ ဆရာ။ အ●က မိုးတွင်းကြီး၊ ဝါဆိုလပဲရှိသေးတော့ လိုသေးပေမယ့် ကြိုတင်နှုန်း လုပ်ရတော့မှာပဲ ဆရာရေ။ မလုပ်လို့က မဖြစ်ဘူးလေ။ လိုရမယ်ရပေါ့ ဆရာရယ်။ ကဲ. . ဆရာလိုက်မယ်မဟုတ်လား"

"အေးလေ. . မင်းတို့မျိုးနွယ်ပိုင်ပစ္စည်းဆိုရင်တော့ လိုက်ရမှာပေါ့။ ငါလည်း အလုပ်ထွက်ပြီး အားနေတာပဲ"

အားလုံး. .

"ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာ့ကို ကျွန်တော်တို့က လေးစားတယ်။ ခင်မင်တယ်။ အားလည်းကိုးပါတယ်။ ကဲ. . ဆရာ။ ဒီငွေသုံးသိန်းကိုလည်း လက်ခံလိုက်ပါဦး"

"အေး. . အေး. . ကျေးဇူးအထူးတင်တယ်ကွာ"

"ဒါနဲ့ ဘယ်နေ့ ခရီးထွက်ကြမှာလဲ။ ကြိုတင်ပြင်ဆင်ထားရအောင်လို့ပါ"

ဘုန်းကြီး. .

"မနက်ဖြန်မနက်ပဲ ဒကာကြီး။ ဘုန်းကြီးက မနက်ဖြန်မှ တစ်လပြည့်လို့ လူထွက်ရမှာ။ ခရီးသွားရင် လိုအပ်မယ့်ပစ္စည်းတွေကိုတော့ ဒကာကြီးကျော်ကြီးနဲ့ ပုဏ္ဏားက စုထားပြီးပါပြီ။ ကားကိုလည်း (Corolla Van) ကားတစ်စီး ရှာထားပါတယ်။ ဒရိုင်ဘာကတော့ ဘုန်းကြီးနဲ့ ကျော်ကြီးပဲ တစ်ယောက်တစ်လှည့်စီ မောင်းရတော့မှာပေါ့။ ပုဏ္ဏားက





အခုန်အပျံပဲ ကျွမ်းကျင်တာ။ ကားမမောင်းတတ်ဘူး"

ကျွန်ုပ်. .

"တပည့်တော်လည်း မောင်းနိုင်ပါတယ်။ တစ်လှည့်စီပေါ့"

"ကောင်းလေစွ. . ကောင်းလေစွပေါ့ ဒကာကြီးရယ်။ မနက်ဖြန်မနက် (၈) နာရီတိတိ လာခေါ်မယ်။ ဒကာကြီး ပြင်ဆင်ပြီး အသင့်စောင့်နေပါ"

ထိုစဉ်တွင် ကျွန်ုပ်၏ဇနီးသည် ထောင်မှူးဒေါ်ခင်မြကြွယ် အလုပ်ထမင်းစားပြန်လာသည်။

အားလုံး. .

"ဆရာမကြီး. . နေကောင်းရဲ့လား"

"ဟောတော့်. . အဖွဲ့တွေ စုံလှချည်လား။ ဦးပဉ္စင်းရော ဆွမ်းဘုဉ်းပေးပြီးပြီလား။ ဆွမ်းချိန်နီးနေပြီ။ ဒီအိမ်မှာ ပြည့်စုံပါတယ်။ ဆွမ်းစားသွားပါဦး"

"မလုပ်နဲ့တော့ ဒကာမကြီး။ ဘုရင့်နောင်ပွဲရုံမှာ ဆွမ်းစားမယ်လို့ ပြောခဲ့ပြီးပြီ။ စောင့်နေကြလိမ့်မယ်။ ကဲ. . ကဲ. . ခွင့်ပြုကြဦးနော်"

သူတို့ပြန်သွားကြတော့ ကျွန်ုပ်က ဇနီးသည်အား အကျိုးအကြောင်းပြောပြပြီး မနက်ဖြန်ခရီးထွက်မည့်ကိစ္စလည်း အသိပေးခဲ့တော့သည်။

ဇနီးသည်. .

"သူတို့က ဖောက်ထွင်းသမားတွေနော်။ အစစအရာရာ သတိထားလည်း လုပ်ဦး။ ဥပဒေနဲ့ ငြိစွန်းတာတော့ လုံးဝမလုပ်ပါနဲ့"

"အေးပါကွာ. . ။ ကိုယ်လည်း ဥပဒေသမားပါ။ အလုပ်ထွက်

www.burmeseclassic.com



ခဲ့ပေမယ့် တရားဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်မှန်သမျှ ဝေးဝေးက ရှောင်မှာပါ''

သို့နှင့် ကျွန်ုပ် ခရီးထွက်ရန်အတွက် အိတ်ကြီးတစ်လုံးထဲတွင် လိုအပ်သည်များထည့်၍ ညကတည်းက ပြင်ဆင်ထားရတော့သည်။

နောက်တစ်နေ့မနက် (၆) နာရီတိတိတွင် ကျွန်ုပ် အိပ်ရာထ၊ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီးနောက် မနက်စာစား၍ အသင့်စောင်နေစဉ် မနက် (၈) နာရီတိတိတွင် သူတို့ကား ရောက်လာသည်။ အချိန်တိကျခြင်းအတွက် ကျွန်ုပ်သဘောကျမိသည်။ ဇနီးသည်က သူတို့အား ကော်ဖီနှင့်မုန့်များ တိုက်ကျွေးသည်။ မနက် (၈း၃၀) နာရီတိတိတွင် ကျွန်ုပ်တို့ အိမ်မှ ထွက်ခဲ့ကြသည်။ လမ်းကကောင်း၊ ကားကကောင်းသဖြင့် မနက် (၁၀) နာရီမထိုးမီ ပဲခူးမြို့သို့ ရောက်သည်။ ကျွန်ုပ်တို့ ဈေးရှေ့လက်ဖက်ရည်ဆိုင်တွင် ဝင်၍လက်ဖက်ရည်သောက်ကြပြန်သည်။

သူနိုးမြင့်သိန်း. .

''ဆရာ ဆာတဲ့အချိန် ပြောနော်။ ညောင်လေးပင်ကျမှ ထမင်းစားဖို့ စိတ်ကူးထားတာ။ ဆရာဆာရင်တော့ ကြုံတဲ့နေရာ စားကြတာပေါ့''

''မဆာသေးပါဘူးကွာ။ အဆင်ပြေတဲ့နေရာကျမှ စားကြတာပေါ့။ စောပါသေးတယ်။ မင်းလည်း ဘုန်းကြီးက လူထွက်ပြီဆိုတော့ အချိန်က အဓိကမဟုတ်တော့ပါဘူး''

''ဟုတ်ပါရဲ့ ဆရာရယ်. .။ ဘုန်းကြီးဘဝက အတော်မလွတ်လပ်တာပါပဲ။ အချိန်နဲ့အတိအကျ အလုပ်လုပ်နေရတာ။ အခုမှ လွတ်လပ်သွားတော့တယ်ဗျာ''

နေ့လယ် (၁၂) နာရီတိတိအချိန်တွင် ညောင်လေးပင်မြို့သို့





ရောက်သည်။ ကျွန်ုပ်တို့ မြန်မာထမင်းဆိုင်တွင် ဝင်စားကြသည်။ စားနေ ကျ ကြက်၊ ဝက်၊ ငါးအပြင် ဆိတ်စွပ်ပြုတ်နှင့် ဘဲငန်းသားပါရသဖြင့် ထမင်းအတော်မြိန်ကြသည်။ ဆန်မှာလည်း အတော်ကောင်းပါသည်။

စားသောက်ကြပြီးနောက် ကျွန်ုပ်တို့ ခရီးဆက်၍ထွက်လာကြရာ တောင်ငူမြို့သို့ ညနေစောင်းတွင် ရောက်သည်။ ကျွန်ုပ်တို့ ခရီးရပ်နားပြီး တောင်ငူဟိုတယ်တွင် တည်းခိုကြသည်။ ညစာမစားမီ ဝီစကီအနည်းငယ် စီ သောက်ကြရင်း စကားပြောကြသည်။

မြင့်သိန်း. .

''ဆရာ. . ကျွန်တော်တို့ ပြင်ဦးလွင် (မေမြို့) ဘက် သွားကြရမှာ။ မြို့ထဲတော့ မရောက်ပါဘူး။ အနီးစခန်းနားက ခြံကြီးကို သွားကြရမှာပါ။ မိုးမခြံကြီးလို့ ခေါ်တယ်၊ အနွယ်တော်တွေပိုင်တဲ့ ခြံကြီးပဲ။ အိမ်ကြီးကလည်း ခုနစ်ဆောင်အိမ်ကြီးလို့ နာမည်ကြီးတယ်။ အဲဒီမှာ အတော်ထူးဆန်းတဲ့ အကြောင်းအရာတွေကို ဆရာမြင်ရ ကြားရမှာပါ။

အခုလက်ရှိပိုင်ရှင်ကတော့ ဦးခင်လှိုင်ဆိုသူပဲ။ ဆရာတို့လောက်ပဲ အသက်အရွယ်ရှိဦးမယ်။ အဲဒီအိမ်ကြီးမှာ သူတို့ဆွေတော်မျိုးတော်တွေ နေကြတာ။ မျိုးနွယ်စုသင်္ချိုင်းကိုလည်း ခြံကြီးထဲမှာပဲ ဆောက်ထားတယ်''

''အေးကွာ. . စိတ်ဝင်စားစရာပါပဲ၊ ရှေးဟောင်းမျိုးနွယ်စုတွေ စုပေါင်းနေတတ်တဲ့စနစ်က ငါတို့မြန်မာဘုရင့်အနွယ်တော်တွေနဲ့ တူတယ်ကွ။ အထက်တန်းကျောင်းတုန်းကလည်း ငါ့မှာ အမျိုးသမီးသူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်၊ ငါတို့ထက် အသက်ငါးနှစ်လောက် ပိုကြီးတယ်၊ ဒေါ်ထိပ်တင်သန်းတဲ့။ သူ့မယ်တော်က သုံးဆယ်စုဖုရားလေးတဲ့။ အစ်ကိုတွေ၊ မောင်တွေကလည်း ထိပ်တင်ဗိုလ်တို့ ထိပ်တင်အောင်တို့ပဲ၊ နေတာ



www.burmeseclassic.com

က ရှစ်မိုင်က ရှမ်းဘုရားလေးနားမှာ မြို့ကြီးဝင်းကြီးနဲ့နေတယ်၊ သူတို့တွေ တော်မျိုးတော်သချိုင်းကတော့ ငါးထပ်ကြီးဘုရားဝင်းထဲမှာ ရှိတယ်''

မြင့်သိန်း..

''ဟုတ်တယ် ဆရာ..။ ရှေးဟောင်းအနွယ်တွေက မျိုးနွယ်စုစိတ်ဓာတ် ရှိတယ်။ စည်းလုံးညီညွတ်ကြတယ်။ ခေါင်းဆောင်လုပ်သူရဲ့ စကားကို လေးစားလိုက်နာကြတယ်။ တစ်သွေးတစ်သံတစ်မိန့်ပဲ။ အခုလည်း မိုးမခမြို့ကြီးထဲက ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ ဦးခင်လှိုင်က ခေါင်းဆောင်ပဲ။ သူတို့စီးပွားရေးက စိုက်ပျိုးရေးနဲ့ မွေးမြူရေးအပြင် ကျောက်အရောင်းအဝယ်လည်း လုပ်တယ်''

ကျွန်ုပ်..

''အတော်ချမ်းသာပုံရတယ်၊ ဘာတွေစိုက်လို့ ဘာတွေမွေးသလဲကွ''

''မက်မန်းခြံ၊ သရက်ခြံ၊ မရမ်းခြံ၊ ဒူးရင်းသီးခြံ၊ တညင်းသီးခြံ၊ သစ်တော်သီးခြံကျယ်ကြီးတွေ ရှိတယ်ဆရာ။ မွေးမြူရေးကတော့ ဆိတ်၊ သိုး၊ ဝက်၊ ကြက်၊ ဘဲ၊ မြင်းနဲ့ နွားနွားတွေ မွေးထားတယ်ဆရာ''

''ဟ.. အဲဒါဆိုရင် အလုပ်သမားတွေလည်း အများကြီးသုံးရမှာပေါ့နော်''

''ဟုတ်တယ် ဆရာ..။ သူ့အုပ်စုနဲ့သူ အများကြီးပဲ၊ ပျော်စရာလည်း ကောင်းပါတယ်''

''ဒါနဲ့ မင်းတို့ အဲဒီမြို့ကြီးထဲကို ဘယ်နှခါရောက်ဖူးကြသလဲ''

''နှစ်ခါရောက်ဖူးတယ်ဆရာ။ ရောက်တိုင်း ညအိပ်တည်းခိုရတာချည်းပဲ။ အကျွေးအမွေးကလည်း အလျှံပယ်ပဲ။ သူတို့မြို့တွေက တောနဲ့





ဆက်နေတော့ အမဲလိုက်လို့လည်း ရတယ်။ ချေ၊ ဆတ်၊ တောဝက်နဲ့ မျောက်တွေ ပေါတယ်ဆရာ''

''ငါလည်း အလုပ်ကထွက်လိုက်တော့ ဘာသေနတ်မှ မရှိတော့ဘူး။ ပြန်အပ်လိုက်ရပြီလေကွာ''

''မလိုပါဘူး ဆရာ။ ဦးခင်လှိုင်မှာ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်တွေ ရှိပါတယ်။ ဟိုရောက်တော့ ဆရာတွေ့မှာပါ။ ဆရာလည်း အမဲမလိုက်ရတာကြာတော့ ဝါသနာတူ ဦးခင်လှိုင်နဲ့တွဲပြီး အမဲလည်ကြပေါ့။ ကျွန်တော်တို့ကတော့ သေနတ်မပစ်တတ်လို့ ထိုင်စောင့်စားမယ်လေ။ ဟဲ.. ဟဲ.. ဟဲ..''

''အေး.. အေး.. ဆရာလုပ်သူကို နိုင်းစားဦးမယ်ဆိုပါတော့''

''အဲဒီလိုလည်း မဟုတ်ပါဘူး ဆရာရယ်။ ဆရာပျင်းနေမှာစိုးလို့ပါ။ အဲဒီမှာ အရောင်းအဝယ်ဖြစ်ရင်တော့ လေးငါးရက်ကြာမှာ ဆရာ''

''ရပါတယ်ကွာ။ ငါလည်း အားနေတာပဲ။ ခရီးထွက်တော့ ဒေသန္တရဗဟုသုတ ရတာပေါ့''

''ဒါနဲ့ ပုဏ္ဏားတင်ဦးနဲ့ ကျော်ကြီးကရော သေနတ်မပစ်တတ်ဘူးလား''

ပုဏ္ဏားတင်ဦး..

''ဆရာ.. ကျွန်တော်တို့က အဖောက်အထွင်းနဲ့ ဂမ္ဘီရပညာပဲ တတ်တာ ဆရာ။ သေနတ်အကြောင်းတော့ နားမလည်ပါဘူး''

ကျွန်ုပ်..

''မင်းတို့ ကိုယ်ခံပညာတွေဖြစ်တဲ့ မြန်မာ့သိုင်းနဲ့ ကဗျာတေး၊

www.burmeseclassic.com



ဂျူးကျစ်စု၊ ဖန်တို၊ ဖန်ရှည်တွေရော တတ်ကြသလား"

ကျော်ကြီး..

"ယယ်ယယ်ကတော့ သင်ဖူးတယ်ဆရာ။ အခုတော့ မေ့တော့တော့ပဲ။ ကျွန်တော်တို့အလုပ်က မအောင်မြင်ရင် ပြေးရတာဆိုတော့ ခြေထောက်အားတော့ သန်တယ်ဆရာ။ ကိုမြင့်သိန်းနဲ့ ပုဏ္ဏားကတော့ သိုင်းတတ်တယ် ဆရာ"

"ဟုတ်သလား၊ ပုဏ္ဏားနဲ့ မြင့်သိန်း..။ အခုခေတ်ကာလက လက်နက်မဲ့သိုင်း တတ်ထားဖို့ ပိုအရေးကြီးတယ်။ ငါကတော့ ယယ်ယယ်တုန်းက မြန်မာလက်နက်သိုင်း (၁၂) ကွက်နဲ့ လက်နက်မဲ့သိုင်းတွေကို သင်ထားတာ။ အားတိုင်းလည်း လေ့ကျင့်တယ်။ ဌာနက သင်တန်းတွေတက်ရင်၊ ကရာတေးနဲ့ ဂျူဂျစ်စုနည်းတွေကိုလည်း ညနေ ရေချိုးခါနီးတိုင်း လေ့ကျင့်တယ်။ ဒါကြောင့် လက်နက်နဲ့လူနှစ်ယောက်၊ လက်နက်မပါ လူလေးယောက်ကို ငါတစ်ယောက်တည်း ဖြိုနိုင်သေးတယ်။ မြင်းစီးလည်း တတ်တယ်။ လက်နက်အမျိုးမျိုးကို အင်္ဂလိပ်ရှိုင်ဖယ်ကအစ ခေတ်မီမောင်းပြန်သေနတ်တွေအပြင် ခြောက်လုံးပြူးနဲ့ ပစ္စတိုအမျိုးမျိုးကို ဖြုတ်၊ တပ်၊ ပြင်ဆင်၊ ပစ်ခတ်နိုင်တယ်။ ယောကျ်ားဆိုတာ သေနတ်အမျိုးမျိုးကို ပစ်တတ်ခတ်တတ်ရမယ်ကွ"

မြင့်သိန်း..

"အားကိုးပါတယ်ဆရာရယ်၊ အခွင့်အရေးရရင်တော့ ကျွန်တော်တို့ကို သင်ပေးပါဦး ဆရာ။ လိုရမယ်ရပေါ့"

"အေး.. အေး.. အခွင့်အလမ်းရရင် သင်ပေးပါ့မယ်"

ကျွန်ုပ်တို့ ညစာစားကြပြီးနောက် ည (၁၀) နာရီခန့်တွင် အိပ်ရာ





ဝင်ကြသည်။ သုံးယောက်အိပ်ခန်း ခန်းမကျယ်ကြီးကို ငှားထားခြင်းဖြစ်၍ တစ်စုတစ်စည်းတည်း တည်းခိုနေထိုင် စားသောက်နိုင်သည်။

မနက် (၆) နာရီခန့် အိပ်ရာထကြပြီး မျက်နှာသစ်၊ ရေချိုးပြီးနောက် ဟိုတယ်ကကျွေးသော မနက်စာကို စားကြသည်။ အနောက်တိုင်းစာ ပေါင်မုန့်မီးကင်၊ ထောပတ်သုတ်နှင့် ကြက်ဥကြော်၊ ကော်ဖီတို့ဖြစ်၍ အာသာက မပြေ။ ထမင်းကြော်နှင့် မုန့်ဟင်းခါးကို မြန်မာပီပီ တောင့်တနေသည်။

ကျွန်ုပ်တို့အဖွဲ့ အခန်းခရှင်းပြီး မှတ်ပုံတင်များယူဆောင်၍ ထွက်တော့ မနက် (၈) နာရီထိုးပြီဖြစ်သည်။ ယနေ့ ကားကို ကျွန်တော် မောင်းသည်။ Super Roof (90 Model) ဖြစ်၍ ကားကလေးမှာ ကောင်းလှသည်။ အင်ဂျင်အဆွဲအရှိန်းကောင်းသလို ဘရိတ်နှင့် ဘီးများလည်း ကောင်းလှသည်။ နေ့လယ် (၁၂) နာရီခန့်တွင် ကျောက်ဆည်မြို့သို့ ရောက်သည်။ မြို့လယ် ကုလားဆိုင်တစ်ဆိုင်တွင် နေ့လယ်စာ စားကြသည်။ ပုဏ္ဏားတင်ဦးအတွက် အလှည့်ပေးခြင်းဖြစ်သည်။ ပုဏ္ဏားတင်ဦးမှာ အသီးအရွက်ကို အဓိကထား စားသူဖြစ်သည်။ အရက်လည်း မသောက်တတ်ပါ။

ကျွန်ုပ်..

"မန္တလေးမှာ ဘယ်နေရာမှာ တည်းမှာလဲ"

ပုဏ္ဏား..

"ကျွန်တော်တို့အိမ် ပုဏ္ဏားစုမှာပဲ တည်းပါ။ နေရာကျယ်ပါတယ်။ အစားအသောက်ကတော့ ကြိုက်ရာဝယ်စားကြတာပေါ့"

မြင့်သိန်းနှင့်ကျော်ကြီး..



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ် ပုဏ္ဏားရေ၊ ကျွန်တော်တို့က ညနေပိုင်းကျရင် ယမကာလေးမှိုဝဲချင်သေးတယ်။ ခင်ဗျားတို့အိမ်မှာက မကောင်းဘူး။ အစားအသောက်ကလည်း ပဲနဲ့ဟင်းသီးဟင်းရွက်ပဲ စားရမှာ။ မဖြစ်ပါဘူးဗျာ"

"မတည်းရင်လည်း ရပါတယ်။ ဒါပေမဲ့ ပစ္စည်းကို ဝင်ယူရဦးမယ်လေ၊ ပစ္စည်းက လုံလုံခြုံခြုံ အဲဒီမှာပဲထားတာ"

ကျွန်ုပ်..

"ဟုတ်တာပေါ့။ ပုဏ္ဏားအိမ် သိအောင်လည်း ဝင်ကြဦးမယ်လေ"

ပုဏ္ဏား..

"ဒါပေမဲ့ ဒီည မန္တလေးမှာ အိပ်နိုင်မှာ မဟုတ်ဘူး။ အင်းဝ (တံတား) ဘက် သွားရဦးမယ်လေ၊ ကျွန်တော့်ကိစ္စရှိတယ်။ တံတားဦးက အသိဘုန်းကြီးကျောင်းမှာပဲ အိပ်ကြရအောင်လေ၊ ညစာကိုတော့ တံတားဦးမြို့ထဲမှာ စားကြတာပေါ့။ မြန်မာထမင်း ကောင်းပါတယ်"

"အေး.. အဲဒီအစီအစဉ်လည်း ကောင်းပါတယ်။ တံတားဦးက နို့မလိုင်လက်ဖက်ရည်ကတော့ အလွန်ကောင်းပဲဟေ့၊ ငါသောက်ဖူးတယ်"

ပုဏ္ဏား..

"အဲဒါဆို ဆရာတို့ ကျောက်ဆည်ဈေးရှေ့က မြောင်းကြီးဘေးက ရွှေကုက္ကိုလက်ဖက်ရည်ဆိုင်မှာ ကားရပ်ပြီး လက်ဖက်ရည်သောက်ရင်း စောင့်ကြပါ။ ကျွန်တော်နဲ့ကျော်ကြီး ဈေးထဲဝင်ပြီး ဒုန်း၊ ငှက်ပျော၊ အမွှေးတိုင်၊ ဖယောင်းတိုင်နဲ့ လိုအပ်တာလေးတွေ ဝယ်လိုက်ဦးမယ်"

ကျွန်ုပ် ကားလေးအား ဈေးရှေ့ ရေနီမြောင်းအနီးရှိ လက်ဖက်





ရည်ဆိုင်ရှေ့ ကုက္ကိုပင်ကြီးအောက်သို့ ရွှေ့လိုက်သည်။ ကျွန်ုပ်နှင့်မြင့်သိန်း လက်ဖက်ရည်သောက်နေကြစဉ် ပုဏ္ဏားနှင့်ကျော်ကြီးတို့ ဈေးထဲဝင်သွားကြသည်။ နွားနို့ထွက်သော အရပ်ဒေသဖြစ်၍ ကျောက်ဆည်လက်ဖက်ရည်လည်း ကောင်းပါသည်။ ရေနီမြောင်းအတွင်းမှ ရေနီကို ကျိုချက်ထားခြင်းကြောင့်လား မသိ။ လက်ဖက်ရည်အရောင်မှာ သာမန်ထက် နီရဲနေပြီး လေးလေးပင်ပင်ရှိလှသည်။ ရေနီမြောင်းအတွင်း၌ ကလေး၊ လူကြီး၊ မိန်းမများ ရေချိုးနေကြသည်။

နာရီဝက်ခန့်အကြာတွင် ပုဏ္ဏားနှင့်ကျော်ကြီး ငှက်ပျောပွဲ ဒုန်းပွဲနှင့် အထုပ်ကြီးနှစ်ထုပ်ထမ်း၍ ပြန်လာကြသည်။

ကျွန်ုပ်..

"ပုဏ္ဏားရေ.. များလှချည်လားကွ။ အထုပ်ထဲက ဘာတွေတုံးကွ"

ပုဏ္ဏား..

"ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နဲ့ ငါးခြောက်တွေဆရာ။ တည်းခိုမယ့်ဘုန်းကြီးကျောင်းမှာ လှူဖို့ပါ"

"သာဓုပါကွာ.. သာဓု.. သာဓု၊ မင်းက သတိရတယ်။ ငါတို့က မေ့နေကြတာ၊ လှူတော့တန်းတော့လည်း လုပ်ငန်းအောင်မြင်တာပေါ့ကွာ။ ကဲ.. သွားကြစို့၊ နေ့လယ် (၁) နာရီထိုးတော့မယ်"

ကျွန်ုပ်တို့ တံတားဦးဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ထမ်းကျဦးသော်လည်း ကတ္တရာလမ်းမှာ ချောမွေ့နေသည်။ ကြောင်ပန်းကုန်းရွာကလေးကိုဖြတ်တော့ ငယ်စဉ် အ,သုံးလုံးဆရာဘဝက လုပ်အားပေးခဲ့သည့် ဒုန်းလက်ကောက်ရွာကလေးနှင့် နဒီရွာကြီးအား အမှတ်ရမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လမ်းရေလျှံနေ၍ မဝင်တော့။

မိုးဦးကျဖြစ်၍ အနီးရှိ ပန်းလောင်မြစ်မှ တောင်ကျရေများဆင်းလာသဖြင့် ရွာဝင်လမ်းများအား ရေလျှံတော့သည်။

မကြာပါ။ ။ နာရီဝက်ခန့်နှင့် တံတားမြို့ဦးသို့ ဝင်သည်။ အချိန်ရသေးသဖြင့် မယ်နုအုတ်ကျောင်းနှင့် ရွှေကျောင်းကြီးအား ဝင်လေ့လာ၍ ညနေစောင်းမှ တည်းခိုမည့် တောဓိကျောင်းသို့ ရောက်သည်။

ဘုန်းတော်ကြီး။ ။

"ဒကာဗိန္ဒောဆရာကြီးပါလား။ လာကြ။ ။ လာကြ။ ။ ဧည့်သည်တွေလည်း ပါတာကိုး။ ဒကာကြီးပေါ်မလာတာ ကြာပြီနော်။ လေးငါးနှစ်ရှိပြီ ထင်ပါရဲ့။ ဘာအလုပ်တွေ များနေလို့တုံး ဒကာကြီးရဲ့"

ပုဏ္ဏားတင်ဦး။ ။

"တပည့်တော် ခရီးလွန်နေလို့ပါဘုရား။ ဒီက ဒကာတွေကတော့ တပည့်တော်မိတ်ဆွေတွေပါဘုရား။ အရှင်ဘုရားကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တွေ၊ ငါးခြောက်တွေ လှူပါတယ်ဘုရား။ တပည့်တော်တို့ ည ဒီကျောင်းမှာ တစ်ညတည်းခိုပါရစေဘုရား"

"လွတ်လွတ်လပ်လပ် ကြိုက်သလိုတည်းခိုနိုင်ပါတယ် ဒကာကြီး။ ဒီကျောင်းမှာ ရေမိုးလည်း ပေါပါတယ်၊ ချက်ပြုတ်စားချင်ရင်တော့ ကပ္ပိယကြီးဦးသီးနဲ့ တိုင်ပင်ပြီး လုပ်ကြပါ"

"မလိုအပ်ပါဘူးဘုရား။ တပည့်တော်တို့ အပြင်ဆိုင်မှာပဲ စားကြမှာပါ"

"အိမ်း။ ။ အိမ်း။ ။ ကောင်းပါပြီ။ ။ ကောင်းပါပြီ။ ။"

ကျွန်ုပ်တို့အဖွဲ့ လိုအပ်သည့်ပစ္စည်းများအား ကားပေါ်မှချပြီး





ဘုန်းကြီးကျောင်းရေတွင်း၌ တစ်လှည့်စီရေငင်၍ တစ်ဝချိုးကြသည်။ ရေတွင်းရေမှာ အေးစိမ့်နေသဖြင့် လူကိုလန်းဆန်းစေသည်။ ညနေစောင်းတွင် အင်းဝဘုရားများဘက် သွား၍ဖူးမြော်ပြီးနောက် သူနိုးကြီးတောက်ပြား၏ အနက်ရောင်သစ်စေးသုတ်ထားသော မရှိခဏဘုရားအား ဖူးမြော်ကြပြီး ဘုရားပရဝဏ်အတွင်း သန့်ရှင်းရေးလုပ်ကြသည်။ ပရဝဏ်အတွင်း သန့်ရှင်းနေသည်။

ပုဏ္ဏားတင်ဦး၏အစီအရင်မှာ လမွန်းတည့်ချိန် ညဥ့် (၁၂) နာရီမှ လုပ်ရမည်ဖြစ်၍ အချိန်စောနေသောကြောင့် တံတားဦးမြို့အတွင်း လမ်းလျှောက်ရင်း သန့်ပြန့်သောမြန်မာထမင်းဆိုင်တစ်ဆိုင်တွင် ဝင်၍စားကြသည်။

ရောဝတီမြစ်ကမ်းဘေးဖြစ်၍ ကြက်၊ ဝက်၊ ဆိတ်သားဟင်းအပြင် ငလောင်မ[illegible]သည်။ အညာငရုတ်သီးထောင်းကြော်နှင့် ပဲကြီးနှပ်၊ ခွေးတောက်ရွက်ဟင်းချို တမာချဉ်အတို့အမြှုပ်ပါရသဖြင့် ခရီးပန်းလာသော ကျွန်ုပ်တို့အဖွဲ့ ထမင်းမြိန်ကြပြန်သည်။ ညဥ့်သန်းခေါင်တွင် ပုဏ္ဏားတင်ဦး၏ သိဒ္ဓိတင်ပွဲအစီအရင်ရှိသဖြင့် ယနေ့ညဥ့် မည်သူမျှ အရက်မသောက်ကြပါ။ အရက်သောက်ရန်ပင် မေ့နေသည်ဟု ဆိုရပေမည်။

ထမင်းစားသောက်ကြပြီးနောက် ဘုန်းတော်ကြီးကျောင်းသို့ ပြန်ကြပြီး ဆရာတော်နှင့် အာလာပသလ္လာပပြောပြီးနောက် ဘုရားဝတ်ပြုပုတီးစိပ်ကြသည်။ ပြီးနောက် ငါးပါးသီလခံယူကြသည်။ ည (၁၀) နာရီခန့်တွင် အုန်းပွဲ၊ ငှက်ပျောပွဲနှင့် အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် လိုအပ်သောပစ္စည်းများယူ၍ မရှိခဏဘုရားဘက်သို့ ထွက်ခဲ့ကြသည်။ တောမြို့ဖြစ်၍ ည (၁၀) နာရီခန့်တွင် မြို့မှာ လူသွားလူလာပြတ်သွားသည်။ မီးအလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်မှာလည်း ကျိုးတိုးကျဲတဲသာ။ ဘုရားဘက်တွင် လုံးဝမှောင်မည်းနေသည်။ ကျွန်ုပ်တို့အဖွဲ့ လက်နှိပ်ဓာတ်မီးများနှင့် ဘုရားဝင်းအတွင်းသို့ ဝင်ခဲ့ကြသည်။

တော်ပါသေးသည်။ မိုးဦးကာလဖြစ်သော်လည်း တိမ်ကင်းစင်နေသဖြင့် တစ်ခြမ်းပဲ့လကလေး၏ အလင်းရောင်မှုန်ပျပျကလေးတော့ ရှိနေပါသည်။ ဘုရားမှာ အနက်ရောင်သစ်စေးသုတ်ထားသဖြင့် လရောင်အောက်တွင် တောက်ပခြင်းမရှိ။ မှုန်မည်းမည်းနှင့် ဆိတ်ငြိမ်လှသည်။

ပုဏ္ဏားတင်ဦးက အနောက်ဘက်မုခ်ဝတွင် ကန်တော့ပွဲများအား ပြင်ဆင်နေသည်။ ကန်တော့ပွဲများရှေ့တွင် ဖယောင်းတိုင်နှင့် အမွှေးတိုင်များအား သူ၏သက်စေ့ပူဇော်နိုင်ရန် ကျွန်ုပ်တို့က ပြင်ဆင်ပေးရသည်။ ပြီးနောက် ဘုန်းကြီးကျောင်းမှ ငှားလာသည့် ကြာ[illegible]လပ်ပေါ်တွင် သူ၏အဆောင်လက်ဖွဲ့များအားတင်၍ နှံသာဆီများ[illegible]သည်။ သူလုပ်ကိုင်သည်များကို အသေအချာစစ်ဆေးပြီးနောက် ကျွန်ုပ်တို့လုပ်ဆောင်ထားသည့် ဖယောင်းတိုင်၊ အမွှေးတိုင်များအား စစ်ဆေးသည်။ သူမကြိုက်သည်များကို ဖယ်ရှား၍ အသစ်ပြန်စိုက်သည်။

"ဆရာတို့ နာရီကြည့်ထားကြပါ။ ညဥ့် (၁၁း၄၅) နာရီတိတိမှာ ရှင်အရဟံဘုရားရှိခိုးနဲ့ ဘုရားကို တညီတညာတည်း ရှိခိုးမယ်။ ပြီးတော့ မေတ္တာသုတ်ရွတ်မယ်။ ပြီးတော့ မေတ္တာပို့မယ်။ သူနိုးကြီးတောက်ပြားကို ဦးတည်ပြီး မေတ္တာပို့မယ်။ ကျွန်တော်တိုင်ပေးပါ့မယ်။ လမွန်းတည့်ချိန် ညဥ့် (၁၂) နာရီတိတိအချိန်မှာတော့ ရပ်ပြီး အားလုံး သက်သက်သာသာ ထိုင်ကြပါ။ ကျွန်တော်ဆက်လုပ်ပါ့မယ်။ စကားမပြောပါနဲ့။ ဆေးလိပ်မသောက်ပါနဲ့။ နာရီဝက်လောက်အချိန်လေးမှာ ငြိမ်ပေးပါ။ ည (၁၂း၃၀)





နာရီတိတိအချိန်မှာ အစီအရင်အားလုံး ပြီးပါ့မယ်။ ပြီးရင် ကျွန်တော်ဆိုသလို လိုက်ဆိုပေးကြပါ"

ညဥ့် (၁၁း၄၅) နာရီတွင် ကျွန်ုပ်တို့ ရှင်အရဟံဘုရားရှိခိုးဖြင့် မရှိခဏဘုရားအား တညီတညာတည်းပူဇော်ကြသည်။ ပြီးနောက် မေတ္တာသုတ် ရွတ်ဖတ်ပူဇော်၏။ ထို့နောက် ပုဏ္ဏားတင်ဦးတိုင်ပေးသည့်အတိုင်း မေတ္တာပို့ကြသည်။ ပြီးသော် ကျွန်ုပ်တို့အား အနားပေးပြီး လမွန်းတည့်ချိန် ည (၁၂) နာရီထိုးသည်နှင့် ပုဏ္ဏားတင်ဦးတစ်ဦးတည်း ပူဇော်တော့သည်။ ပထမ ဂုဏ်တော်ကိုးပါးအား ရွတ်ဖတ်ပူဇော်သည်။ ဒုတိယ အနန္တောအနန္တ ငါးပါးအား ဦးခိုက်ပူဇော်သည်။ တတိယ ဂါထာတော်များအား ဥုံခံမန်း၍ ပူဇော်သည်။ ညဥ့်သန်းခေါင် [illegible]ဟ်ဆိတ်မှောင်မည်းနေသော မရှိခဏဘုရားရင်ပြင်တော်ပေါ်တွင် ပုဏ္ဏားတင်ဦး၏ 'ဥုံ' ဟူသော အသံကြီးက ကျယ်လောင်ချောက်ချားစွာ ပေါ်ထွက်လာသဖြင့် ကျွန်ုပ်တို့ ကျောပင်စိမ့်မိသည်။ ညဥ့် (၁၂း၃၀) နာရီတိတိတွင် ပုဏ္ဏားတင်ဦး၏ 'ဥုံ' သံရပ်သွားပြီး လေပြည်လေညင်းကလေးတိုက်လာသဖြင့် ဘုရားထီးတော်ပေါ်မှ ချိတ်ဆွဲထားသော ခေါင်းလောင်းကလေးများ၏ လွင်ခတ်သံတချွင်ချွင်ကို ကြားရသည်။

"ချလွင်. . ချလွင်. . ချလွင်. . လွင်. . လွင်. ."

ထိုစဥ်တွင် ပုဏ္ဏားတင်ဦးက အချက်ပြ၍ 'အောင်ပြီ. . အောင်ပြီ. . အောင်ပြီ. .' ဟုအော်ရာ ကျွန်ုပ်တို့ကလည်း လိုက်၍ သုံးကြိမ်အော်ရာ. .

"အောင်ပြီ. . အောင်ပြီ. . အောင်ပြီ. ."

ဘုရားရင်ပြင်တော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေရာမှ ဒုံတင်



www.burmeseclassic.com

www.burmeseclassic.com



ဟယ်ပြီး ဆူညံ၍သွားပါတော့သည်။

ပွဲပြီးပြီဖြစ်၍ ကျော်ကြီးနှင့် သူ့ခိုးမြင့်သိန်းက ကန်တော့ပွဲများအား သိမ်းဆည်းရန်ပြုရာ ပုဏ္ဏားတင်ဦးက တားရှ်..

“ကိုကျော်နဲ့ ကိုမြင့်သိန်းတို့.. မသိမ်းပါနဲ့။ ဒီအတိုင်း ထားခဲ့ပါ။ သက်ဆိုင်သူ စွန့်ပါလိမ့်မယ်။ ကျွန်တော်တို့ကိစ္စ ပြီးပြီပဲ။ ကျွန်တော့် အဆောင်တွေ သိမ်းပြီး ပြန်ကြမယ်”

ကျွန်ုပ်တို့ ဘုန်းကြီးကျောင်းပြန်ရောက်တော့ ညဦး (၁) နာရီထိုးပြီ။ ကပ္ပိယကြီးက မီးထွန်းပြီး တံခါးဖွင့်ပေးသည်။ ကျွန်ုပ်တို့ ခြေလက်ဆေး၊ မျက်နှာသစ်ပြီး အိပ်ရာဝင်ခဲ့ကြတော့သည်။

ညဥ့်က နှစ်ခြိုက်စွာအိပ်ပျော်ခဲ့သဖြင့် မနက် (၆) နာရီထိုးမှ တစ်ရေးနိုးတော့သည်။ နှစ်ထပ်ကျောင်းကြီးဖြစ်၍ အပေါ်ထပ်တွင် သံဃာတော်များ၏ အရုဏ်ဆွမ်းနှင့်ဘုရားဝတ်ပြုခြင်းကို ကျွန်ုပ်တို့မမီတော့ပါ။ အိပ်ရာထ၊ မျက်နှာသစ်၊ ခြေလက်ဆေးပြီး ကျောင်းကြီးပေါ်တက်၍ ဘုရားဝတ်ပြုကြသည်။ ပြီးနောက် ဆရာတော်ကြီးအား နှုတ်ဆက်ကန်တော့၍ ကျွန်ုပ်တို့အဖွဲ့ ခရီးဆက်ခဲ့ကြတော့သည်။

ဤတစ်ခါတော့ ကျော်ကြီးက ကားမောင်းသည်။ ကျွန်ုပ်တို့အဖွဲ့တွင် ကားမမောင်းတတ်သည်မှာ ပုဏ္ဏားတင်ဦးတစ်ယောက်သာ ရှိသည်။ ကျွန်ုပ်တို့ မနက်စာကို ပဲပြုတ်၊ နံပြားနှင့် မလိုင်လက်ဖက်ရည် သောက်ကြသည်။ လက်ဖက်ရည်မှာ ကျောက်ဆည်ထက် ကောင်းသည်။ နွားနို့အစ သာစစ်စစ်ဖြင့် သောက်ရသဖြင့် အလွန်ကျေနပ် သဘောကျမိသည်။

မန္တလေးမြို့ရောက်တော့ မနက် (၉) နာရီကျော်ခန့်သာ ရှိသေးသည်။ ကျွန်ုပ်တို့ ပုဏ္ဏားစုမှ တင်ဦးအိမ်သို့ သွားကြသည်။ အမိုးနိမ့်နိမ့်နှင့်





တိုက်အိမ်ကြီးဖြစ်သော်လည်း အိုမင်းလှပြီ။ ကျွန်ုပ်တို့ ဧည့်ခန်းတွင်ထိုင်စောင့်နေကြစဉ် ပုဏ္ဏားတင်ဦး အလုပ်ရှုပ်တော့သည်။ လက်ဖက်ခြောက်ကောင်းကောင်းနှင့် ရေနွေးကြမ်းကျကျကို ရှမ်းကရားအိုးနှင့် ယူလာသည်။

အမြည်းမှာတော့ မြေပဲဆံလှော်နှင့် ထန်းလျက်ခဲဖြစ်သည်။

ပုဏ္ဏားတင်ဦး..

“ဆရာတို့ သုံးဆောင်ကြပါ။ အိမ်မှာတော့ ဒါပဲရှိတယ်”

ကျွန်ုပ်..

“မင်းလုပ်စရာရှိတာ လုပ်ပါ။ ငါတို့ စောင့်နေပါ့မယ်”

ပုဏ္ဏားတင်ဦး..

“ညီနဲ့ ညီမကို မှာစရာရှိတာမှာပြီး ပစ္စည်းယူ၊ ခရီးထွက်ရုံပါပဲ။ ဒါနဲ့ ဆရာတို့ကို ပစ္စည်းပြရဦးမယ်လေ”

သူ့အခန်းထဲဝင်၍ သော့ဖွင့်သံအဆင့်ဆင့်ကို ကြားရသည်။ ထို့နောက် ရွှေရေးကွပ်ထားသော ရှေးဟောင်းယွန်းသေတ္တာလေးတစ်ခုကို ယူလာသည်။ သော့ခလောက်လေးမှာလည်း ရွှေရောင်ဖြစ်သည်။ ကျွန်ုပ်တို့ရှေ့တွင်ပင် ရွှေရောင်သော့ကလေးဖြင့် ဖွင့်သည်။ အဖုံးပွင့်သွားတော့ အထဲတွင် အံဖုံးတစ်ခုပေါ်လာသည်။ ဟသ်ာပြဒါးရောင်အဖုံးတွင် သော့ပေါက်ပါသဖြင့် ဒုတိယသော့ကလေးဖြင့်ဖွင့်ပြီး အဖုံးလှန်လိုက်ရာ ဖြူဖွေးနေသော ဂွမ်းစိုင်အား နီရဲသောအရောင်ဆိုးထားသကဲ့သို့ မြင်ရသည်။ သက်နှင့်နှိုက်၍ ယူလိုက်ရာ ခိုသွေးရောင် တောကြက်ဥအရွယ် ပတ္တမြားကြီး ထွက်လာသည်။

“ဆရာ.. ဒါ.. ကုန်းဘောင်ခေတ်က မောက်ပတ္တမြားကြီးနဲ့ ညီအစ်ကိုပဲ။ မိုးကုတ်ကျပ်ပြင်ရွာက ရတာလို့ သိရတယ်။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ဆွေစဉ်မျိုးဆက်ပစ္စည်းပါ။ နိုးဝှက်ထားတာ မဟုတ်ပါဘူး။ ဆွေစဉ်မျိုးဆက် တစ်ခုလုံး မရောင်းခဲ့ပါဘူး။ အခု ကျွန်တော့်မှာ မိဘတွေလည်း မရှိတော့ဘူး။ ဒီအိမ်မှာလည်း ညီတစ်ယောက်နဲ့ ညီမတစ်ယောက်ပဲ ရှိတော့တယ်။ ကျွန်တော်တို့မောင်နှမတွေက အမျိုး လူမျိုးတွေဆိုတော့ သားစဉ်မြေးဆက်လည်း မရှိပါဘူး။ ဒါကြောင့် ဒီအချိန်မှာ ရောင်းချပြီး ခွဲဝေယူဖို့ ဆုံးဖြတ်ကြတာပါ။ ညီနဲ့ ညီမကလည်း ရိုးဖြောင့်သူတွေဆိုတော့ ကျွန်တော်ကပဲ အစ်ကိုကြီး အဖအရာက ရောင်းချပြီး ခွဲဝေပေးရမှာပါ။ အကျိုးဆောင်သူတွေအတွက် ထိုက်ထိုက်တန်တန်ပေးဖို့ကိုလည်း သူတို့သဘောတူပါတယ်။

အခု ဒီသတင်းက ဘယ်ကနေဘယ်လို ပေါက်ကြားတယ် မသိဘူး။ အဖွဲ့အချို့ လိုက်နေကြကြောင်း သိရတယ်ဆရာ။ အဲဒါကြောင့် မြန်မြန်ရောင်းဖို့ စီစဉ်ရတာပါ။ ဦးခွန်လှိုင်ကိုလည်း ပစ္စည်းအစစ် မပြရသေးပါဘူး။ ဓာတ်ပုံကိုသာပြပြီး ဈေးဆိုင်ထားတာပါ''

ကျွန်ုပ်ကိုင်ကြည့်ရာ ချောမွတ်ပြီး အေးစက်သောအထိအတွေ့ကို ခံစားရသည်။ အသင့်ပါလာသော မျက်နှာသုတ်ပဝါအဖြူပေါ်သို့တင်၍ လှမ်းကြည့်ရာ ပြတင်းပေါက်မှဝင်လာသောအလင်းရောင်တန်းမှာ ပတ္တမြားကြီးအား ဖောက်ထွင်း၍ မျက်နှာသုတ်ပဝါပေါ်သို့ ပန်းရောင်အသွေးဖြန့်ကျက်ပြီး ရဲရဲနီသွားတော့သည်။

ကျွန်ုပ်ဝန်ခံရမည်ဆိုလျှင် ဤမျှအရည်အသွေးကောင်းမွန်ပြီး ဤမျှကြီးမားသော လုံးချောပတ္တမြားကို မတွေ့မမြင်ဖူးခဲ့ပါ။ ပတ္တမြားအကြောင်း အနည်းငယ်သာသိသဖြင့် တန်ဖိုးလည်း မခန့်မှန်းတတ်ပါ။ သိန်းတစ်ထောင်ဟူသောတန်ဖိုးသည် ဤခေတ်ဤအခါတွင် များသည်ဟု



မဆိုနိုင်ပါ။ ကိုယ့်နိုင်ငံထွက်ပစ္စည်းဖြစ်၍ ကြားထဲက နှမြောမိပါသည်။ သို့သော် နိုင်ငံခြားသားကိုရောင်းခြင်းမဟုတ်ဘဲ တိုင်းရင်းသားချင်း ရောင်းချခြင်းဖြစ်၍ ကန့်ကွက်ရန်တော့ မရှိပါ။ ကန့်ကွက်ရန်လည်း ကျွန်ုပ်တွင် လုပ်ပိုင်ခွင့်မရှိပါ။ သူတို့ဘိုးဘွားစဉ်ဆက် မိသားစုပိုင် ရတနာပစ္စည်းဖြစ်၍ သူတို့သဘောအတိုင်းပင်ဖြစ်သည်။

သူနိုးမြင့်သိန်း..

''ပတ္တမြားဆိုတာ နတ်ကြီးတယ်။ အစောင့်အရှောက်ရှိတတ်တယ်။ ဒီပတ္တမြားကြီးကို ဘယ်လိုနာမည်ပေးထားသလဲ''

ပုဏ္ဏားတင်ဦး..

''မောက်ပတ္တမြားကြီးက အိပ်ကြက်ဥအရွယ်အစားရှိတယ်။ ဒီပတ္တမြားက တောကြက်ဥအရွယ်အစားဆိုတော့ နည်းနည်းသေးတယ်။ ဒါကြောင့် ဒီပတ္တမြားကို မောက်မိဖုရားလို့ နာမည်ပေးထားတယ်။ ဆရာတို့ သေသေချာချာကြည့်ကြပါ။ ထိပ်တစ်ဖက်မှာ ချိုင့်ကလေးဖြစ်နေတယ်''

ဟုတ်ပါသည်။ ပုဏ္ဏားတင်ဦးယူလာပေးသော မှန်ဘီလူးကလေးဖြင့် ကျွန်ုပ်ကြည့်ရှုရာ သဘာဝဖြစ်ပေါ်နေသော တွင်းချိုင့်ကလေးကို ကျွန်ုပ်တွေ့ရသည်။ လက်နှင့်စမ်းကြည့်တော့ မသိသာလှပါ။ ပတ္တမြားမှာ အပြစ်အနာအဆာ မပါပါ။ ပကတိ လုံးချောဖြစ်သည်။ 'ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်' ဟူသော ဆုံးဖြတ်ရလျှင် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိပေလိမ့်မည်။

ကျော်ကြီး..

''ပတ္တမြားကြီးရင် နိုက်တတ်တယ်လို့ အယူရှိကြတယ်။ ကိုတင်



www.burmeseclassic.com

www.burmeseclassic.com



ဦးတို့ ဘိုးစဉ်ဘောင်ဆက်ရော ဘာဖြစ်ကြသေးသလဲ"

"ဟုတ်ကဲ့ . ပြောပါ့မယ်။ အဘေးက သီပေါဘုရင်လက်ထက်က အခါတော်ပေး ပုဏ္ဏားပါ။ မင်းဆရာပုဏ္ဏားရဲ့ တပည့်ပါ။ အိမ်ထောင်ကျတော့ မိုးကုတ် ကျပ်ပြင်ရွာက ပုဏ္ဏေးမနဲ့ ရတယ်။ သူတို့က တွင်းစားမျိုးရိုးတွေ။ အဘေးက မင်းမှုထမ်းဆိုတော့ စနစ်တကျနဲ့ ကြပ်ကြပ်မတ်မတ်လုပ်ကိုင်လို့ ဒီပတ္တမြားကြီးကို ရခဲ့တာ။ ပတ္တမြားက ကြီးပြီး အရည်အသွေးကောင်းလွန်းလို့ သူတို့မရောင်းရဲတာနဲ့ အဘေးကို အပ်တယ်။ အဲဒီအချိန်မှာ မောက်ပတ္တမြားကြီးရဲ့ အရှိန်အဝါနဲ့ ကျော်စောသတင်းက မန္တလေးနန်းတွင်းမှာ ရိုက်ခတ်နေဆဲမို့ အဘေးကလည်း အရောင်းအဝယ်မလုပ်ရဲ၊ ဘုရင်ကိုလည်း မအပ်ချင်တာနဲ့ လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့တယ်။

ပြောရဦးမယ်ဆိုရင်တော့ အဲဒီပတ္တမြားကြီးတူးတုန်းက တွင်းပြိုလို့ တွင်းတူးသမားသုံးဦးစလုံး သေဆုံးခဲ့တယ်။ အလောင်းတွေဖော်ထုတ်ရင်း ဒီပတ္တမြားကြီးကို အဘေးက ရခဲ့တာ။

အထက်ကဆိုခဲ့သလို အဘေးက မင်းမှုထမ်းဆိုတော့ ဒီကိစ္စကို ရေငုံနှုတ်ပိတ် လုပ်ခဲ့တာ။ ရပ်ရွာကလည်း သာမန်ဖြစ်ရိုးဖြစ်စဉ်လောက်ပဲ သိခဲ့တာ။ ဒါကြောင့် ဒီပတ္တမြားကြီး နာမည်မထွက်အောင် ဖုံးဖိထားနိုင်ခဲ့ကြတာပေါ့။ ဒါပေမဲ့ ပုပ်ရင်ပေါ်၊ ဟုတ်ရင်ကျော်ဆိုတဲ့ စကားပုံအတိုင်း တဖြည်းဖြည်း လူတွေသိလာကြပြီး နန်းတွင်းကပါ သိသွားခဲ့တယ်။ ဒါကြောင့် အဘေးကိုဖမ်းဆီးပြီး စစ်ဆေးနေတုန်း အဘေးဇနီးက ရုပ်ဖျက်၊ ပတ္တမြားကြီးကို သယ်ဆောင်ပြီး နန်းတွင်းက ထွက်ပြေးရတယ်။ မိဘတွေရှိရာ မိုးကုတ် ကျပ်ပြင်ရွာကို ထွက်ပြေးမယ်စီစဉ်တုန်း အကြံရတာနဲ့





ကျွက်နဖားတောင်ခြေက ရှမ်းရွာကြီးမှာ ခြေရာဖျောက်ပြီး ပုန်းအောင်းနေခဲ့တယ်။ စစ်မေးမရလို့ အဘေးလည်း နန်းတွင်းကြေးတိုက်မှာ အသတ်ခံရှာတယ်။ ဇနီးဖြစ်သူကတော့ အနွယ်တော်တွေနေတဲ့ ရှမ်းရွာကြီးမှာ တစ်သက်လုံး ပုန်းအောင်းနေခဲ့ရတယ်။

အဲဒီမှာ ပြောဖို့တစ်ချက်ကျန်ခဲ့တာက အဘေးတို့မှာ သားတစ်ယောက်ရှိခဲ့လို့ ရှမ်းရွာကြီးကို အတူပါလာတာပဲ။ ကျွန်တော်တို့ရဲ့အဘိုးဖြစ်လာမယ့်သူပေါ့။ အဘိုးအရွယ်ရောက်တော့ အဘေးရဲ့သွေး ပါလာတာမို့ ဗေဒင်ဟောတယ်။ နိမိတ်ဖတ်တယ်။ ကောက်ပဲသီးနှံ အရောင်းအဝယ်လုပ်တယ်။

အရောင်းအဝယ်သမားဆိုတော့ မန္တလေးမြို့ပေါ်ကို အသွားအလာရှိတာမို့ တောမှာမနေလိုတဲ့ မြို့မှာ ပျော်လာတယ်။ အဲဒီမှာ ပုဏ္ဏားနဲ့ တ ပုဏ္ဏေးမနဲ့ ရပြန်ပြီး ဒီအိမ်ကြီးကို ပြောင်းလာကြတာ။ ခေတ်ကလည်း ပြောင်းပြီလေ။ သီပေါမင်းပါတော်မူပြီး အင်္ဂလိပ်ခေတ်ကို ရောက်နေပြီဆိုတော့ အလျင်ကအဖြစ်အပျက်တွေ ပျောက်ကွယ်ကုန်ပြီပေါ့။ ဒီအိမ်ကြီးမှာပဲ အဘိုးရဲ့မိခင် ဝမ်းရောဂါနဲ့ဆုံးတယ်။

အဘိုးက ကျွန်တော်တို့အဖေကို တစ်ဦးတည်းသောသားအဖြစ် မွေးပြန်တယ်။ အဖေ (၁၅) နှစ်သား လူပျိုပေါက်အရွယ်မှာ အဘိုး ကျောက်ရောဂါနဲ့ ဆုံးပါးပြန်တယ်။ အဖေအရွယ်ရောက်လာတော့ (၈၄) လမ်းက တိန္နျူအမျိုးသမီးနဲ့ အိမ်ထောင်ကျပြီး ကျွန်တော်နဲ့ ညီ၊ ညီမတစ်ယောက်ကို မွေးတယ်။

ကျွန်တော်တို့မောင်နှမက အမေ့ဘက်လိုက်ပြီး အသားအရေ ညိုတယ်။ အဖေနဲ့အမေလည်း ပတ္တမြားကြီးက နိုက်တယ်လို့ပဲ ဆိုရမှာ

www.burmeseclassic.com



ယေ့၊ အမေက ကုန်တင်ကားတိုက်ပြီး ဆုံးတယ်။ အမေက ကျောက်ဆည်အမျိုးတွေဆီကအပြန် မန္တလေးဘူတာကြီးမှာ ရထားကြိတ်ပြီး ဆုံးရှာတာ။ အမေနဲ့အမေ ဆုံးပါးတာ ခြောက်လလောက်ပဲကွာတယ်။ သူတို့က ဒီပတ္တမြားကြီး ခိုက်မှန်းသိလို့ ရောင်းချင်ပေမယ့် အရောင်းအဝယ်ဆိုင်လိုက်တိုင်း အန္တရာယ်ဖြစ်တတ်လွန်းလို့ မရောင်းဖြစ်ခဲ့ကြဘူး။ သေသာသွားကြရော။ အကျိုးအမြတ် မခံစားခဲ့ရဘူးပေါ့ဗျာ"

ကျွန်ုပ်..

"ဒါနဲ့ ကျန်ခဲ့တဲ့ မင်းတို့မောင်နှမတွေရော ဘာမှမဖြစ်ကြဘူးလား"

"ဖြစ်သပေါ့ ဆရာရယ်။ ကျွန်တော်ကတော့ အဆောင်ကောင်းလို့၊ အစွမ်းအစရှိလို့ မခံရပေမယ့် ညီလေးက စက်ဘီးတိုက်လို့ ခြေထောက်ကျိုးသွားတယ်။ ညီမလေးက ချော်လဲပြီး လက်ကျိုးသွားတယ်။ အဲဒါ ဆေးရုံတင်ပေမယ့် နဂိုမူလအတိုင်း ပြန်မကောင်းတော့လို့ ရှက်တာနဲ့ ဆရာတို့ကို ထွက်မတွေ့တာပါ။ သူတို့က ဒီပတ္တမြားကြီးကို အမြန်ဆုံးရောင်းစေချင်ကြတယ်။ အဲဒါကြောင့် ကျွန်တော်လည်း ကိုယ်ခံစွမ်းအားကောင်းအောင် ကျွန်တော့်အဆောင်လက်ဖွဲ့တွေကို မရှိခဏဘုရားမှာ သိဒ္ဓိတင်ခဲ့တာပါ"

ကျွန်ုပ်..

"ဩော်.. အဲဒီလိုကိုး။ အခုမှ သဘောပေါက်တော့တယ်။ ငါတို့က သူစိမ်းတွေမှ မဟုတ်ဘဲကွာ။ လူရင်းတွေပဲ။ ထွက်တွေ့လည်း ကိစ္စမရှိပါဘူး။ ငါတို့က အားပေးမှာပါ။ အေး.. အေး.. အဲဒါဆိုရင်တော့ အကြောင်းစုံသိရပြီဖြစ်လို့ ဒီမောက်မိပုရား ပတ္တမြားကြီးကို အမြန်ဆုံး





အရောင်းအဝယ်ဖြစ်အောင် ကြိုးစားရတော့မှာပေါ့ကွာ"

သူခိုးမြင့်သိန်း..

"ကဲ.. ဆရာတို့ စကားကောင်းနေတာနဲ့ နေ့လယ် (၁၂) နာရီ ထိုးပြီ။ နီးစပ်ရာ ဆိုင်တစ်ဆိုင်ဆိုင် သွားစားကြရအောင်"

ကျွန်ုပ်..

"ဩော်.. ဟုတ်သားပဲ။ ကဲ.. သွားကြရအောင်။ တစ်ခါတည်း ထွက်မှာလား။ ပြန်ဝင်ကြဦးမှာလား"

ပုဏ္ဏားတင်ဦး..

"ဆရာ.. မျက်ခြည်ပြတ်အောင် တစ်ခါတည်းထွက်မှ ဖြစ်မယ်။ ကျွန်တော်က ဒီအိမ်ကို ခြေရာဖျောက်ထားတာ။ ရန်ကုန်နဲ့ ပဲခူးမှာပဲ အနေများတာလည်း ပါတာပေါ့လေ"

ကျွန်ုပ်တို့ ပုဏ္ဏားတင်ဦးအိမ်မှ ထွက်ခဲ့ကြသည်။ မြို့လယ်နာရီစင်အနီးရှိ ချစ်တီးဆိုင်လေးတွင် နေ့လယ်စာ စားကြသည်။ တရုတ်တန်းမှ ဆိုင်ကောင်းကောင်းတွင် စားလိုသော်လည်း ပုဏ္ဏားတင်ဦးအားငဲ့၍ မစားကြပါ။ နေ့လယ်စာစားပြီး ပြင်ဦးလွင်သို့ ဆက်ထွက်ခဲ့ကြသည်။ မန္တလေးမြို့မှအထွက် အောင်ပင်လယ်အား ကျော်ပြီးနောက် ကျောက်မီးတာဆုံသို့ရောက်တော့ ခေတ္တနား၍ လက်ဖက်ရည်သောက်ကြသည်။ နွားနို့ထွက်သော ရွာကြီးများနှင့် နီးသဖြင့် မလိုင်လက်ဖက်ရည်မှာ လွန်စွာကောင်းမွန်သည်။

ရှမ်းပြည်နယ်တောင်ခြေရင်းဖြစ်၍ လက်ဖက်ခြောက်မှာလည်း အလွန်ကောင်းသည်။ ကျွန်ုပ် မလိုင်လက်ဖက်ရည်အား အရသာခံသောက်ရင်း ဒေသထွက်အကြော်မျိုးစုံအား ပူပူနွေးနွေးစားရင်း ဆည်ကော်ကြီးမှ

www.burmeseclassic.com



လာသည့် ရေပေးမြောင်းကြီးနှင့် သစ်ပင်တန်းအား၊ ဗေးမောရင်၊ အ,သုံးလုံး လုပ်အားပေးစဉ်က ဆုံခဲ့ရသည့် ရှမ်းရွာကြီးမှ မမကြီးကို လွမ်းဆွတ်သတိရနေမိသည်။

သူလည်း ရွှေစာရံစေတီအလှူရှင် စောမွန်လှ၏ အနွယ်တော် ဖြစ်ပေသည်။ မမကြီးနှင့် ကျွန်တော် ဤလက်ဖက်ရည်ဆိုင်လေးတွင် ထိုင်ခဲ့ကြသည်ကိုလည်း မှတ်မိ၊ သတိရမိပြန်သည်။ မြောင်းဘောင်လမ်း သစ်ပင်ရိပ်အတိုင်း မမြင်နိုင်သော တံတားရှည်ရွာ၊ မိုင်လေးဆယ်ရွာ၊ ရှမ်းရွာကြီးနှင့် ရေပုပ်ရွာကြီးများအား မှန်းဆ၊ တမ်းတရင်း လွမ်းမောစွာ ငေးနေမိတော့သည်။

ထိုစဉ်တွင် ဆလွန်းကားဖြူလေးတစ်စီးရောက်လာပြီး ကတ္တရာလမ်းမှ မြောင်းဘောင် မြေလမ်းထိပ်သို့ ချိုးကွေ့ဝင်ရောက်ပြီး ရပ်သွားသည်။ ကားထဲမှ အမျိုးသမီးနှစ်ဦး ခေါင်းဆန်းတံခါးအား တစ်ဖက်စီဖွင့်၍ ဆင်းလာကြသည်။ ခြေထောက်ကိုမြင်သည့်နှင့် မန္တလေးမြို့သူများဖြစ်ကြကြောင်း သိသာပါသည်။ ရွှေခြေကျင်းကိုယ်စီနှင့် ဖြစ်သည်။ နှစ်ဦးစလုံး အစိမ်းရောင်ဇာအင်္ကျီကိုယ်စီ ဝတ်ဆင်ထားကြပြီး အကြီးမက အစိမ်းရောင် ဇာပဝါလေးအား ခြုံထားပြီး ကြွက်နဖားတောင်ကြီးနှင့် မြောင်းဘောင်လမ်းအား ငေးကြည့်နေသည်။

အချိန်အတော်ကြာတော့ ကျွန်ုပ်တို့ထိုင်နေရာ လက်ဖက်ရည်ဆိုင်ဘက်သို့ လျှောက်လာကြသည်။ မျက်နှာချင်းဆိုင်တွေ့မှ ကျွန်ုပ် အသေအချာကြည့်ရာ မမကြီးဖြစ်နေသည်။ သူကလည်း ကျွန်ုပ်ကို ကြည့်နေပြီး..

"မောင်မောင်မဟုတ်လားဟင်"



"ဟုတ်ပါတယ်။ ဒေါ်မမကြီးလိမ်ညာခံခဲ့ရတဲ့ အ,သုံးလုံးကျောင်းဆရာလေး မောင်မောင်ပါ"

"ဪ.. မောင်မောင်ရယ်"

သူမက ညည်းညူသလို လေသံတိုးတိုးဖြင့် လေးတွဲ့စွာပြောရင်း ကျွန်ုပ်စီစဉ်ပေးသောထိုင်ခုံများတွင် ဝင်ထိုင်ကြသည်။ အငယ်မမှာ မမကြီးနှင့် အတော်တူသည်။ အသက် (၂၀) ခန့်သာ ရှိပေလိမ့်မည်။ မမကြီးမှာ အသက် (၅၀) ခန့်ဖြစ်သော်လည်း အရွယ်က မကျ။ ယော်ရုပ်က မပြောင်းလဲ၊ ရင့်ကျက်တည်ငြိမ်သောအသွင် ဆောင်နေသည်။ မမကြီးထံမှ ဆိတ်ငြိမ်မှုကို ဖောက်ထွင်းပြီး စကားသံထွက်ပေါ်လာသည်။

"မောင်မောင်.. ဘယ်သွားမလို့လဲဟင်။ အခုရော ဘယ်မှာနေသလဲ၊ ဘာတွေလုပ်နေသလဲဟင်"

"ပြင်ဦးလွင်ကို သွားမှာပါ။ ရန်ကုန်မှာပဲ နေပါတယ်။ အကျဉ်းဌာနမှာ ထောင်မှူးကြီးလုပ်ခဲ့ပြီး အခုထွက်လိုက်ပါပြီ။ သတိရလွန်းလို့ ဒီနေရာကလေးရောက်တာနဲ့ အလွမ်းပြေ ငေးနေမိတာပါ"

ဒုတိယအကြိမ် မမကြီးနှုတ်ဖျားမှ ညည်းညူသံ ထွက်လာပြန်သည်။

"ဪ.. မောင်မောင်ရယ်"

မမကြီးက ဆက်၍ပြောလာသည်။

"မောင်မောင် မမကြီးကို အထင်လွဲသွားသလားဟင်။ ဟိုတုန်းက မောင်မောင် မမကြီးကို ဒီကျောက်မီးတာဆုံရွာအထိ စက်ဘီးနဲ့လိုက်ပို့ပြီး မမကြီး မန္တလေးကို ထွက်ခဲ့တယ်လေ၊ မန္တလေးမှာ ရွှေစာရံစေတီအတွက် ရွှေသင်္ကန်းကပ်လှူဖို့ စီစဉ်ပေးပြီး မမကြီးမှာပါသွားတဲ့ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ အရောင်းအဝယ်လုပ်ရင်း လူဆိုးတွေရဲ့အဖမ်းကို ခံရတယ်။ ဘယ်လိုမှ အဆက်အသွယ်မလုပ်နိုင်ခဲ့တော့ဘူး။

ခြောက်လလောက်ကြာမှ ပြန်လွတ်တယ်။ အဲဒီအချိန်မှာ မောင်မောင်က ရန်ကုန်ပြန်သွားပြီလေ။ မမကြီးလည်း ရှမ်းရွာကြီးမှာ မနေရဲတော့တာနဲ့ မန္တလေးအိမ်ကို ပြောင်းနေခဲ့တယ်။ အဲဒီမှာ ကျောက်အရောင်းအဝယ်လုပ်ရင်း အသိမိတ်ဆွေတွေစပ်ပေးတာနဲ့ အနွယ်တော်ဦးခင်နောင်နဲ့ အိမ်ထောင်ကျတယ်။ ဒါက သမီးလေး ယွန်းပွင့်စံ၊ မျိုးနွယ်စုနာမည်ကတော့ ယွန်းရတနာဒေဝီလို့ခေါ်တယ်''

ယွန်းပွင့်စံ . .

''ဟုတ်ကဲ့ရှင့် . . ။ ယွန်းလို့ပဲ ခေါ်နိုင်ပါတယ်ရှင့်''

ထိုအချိန်တွင် ကျွန်တော်မေ့နေသော ပုဏ္ဏားတင်ဦး၊ ကျော်ကြီးနှင့် သူနိုးမြင့်သိန်းတို့မှာ ကျွန်ုပ်တို့အားတအံ့တသြကြည့်နေကြပြီး နားစွင့်နေကြသည်။ ကျွန်ုပ်က အလိုက်တသိပင် မိတ်ဆက်ပေးရတော့သည်။

''မမကြီး . . ဒါက ကျွန်တော့်မိတ်ဆွေတွေပါ။ သူက ကိုမြင့်သိန်း၊ သူက ကျော်ကြီး။ သူကတော့ ကိုတင်ဦးပါ။ ကျွန်တော်တို့အဖွဲ့ ပြင်ဦးလွင်ကို သွားကြမှာပါ''

အားလုံး . .

''ဟုတ်ကဲ့ . . ။ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား''

မမကြီး . .

''ဟုတ်ကဲ့ရှင့် . . ။ ဝမ်းသာပါတယ်''

ယွန်းပွင့်စံကတော့ ပြုံးရုံကလေး ပြုံးပြသည်။ အမေတူဖြစ်၍ ချောမောလှပပြီး အရပ်အမောင်းကောင်းခြင်းကတော့ အဖေနှင့် တူပုံရ





သည်။ ရှမ်းမျိုးနွယ်များဖြစ်၍ အသားအရေမှာ ပန်းနုရောင်အဆင်းရှိသည်။

''မောင်မောင်တို့က ပြင်ဦးလွင်မြို့ထဲမှာ တည်းမှာလား။ မမတို့ကတော့ အနီးစခန်းရွာကို သွားကြမှာပါ။ အဲဒီမှာ မိုးမခစံအိမ်ကြီး ရှိတယ်လေ။ ခုနစ်ဆောင်ပြိုင်အိမ်ကြီးဆိုတော့ အကျယ်ကြီးပါ။ မောင်မောင်တို့ အချိန်ရရင် တစ်ညလောက်ဝင်တည်းပါလား။ မမတို့မတ်တော်မောင်ဦးခင်လှိုင်က သဘောကောင်းပါတယ်။ အခုလည်း ပတ္တမြားအရောင်းအဝယ်လုပ်ဖို့ ကျောက်မျက်ရတနာနားလည်တဲ့ မမကို လှမ်းခေါ်လို့ သွားကြရမှာပါ''

''ဩော် . . လမ်းတူနေပြီပဲ။ ကျွန်တော်တို့လည်း မိုးမခစံအိမ်ကြီးမှာတည်းပြီး ဦးခင်လှိုင်နဲ့ တွေ့ဖို့ပါပဲ''

''ဩော် . . ဩော် . . သဘောပေါက်ပါပြီ။ မောင်မောင်တို့က အရောင်းဘက်က ထင်ပါတယ်။ စိတ်ချပေရော့ မောင်မောင်ရေ၊ အရောင်းအဝယ်ဖြစ်အောင် မမလုပ်ပေးမယ်''

တိုက်ဆိုင်မှုပဲ ထင်ပါသည်။ မမျှော်လင့်ဘဲ မမကြီးနှင့်ဆုံရပြီး ကျောက်အရောင်းအဝယ်ကိစ္စနှင့်လည်း ဆက်နွယ်ပတ်သက်နေပြန်သည်။

ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ကြပြီးနောက် ခရီးဆက်ရန် ပြင်ဆင်ကြရာ . .

မမကြီးက . .

''မောင်မောင် . . မမတို့ကားနဲ့ လိုက်ခဲ့ပါလား။ တစ်ခရီးတည်းပဲ၊ စကားပြောရင်း သွားကြတာပေါ့''

''အဲဒါဆို ကျွန်တော်မောင်းမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"မမောင်းနဲ့ မောင်မောင်။ လာ.. နောက်မှာ လာထိုင်။ သမီးက ဒီလမ်းခရီးကို ကျွမ်းတယ်။ တောင်တက်လမ်းဖြစ်လို့ ကျွမ်းကျင်ပြီးသွားနေကျမှ အဆင်ပြေတယ်။ မောင်မောင်နားပါ"

ကျွန်ုပ်တို့ကားကိုတော့ သူ့ဒိုးမြင့်သိန်းက မောင်းသည်။ ကျော်ကြီးက ကျွန်ုပ်အား ရယ်ကျဲကျဲလုပ်ပြသည်။ ပုလ္လွားတင်ဦးက လက်မထောင်ပြသည်။ သူ့ခိုးမြင့်သိန်းကတော့ အောင်ပြင်မှုအထိမ်းအမှတ်အဖြစ်ခေါင်းညိတ်ပြသည်။

ကျွန်ုပ်တို့စီးသော Super Saloon ကားဖြူကလေးက ရှေ့ကဖြစ်သည်။ ယွန်းပွင့်စံက ကျွမ်းကျင်စွာမောင်းနှင်နိုင်သည်။ သူ့ခိုးမြင့်သိန်းတို့ကားက နောက်က ကပ်လိုက်လာသည်။

မပကြီး..

"မောင်မောင့်အကြောင်းကို သမီးလေးကို ပြောပြထားလို့ သိနေပါတယ်။ ဒီခရီးကိုသွားတိုင်း ယွန်းက ကျောက်မီးရှာတာဆုံမှာ ရပ်ပေးနေကျ။ မမကလည်း ဆင်းပြီး ရွှေစာရံဘုရားကို ရည်မှန်းပြီး ရှိခိုးတယ်။ ရှမ်းရွာကြီးကို မျှော်မှန်းပြီး မောင်မောင်နဲ့ ရွာသူရွာသားတွေကို မေတ္တာပို့တယ်။ ပြီးတော့ ကြွက်နဖားတောင်ကြီးကို လှမ်းမျှော်ကြည့်မိတော့တာပဲ။ သမီး ယွန်းရေ..။ ဘုရားဝင်မယ်နော်။ နောက်ကားသိအောင် ညာဘက်ကို အချက်ပြ။ မမက ဒီဘက်လာတိုင်း ရွှေစာရံဘုရားကို ဝင်နေကျကွယ့်"

"ကောင်းပါတယ် မမ။ ကျွန်တော်လည်း မရောက်တာကြာလို့ ရွှေစာရံဘုရားကို ဖူးချင်ပါတယ်။ မမနဲ့အတူ ဖူးရတော့ မသိတာတွေကို မေးနိုင်တာပေါ့"

ကျွန်ုပ်တို့ ဘုရားဝင်းထဲရောက်တော့ ကျွန်ုပ်က ဖိနပ်ချွတ်ပြီးဆင်းရန်အပြင်တွင်..





"မောင်မောင်.. ဖိနပ်စီးပါ။ ဘုရားက တောဘုရားဆိုတော့ ဆူးတွေ၊ ခဲတွေနဲ့။ ဘုရားခြေရင်း တန်ဆောင်းဝရောက်မှ ဖိနပ်ချွတ်ပါ"

နောက်က ကားလည်း ကပ်ပါလာသဖြင့် မြင့်သိန်းတို့အုပ်စု ဆင်းလာကြသည်။ ဘုရားမှာ ရွှေပိန်းချထားသဖြင့် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှသည်။ ကျွန်ုပ်တို့ တစ်ပတ်လှည့်ပူဇော်ပြီး အရှေ့ဘက်တန်ဆောင်းတွင် ထိုင်၍ဝတ်ပြုကြသည်။ မမကြီးက အသင့်ပါလာသော ဆွန်း၊ ဆီမီး၊ အမွှေးတိုင်များနှင့် ပူဇော်သည်။ ပြီးနောက် မမကြီးက..

"မောင်မောင်.. ဒီဘုရားက တစ်ဝဂ္ဂဘုရားနော်။ သတိထားမိသလား။ အရင်က မုခ်ပေါက်က အနောက်ဘက် (ပုဂံဘက်) လှည့်ထားရာက အဘွားစောမွန်လှက ရှမ်းပြည်ဘက် (အရှေ့ဘက်) ကို မြတဘက်နဲ့ ဆွဲလှည့်ခဲ့တယ်လို့ အဆိုရှိတယ်။ အဘွားရဲ့နားတွေ့ာင်းတွေကိုလည်း ဒီဘုရားမှာ ပူဇော်ထားတယ်။ ဘုရားအနောက်ဘက်မှာ နားတွေ့ာင်းကျချောင်းရှိတယ်။ တောင်ဘက်မှာ ဒုဋ္ဌာဝတီမြစ်ရှိတယ်။ ဒီဘုရားနေရာဒေသကမြေက ဒုဋ္ဌာဝတီမြစ်နဲ့ နားတွေ့ာင်းကျချောင်းဆုံရာ ကြက်လျှာစွန်းနေရာကလေးပဲ။ အနောက်တောင်ဘက်မှာ ကြွက်နဖားတောင်ကြီး ရှိတယ်မောင်မောင်"

"ဟုတ်ကဲ့ မမ..။ အခုလိုရှင်းပြလို့ ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်တို့ ပြန်ခဲ့ကြသည်။ ညနေစောင်းပြီဖြစ်၍လည်းကောင်း၊ တောင်တက်ခရီးဖြစ်လာ၍လည်းကောင်း တဖြည်းဖြည်း အေးလာသည်။ (၂၁) မိုင်ခရီးကို ကျော်သည်နှင့် စိမ့်အေးလာသည်။

မကြာပါ..။



www.burmeseclassic.com

www.burmeseclassic.com



အနီးစခန်းရွာသို့ရောက်ပြီး လက်ဝဲဘက်သို့ ချိုးဝင်ရသည်။ ရွာလမ်းဆုံးသည်နှင့် မိုးမခခြံဝသို့ ရောက်သည်။

ခြံဝတွင် တံခါးအနီကြီးကို ပိတ်ထားသည်။ တံခါးကြီးမှာ ထုထည်ကြီးမားသော သံပန်းတံခါးကြီးဖြစ်သည်။ တံခါးကြီးအနောက်ဘက်တွင် မိုးမခပင်ချွန်ချွန်များအား လမ်းဘေးဝဲယာတွင် စိုက်ထားပြီး အနီရောင်ခုနစ်ဆောင်ပြိုင်အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားစွာ မားမားကြီးရပ်တည်နေသည်။ ဝင်နေကျကား ဖြစ်၍ထင့်၊ တစ်ကိုယ်လုံး အင်းကွက်များထိုးထားသော လူကြီးတစ်ယောက်က အကျီကျွတ်ကြီးဖြင့် တံခါးကိုဖွင့်ပေးသည်။

"မမကြီးတို့ပါလား။ ဝင်ပါ..ဝင်ပါ.."

ယွန်းပွင့်စံ..

"ဦးစိုင်း..နောက်က ကားကလည်း ကျွန်မတို့ညီသည်ကားနော်"

"အေးပါ..အေးပါ..။ ဦးသိပါတယ်၊ ဝင်ပါခင်ဗျာ.. ဝင်ပါ"

"ကြိုဆိုပါတယ်ခင်ဗျား"

☆☆☆

# (အခန်း-၂)

မြေနီလမ်းကလေးအတိုင်း ကျွန်ုပ်တို့ကားမောင်းဝင်လာကြရာ ...ဘေးဝဲယာ၌ ပန်းမြို့တော်ဖြစ်သည်နှင့်အညီ ဒေလီယာပန်း၊ သစ္စာ... ဖော်မွှားနှင့် ဒေစီပန်းရောင်စုံများအား စိုက်ပျိုးထားသည်မှာ အုတ်နီ...ချောင်တိုက်ကြီးနှင့် ပန်ရလှသည်။ ခုနစ်ဆောင်အိမ်ကြီး၏ မျက်နှာစာ၌ ...(IVY) ခေါ် သစ်ကပ်နွယ်ပင်များအား စိုက်ထားရာ အင်္ဂတေနံရံ...အပ်၍ တစ်မျိုးလှပနေသည်။ အနီရောင်အုတ်နံရံအား အစိမ်းရောင် ...တပ်ပင်များနှင့် အလှဆင်ထားခြင်းဖြစ်သည်။ ကာသံကြား၍ထင့်၊ ...အတွင်းမှ အိမ်ဖော်များထွက်လာပြီး တံခါးဖွင့်၍ ကြိုဆိုကြသည်။

"မမကြီးရောက်လာပြီ။ သခင်ကြီးက နေ့လယ်ကတည်းက ...နေတာ"

"အေးကွယ်..။ မမကြီးအလုပ်များနေလို့ပါ။ နောက်က ညီ...တွေပစ္စည်းကိုလည်း နေရာချပေးလိုက်ကြ၊ ဦးခင်လှိုင်က အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လား။ အပေါ်ညည့်ခန်းမှာလား"

"အပေါ်ညည့်ခန်းမှာ မမကြီး။ ညည့်သည်တော်များလည်း အပေါ်ညည့်ခန်းကို ကြွပါရှင်။ သခင်ကြီး မျှော်နေပါတယ်"

ကျွန်ုပ်တို့ပစ္စည်းများအား ကားထဲမှထုတ်ပေးပြီး ကျွန်ုပ်တို့ကြွလမ်းအတိုင်းဝင်၍ ကျယ်ဝန်းကြီးမားလှသော နှစ်ဆင့်လှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အင်္ဂလိပ်ခေတ်က အဆောက်အဦကြီး ဖြစ်ပုံရသည်။ အဆောင်တိုင်းတွင် အပေါ်တက်သည့် လှေကားကြီးများ ရှိသည့်အပြင် အပေါ်ထပ်တွင်လည်း တစ်ဆောင်နှင့်တစ်ဆောင် ကူးသော အဆောင်ကူးလှေကားများရှိသည်။ ခုနစ်ဆောင်ပြိုင်အိမ်ကြီး၏ အလယ်ဆောင်တွင် ဦးခင်လှိုင်နေပုံရသည်။ အဆောင်တိုင်းတွင် ညည့်ခန်းကျယ်ကြီးများနှင့် အိပ်ခန်းများ၊ ရေချိုးခန်းနှင့် အိမ်သာခန်းများ ရှိသည်။ ရှေးဟောင်းအဆောက်အဦဖြစ်သော်လည်း ခေတ်မီနိုင်ခဲ့ သပ်ရပ်လှသည်။

အပေါ်ညည့်ခန်းဝတွင် ခန့်ညားမွန်ရည်သောလူတစ်ဦး ထွက်လာပြီး ကျွန်ုပ်တို့အား ကြိုဆိုသည်။ ဦးခင်လှိုင်ဖြစ်ပုံရသည်။

"ကိုတင်ဦးတို့.. ကြွကြွပါ။ ကျွန်တော် နေ့လယ်ကတည်းက မျှော်နေတာပါ။ လမ်းမှာ မမကြီးနဲ့ ဆုံလာကြတယ်ထင်ပါရဲ့"

ပုဏ္ဏားတင်ဦး..

"ဟုတ်ပါရဲ့ဗျာ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျွန်တော်တို့ဆရာနဲ့ မမကြီးက အသိမိတ်ဆွေတွေ ဖြစ်နေတယ်။ အဲ.. မိတ်ဆက်ပေးဦးမယ်။ ဒါက ဦးခင်လှိုင်၊ ဒါက ကျွန်တော်တို့ဆရာ ဦးသိန်းဝင်း။ ဒါကတော့ ကျွန်တော့်အပေါင်းအသင်း ကိုမြင့်သိန်းနဲ့ ကိုကျော်ကြီးပါ။ စိတ်ချယုံကြည်ရတဲ့ အပေါင်းအသင်းတွေပါ"





ကျွန်ုပ်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။

"ဝမ်းသာပါရဲ့ဗျာ။ အခုလို မိတ်ဆွေကောင်းတွေနဲ့ ကြုံရတာဆိုလာပါပဲ။ အမောပြေ အအေးတစ်ခုခုတော့ သောက်ကြပါဦး။ ပြီးတော့မှ ရေမိုးချိုးပြီး ဝိုင်းထိုင်ရင်း စကားပြောကြတာပေါ့။ ပြင်ဦးလွင်က ရာသီဥတုက အေးတော့ ညဘက်ရေချိုးရင်တော့ ရေနွေးလေးနဲ့ စပ်ချိုးပါ။ သူတို့စီစဉ်ပေးပါလိမ့်မယ်။ ကဲ.. ထိုင်ပြီး အမောအပန်းဖြေကြပါဦးခင်ဗျား"

ကျွန်ုပ်တို့ အမောဖြေထိုင်ကြစဉ် ဒေသထွက်စတော်ဘယ်ရီနှင့် နို့မျှော်ရည်များ ရောက်လာသည်။ လတ်ဆတ်၍ ထင်ပါသည်။ အရသာရှိလှသည်။ ခဏအတွင်း အမောပြေသွားကြသည်။

"မမကြီးနဲ့ အတူရောက်လာတော့ အဆင်ပြေတာပေါ့ဗျာ။ မမကြီးက ရတနာပစ္စည်းမျိုးစုံကို ကျွမ်းတယ်။ Expert ပေါ့ဗျာ"

"မြှောက်မနေနဲ့ ခင်လှိုင်ရေ။ ရာဖြတ်ခ ဘယ်လောက်ပေးမှာလဲ"

"ထုံးစံအတိုင်း ကျွန်တော့်ဘက်ကရော၊ ကိုမြင့်သိန်းတို့ဘက်ကပါ ပေးမှာပါ"

"ဒီတစ်ခါတော့ မမကြီး နှစ်ဖက်စလုံးက မယူပါဘူး။ ဦးသိန်းဝင်းကို မမကြီး အကြွေးပေးစရာတွေ ရှိနေတယ်။ ရတဲ့ရာဖြတ်ခနဲ့ ကျေပါ့မလားတောင် မသိပါဘူးရှင်"

ကျွန်ုပ်..

"မဟုတ်တာပဲ မမကြီးရယ်။ မမအလုပ်ကို မမလုပ်ပါ။ အရင်ကဟာတွေ မေ့လိုက်ပါတော့နော်"

"မေ့လို့မရပါဘူး။ အကြွေးက အကြွေးပေါ့။ မမကြီးရာဖြတ်



www.burmeseclassic.com

www.burmeseclassic.com



တာကို နားလည်မှုပေးကြပါ''

ပုဏ္ဏားတင်ဦး..

''အလုပ်သဘောအရ ကျွန်တော်ပြောပါရစေ။ အရောင်းအဝ… ကာယကံရှင်နှစ်ဦးက ကျွန်တော်နဲ့ ဦးခင်လှိုင်ပါ။ ဒီပွဲမှာ မမကြီး… ဆုံးဖြတ်ပေးရမှာပါ။ ပညာရှင်အဆင့်ပါ။ အဲဒါကြောင့် ထုံးစံအတိုင်း… ယူပါ။ မမကြီးလက်ထဲရောက်မှ ကြိုက်သလိုဆုံးဖြတ်ပါ။ ပေးချင်တဲ့သူ… ပေးပါ''

ဦးခင်လှိုင်..

''အဲဒါ သဘာဝကျပါတယ် မမကြီး။ ရာဖြတ်ခ နှစ်ရာခိုင်နှုန်း… နှစ်ဖက်စလုံးက ပေးမှာဆိုတော့ လေးရာခိုင်နှုန်းတောင်။ မနည်းပါဘူ… ကဲ.. ပြောနေ ကြာပါတယ်။ ပစ္စည်းကြည့်ရအောင်ဗျာ''

မမကြီးက သူ၏စလင်းဘက်အိတ်ထဲမှ ကျောက်စစ်ကိရိယာ… လေးများကို နှိုက်နေစဉ် ပုဏ္ဏားတင်ဦးက သူ့ချိုင်းအောက် စလွယ်သိုင်း… အိတ်ထဲတွင် ဆောင်ယူလာသော သားရေအိတ်ထဲမှ အဝတ်အိတ်ရှုံ့… ကို ထုတ်ပေးသည်။ ပြတင်းမှ အလင်းရောင်ကြောင့် အိတ်ဖြူကလေး… ပတ္တမြားအရည်များ လျှံကျ၍ ပန်းဆီရောင်ပြေးနေသည်။

မမကြီး..

''ပတ္တမြားစစ်မစစ်ကတော့ ပြောစရာမလိုတော့ပါဘူး။ အနာ… အဆာ ပါ,မပါဘဲ စစ်ရတော့မှာပါ''

ပြောရင်းဆိုရင်း ပတ္တမြားကြီးအား အိတ်ဖြူကလေးထဲမှထုတ်၍ ကိုင်ကြည့်ပြီး အလွန်သဘောကျသောအမူအရာဖြင့်..

''အရည်အသွေးကောင်းသလို ပထမတန်းစား ကျောက်ပါ…



မြန်မာပြည်မှာ နှစ်ခုတောင် မရှိနိုင်ပါဘူး''

ကျောက်ကြည့်မီးလေးပေါ်သို့ တင်ကြည့်ခြင်း၊ မှန်ဘီလူးအမျိုးမျိုးနှင့်ကြည့်ခြင်း၊ ဘက်ထရီအားသုံး ကျောက်စစ်ကိရိယာပေါ်သို့ တင်ကြည့်ရင်း..

''အနာအဆာတောင် မရှိပါဘူး။ တကယ့်လုံးချောပါပဲ၊ ကျွန်မရဲ့ ကျောက်သမိုင်းမှာ ဒီလိုအရည်အသွေးကောင်းပြီး ကြီးမားတာ ဒီတစ်ခါပဲ တွေ့ဖူးတာကို ဝန်ခံပါတယ်။ ကျောက်က အေးစက်နေပြီး အမယ်.. အမယ်.. ဒီအောက်ဘက်မှာ အချိုင့်လေးနဲ့ပါလား။ ဒါကြောင့် ငဖောက်မိဖုရား ပတ္တမြားကြီးလို့ခေါ်တာ ထင်ပါရဲ့။ ရောင်းမယ့်ဈေးက သိန်းတစ်ထောင်နော်''

ပုဏ္ဏားတင်ဦး..

''ဟုတ်ပါတယ်ခင်ဗျာ။ သိန်းတစ်ထောင်ရမှ ရောင်းမှာပါ''

ပုဏ္ဏားတင်ဦးက ကြိုက်မှန်းသိ၍ အပေါ်စီးက ပြောသည်။ ထိုအချိန်တွင် ဦးခင်လှိုင်က..

''မမကြီး.. ကျွန်တော့် တစ်လှည့်ပြပါဦး''

ဟု တောင်း၍ကြည့်ပြီးနောက်..

''ကျွန်တော်ကြိုက်တယ်ဗျာ။ မမကြီး.. ဘယ်လိုလဲ''

''ပြောတဲ့ဈေးအတိုင်း ဝယ်လိုက်ပါ။ မဆစ်ပါနဲ့တော့။ အလွန်ရခဲပါတယ်။ ခင်လှိုင်ပြန်ရောင်းလို့ ရှုံးတယ်ဆိုရင် မမကြီးမှာရှိတဲ့ စည်းစိမ်ဥစ္စာအားလုံး အလျော်ပေးမယ်''

''မမကြီးအာမခံနေမှတော့ ဝယ်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော့်မှာ အခုလောလောဆယ် သိန်းငါးရာလောက်ပဲရှိတယ်။ နှစ်ရက်သုံးရက်စောင့်

www.burmeseclassic.com



မှ အပြည့်အဝရလိမ့်မယ်။ ဒီမှာအနားယူရင်း စောင့်ကြပေါ့ဗျာ။ ဖြစ်တယ် မဟုတ်လား ကိုတင်ဦး"

"ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော့်ဆရာနဲ့ အမဲလိုက်ရင်း စောင့်ကြတာပေါ့"

"ဪ.. ဦးသိန်းဝင်းက Army ထွက်လား"

"မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ထောင်မှူးကြီးက ထွက်တာပါ။ တောထဲ၊ တောင်ထဲမှာ နှစ်နဲ့ချီပြီး နေခဲ့ရတာမို့ အမဲလိုက်ဝါသနာပါတာပါ"

"ကောင်းပါရဲ့ဗျာ။ ကျွန်တော်လည်း အမဲလိုက်အလွန်ဝါသနာပါတာ။ ဟိုနံရံမှာ ချိတ်ထားတဲ့ တိရစ္ဆာန်ခေါင်းတွေက ကျွန်တော်ပစ်ထားတဲ့အထဲက တချို့ပါ။ မြန်မာပြည်ထဲမှာ ကျွန်တော်မရောက်ဖူးသေးတာ ကချင်ပြည်နယ်ဘက်ပဲ ရှိတော့တယ်"

ကျွန်ုပ်..

"ကျွန်တော်က နောက်ဆုံးတာဝန်ထမ်းဆောင်လာတာ ကချင်ပြည်နယ် ဆွမ်ပရာဘွမ်တောပါ။ အဲဒီမှာတော့ တောဝက်၊ ဝက်ဝံနဲ့ မျောက်တွေလောက်ပဲ ပေါ်ပါတယ်"

ဦးခင်လှိုင်..

"တောင်ဆိတ်တို့၊ တာကင် (သားမင်း) တို့၊ ကတိုးကောင်တို့ မပေါ်ဘူးလားဗျ"

"အဲဒီအကောင်တွေက မြန်မာပြည်မြောက်ဖွန်းပိုင်း ရေခဲတောင်တွေပေါ်မှာမှ ရတာ။ ကျွန်တော်တာဝန်ကျခဲ့တဲ့ ဆွမ်ပရာဘွမ်ဒေသကတော့ သစ်တောကြီးထူလို့ မြန်မာပြည်အောက်ပိုင်းက ကောင်တွေလောက်





ပဲ ပေါ်တယ်ဗျာ"

"ဆင်တွေ၊ ပြောင်တွေရော ရှိသလားဗျ"

"ဆင်ပဲ တွေ့မိတယ်။ ပြောင်တော့ မတွေ့မိဘူး။ ဆတ်တောင်ရှားတယ်။ တောဝက်ကတော့ အပေါဆုံးပဲဗျာ။ အုပ်လိုက်တွေ့နေရတယ်"

"ဒီပြင်ဦးလွင်တောမှာလည်း တောဝက်နဲ့ ချေ၊ ဆတ်ပဲ ရှိတာဗျ။ ပြောင်တွေ၊ စိုင်တွေတောင် မတွေ့ရတော့ဘူး။ အရင်တုန်းကတော့ ရှိတယ်ဗျာ။ ဟိုမှာ ပြောင်ခေါင်းစိမ်းတစ်ကောင်တောင် ကျွန်တော်ရဖူးတယ်"

ဟုတ်ပါသည်။ ကျောက်စိမ်းရောင်ပေါက်နေသော ချိုကားကြီးနှင့် ပြောင်ချိုကြီးအား နံရံတွင်ချိတ်ဆွဲထားပြီး မျက်စိပေါက်နေရာတွင် အရည်ကောင်းသော ကျောက်စိမ်းနှစ်လုံးအား မြှုပ်နှံထားသဖြင့် ကျွန်ုပ်တို့အား ပြူးကြည့်နေသည့်ပုံ ပေါက်နေသည်။ အခြားခေါင်းများကတော့ သမင်၊ ဒရယ်နှင့် ဆတ်ချိုများဖြစ်သည်။ ရတနာကုန်သည်ဖြစ်၍ တောကောင်ခေါင်း မျက်စိပေါက်များနေရာတွင် အရည်ကောင်းသောကျောက်များအား မြှုပ်နှံထားသဖြင့် အသက်ဝင်လှသည်။

"ကဲဗျာ..။ အရောင်းအဝယ်အောင်မြင်တဲ့ အထိမ်းအမှတ်အနေနဲ့ ဧည့်ခံပွဲလေးတစ်ခု လုပ်ရအောင်။ ကျွန်တော် အသင့်စီစဉ်ထားပါတယ်။ ကဲ.. ဆရာတို့ ရေချိုး၊ အဝတ်အစားလဲပြီး ဝိုင်းစရအောင်။ အခုမှ ညနေ (၆) နာရီရှိပါသေးတယ်။ (၆း၃၀) နာရီမှာ ဒီဧည့်ခန်းမှာပဲ ဆုံကြမယ်ဗျာ။ ကဲ.. ရော့.. ကိုတင်ဦးရေ၊ ပတ္တမြားကြီး ပြန်ယူထားပါ။ ငွေမချေရသေးတော့ ကျွန်တော်ယူမထားချင်ဘူး"

ပုဏ္ဏားတင်ဦးက ပတ္တမြားကြီးအားယူ၍ ၎င်း၏ချိုင်းအောက်



www.burmeseclassic.com

www.burmeseclassic.com



သားအေးအိတ်လေးထဲ ပြန်သိမ်းထားလိုက်သည်။ ကျွန်ုပ်တို့အား ပေးထားသည့်အိပ်ခန်းများသို့ဝင်၍ အဝတ်အစားလဲကြပြီး တစ်လှည့်စီရေချိုးကြသည်။ ရေချိုးလိုက်တော့ လူမှာ လန်းဆန်းသွားသည်။ ည (၆း၃၀) နာရီတွင် ညှိခန်းကျယ်ကြီး၌ဆုံကြရာ နိုင်ငံခြားအရက်အမျိုးမျိုးနှင့် အမြည်းများအား စားပွဲရှည်ကြီးပေါ်တွင် အသင့်ပြင်ဆင်ထားသည်ကို တွေ့ရသည်။ ဦးခင်လှိုင်နှင့် မမကြီးက အသင့်စောင့်ဆိုင်းကြိုဆိုကြသည်။

"ဆရာတို့ . လာကြပါ။ ကြိုက်တဲ့နေရာ ထိုင်ကြပါ။ ကြိုက်သလို သုံးဆောင်ကြပါ"

အိမ်ဖော်အမျိုးသားတစ်ဦးက အရက်များအား စပ်၍ ထည့်ပေးသည်။ သမီးဖြစ်သူ ယွန်းမွင့်စံကိုတော့ မတွေ့ရတော့။ အရက်မသောက်တတ်သော ပုဏ္ဏားတင်ဦးအတွက် Coke အချိုရည်ပုလင်းကြီး ချထားပေးသည့်အပြင် သက်သတ်လွတ်ဖြစ်သော အာလူးကြော်နှင့် မြေပဲဆံကြော်များအား ချထားပေးသည်။ ကျွန်ုပ်တို့အတွက်တော့ ချေသားခြောက်ကြော်၊ ဆိတ်သားခြောက်ကြော်နှင့် ဝက်သားခြောက်ကြော်များအပြင် ဒေသထွက်ဟင်းသီးဟင်းရွက်ကြော်များအား ချထားပေးသည်။ လတ်ဆတ်သဖြင့် အလွန်စား၍ကောင်းသည်။

ဦးခင်လှိုင် . .

"ဦးသိန်းဝင်း . . မနက်ဖြန်မနက် တောလည်မလား။ ကျွန်တော့်ဆီမှာတော့ နှစ်လုံးပြူးသေနတ်တွေပဲရှိတယ်၊ ရိုင်ဖယ်မရှိဘူး။ စရိုက်ကျည်နဲ့ ကျည်မ,ကြီးတွေတော့ ပေါပါတယ်"

"ရပါတယ်ဗျာ။ ရှိတာနဲ့ လည်ကြတာပေါ့။ တောက အဝေးသလား"





"မဝေးပါဘူးဗျာ။ ကျွန်တော်တို့ခြံနောက်ပေါက်ကထွက်ပြီး သစ်သီးခြံတွေကျော်တာနဲ့ ရောက်ပါတယ်။ တစ်မိုင်ကျော်လောက်တော့ ဝေးမယ်ထင်တယ်။ မြင်းနဲ့ သွားကြတာပေါ့။ ဦးသိန်းဝင်း မြင်းစီးတတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . စီးတတ်ပါတယ်။ ဒါပေမဲ့ မစီးတာတော့ ကြာပြီဗျ"

"ရပါတယ်။ ကျွန်တော့်မြင်းတွေက လိမ္မာပါတယ်၊ အမဲလည်းလိုက်နေကျပါ။ တခြားလူတွေရော လိုက်ခဲ့ကြပါလား။ မြင်းတွေရှိပါတယ်"

ကျော်ကြီး . .

"မလိုက်တော့ပါဘူးဗျာ။ ကျွန်တော်တို့က မြင်းလည်းမစီးတတ်ဘူး။ သေနတ်လည်း မပစ်တတ်ဘူး။ တောလည်း မလည်ဖူးဘူးဆိုတော့ ဆရာတို့ပစ်လာတဲ့ အကောင်ဗလောင်တွေကိုပဲ ချက်ပြုတ်ပေးပါ့မယ်"

ဦးခင်လှိုင် . .

"ချက်စရာမလိုပါဘူး ကိုကျော်ကြီးရေ။ ကျွန်တော့်မှာ Chief Cook ကောင်းကောင်းရှိပါတယ်။ ကိုနောင်က တရုတ်စာ၊ ယိုးဒယားစာ၊ ကုလားစာ၊ မြန်မာစာ ကောင်းကောင်းချက်တတ်ပါတယ်။ ကြိုက်ရာပြောပါ"

ကျွန်ုပ်တို့ အရက်ဝိုင်းပြီးတော့ ညစာထမင်းဆက်စားကြသည်။ မြန်မာလက်ရာ ဟင်းများဖြစ်သည်။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးဟင်းများအပြင် ဂေါ်ရခါးသီးကြော်၊ ပန်းဂေါ်ဖီကြော်၊ မှိုလာဥကြော်နှင့် ပဲဟင်းချိုဖြစ်သည်။ ငပိရည်နှင့် တို့စရာတော့ မပါပါ။ သို့သော် စားမြိန်ကြသည်။

ထမင်းစားပြီးတော့ လက်ဖက်ရည်အကြမ်ဝိုင်းသိုင်းကြရင်း . .



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်လှိုင်..

"ဦးသိန်းဝင်း..မနက်ဖြန် (၆) နာရီ မနက်စောစော ထွက်ကြတာပေါ့"

"ဟုတ်ကဲ့..ကောင်းပါတယ်။ ကျွန်တော် အသင့်ပြင်ထားပါ့မယ်"

ကျွန်ုပ်တို့ လူစုခွဲ၍ အိပ်ရာဝင်ရန်ပြင်ကြရာ မမကြီးက ကျွန်ုပ်အား မျက်ရိပ်ပြ၍ အိမ်ရှေ့လသာဆောင်သို့ ခေါ်ဆုတ်ခဲ့သည်။ လသာဆောင်မှာ ထိုင်ခုံများတွင် ထိုင်ကြရင်း..

"မောင်မောင်..စားလို့သောက်လို့ အဆင်ပြေရဲ့လား"

အဆင်ပြေပါတယ်မမ။ စားလို့ အလွန်ကောင်းပါတယ်။ ကျွန်တော်က ပြင်ဦးလွင်ကို အလွန်ချစ်တယ်။ ရာသီဥတုအေးချမ်းတဲ့အပြင် ပန်းမြို့တော်လည်းဖြစ်လို့ အလွန်သဘောကျတယ်။ ပြင်ဦးလွင်မှာ မြေကွက်ကလေးတစ်ကွက်လောက် ဝယ်ထားချင်တာ။ အနားယူ၊ အပန်းဖြေဖို့ပေါ့"

"အနားယူ၊ အပန်းဖြေဖို့ဆိုရင်တော့ ဝယ်စရာမလိုပါဘူး မောင်မောင်ရယ်။ ဒီအိမ်ကြီးက မမတို့လည်း ပိုင်ပါတယ်။ မမယောကျ်ား ခင်နောင်က ဆုံးသွားပေမယ့် ခင်လှိုင်နဲ့ခင်နောင် ညီအစ်ကိုနှစ်ယောက်ပဲ ဒီအိမ်ကြီးကို ပိုင်တာပါ။ ဒါကြောင့် ဒီအိမ်ကြီးကို မမတို့လည်း ဆိုင်ပါတယ်။ မောင်မောင်ကြိုက်တဲ့အချိန်လာပြီး ကြိုက်သလောက် နေထိုင်နိုင်ပါတယ်"

"ဪ..မမယောကျ်ားက ဆုံးသွားပြီကိုး။ ဘယ်တုန်းက ဘာရောဂါနဲ့ဆုံးတာလဲ မမ"





"လွန်ခဲ့တဲ့သုံးနှစ်လောက်ကပါ။ ခင်လှိုင်နဲ့ ညီအစ်ကိုနှစ်ယောက် အမဲလိုက်ရင်း ဝက်ပက်လို့ ဆုံးရှာတာပါ။ အလောင်းကိုတော့ သက်ဆိုင်ရာက စစ်ဆေးပြီး ဒီခြံထဲက ဆွေမျိုးစုသင်္ချိုင်းမှာပဲ မြှုပ်ထားတယ်။ ပြောရဦးမယ် မောင်မောင်ရယ်။ မမ ဒီခြံကြီးထဲမှာ ညအိပ်ရင် အိပ်မက်ဆိုးတွေ မက်တတ်လွန်းလို့ ဒီမိုးမခအိမ်ကြီးမှာ ညအိပ်ခဲ့တယ်။ မနက်လာ၊ ညနေပြန်ပဲ။ အခု မောင်မောင်တို့ကိစ္စကြောင့်သာ ညအိပ်ရတာ"

"ဘယ်လိုအိပ်မက်တွေ မက်လို့လဲ မမ"

"မမ ဒီအိမ်ကြီးမှာ ညအိပ်ရင် အိပ်မပျော်တပျော်အချိန်ရောက်တာနဲ့ ခင်နောင်က တံခါးလာခေါက်တော့တာပဲ။ တံခါးဖွင့်လိုက်တာနဲ့ ခင်နောင်ကို သွေးရဲရဲသံရဲရဲ တွေ့ရတတ်တယ်။ နောက်ပြီး သူ မမကို စကားတွေပြောတယ်။ သူ ဝက်ပက်ခံရတာလည်း ဟုတ်တယ်တဲ့။ ဒါပေမဲ့ မသေနိုင်ဘူးတဲ့။ သူ့ကို ခင်လှိုင်က ဓားနဲ့ထိုးတာကြောင့် သူသေရတာတဲ့။ အဲဒီလိုမျိုးအိပ်မက်ကို မမ ဒီအိမ်ကြီးမှာ ညအိပ်တိုင်း မက်တယ်။ တကယ်လိုလို အိပ်မက်လိုလိုပဲ။ မမတော့ ကြောက်တယ်။ သူတို့ညီအစ်ကိုချင်းလည်း အလွန်ချစ်ကြတာ။ ဖြစ်နိုင်မယ်တော့ မထင်ဘူး။ မောင်မောင် ဘယ်လိုမြင်သလဲ"

"ကျွန်တော်တော့ မထင်တတ်သေးဘူး မမ။ အချိန်စောပါသေးတယ်။ လေ့လာစရာတွေလည်း အများကြီး ရှိသေးတယ်။ ခင်လှိုင်နဲ့ ရင်းနှီးအောင်ပေါင်းပြီး အကဲခတ်ကြည့်ရဦးမယ်။ ဒါနဲ့ ဒီက လုပ်ငန်းတွေအတွက် မမတို့ကို ခင်လှိုင်က ထောက်ပံ့ကြေးပေးသလား"

"ပေးတယ် မောင်မောင်။ လစဉ် သုံးသိန်းလောက်ပေးတယ်။ လိုအပ်ရင်လည်း အချိန်မရွေးတောင်းလို့ရတယ်။ မမကို ခင်လှိုင်က ဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးမှာ နေစေချင်တာ။ မမလုပ်ငန်းက မန္တလေးမှာဆိုတော့ မဖြစ်ဘူး လေ။ မမက မန္တလေးမှာ ရတနာဆိုင်တစ်ခုကို ဈေးချိုထဲမှာ ဖွင့်ထားပြီး ကျောက်မျက်စစ်ဆေးတဲ့အခန်းကိုတော့ (၃၂) လမ်းက မမရဲ့အိမ်အောက် ခန်းမှာ ဖွင့်ထားတယ်။ ကျောက်မျက်သွေးတယ်။ ရာဖြတ်လုပ်ငန်းလည်း လုပ်တယ်။ ကျောက်ပွဲစားလည်းလုပ်တယ် ဆိုပါတော့ကွယ်"

"အင်း.. မမလုပ်ငန်းက မသေးပါလား။ ဝင်ငွေလည်း ကောင်း မှာပေါ့နော်"

"အင်း.. ကောင်းပါတယ်။ တစ်လကို သိန်းငါးဆယ်၊ တစ်ရာ လောက်တော့ ဝင်ပါတယ်၊ ဒါကြောင့် မောင်မောင့်ကို မမက လျှော်ကြေး လည်း ပေးချင်တယ်၊ ပြုစုချင်တယ်။ စောင့်ရှောက်ချင်တယ်"

"မမက ကျွန်တော့်ကို လျှော်ကြေးပေးချင်တယ်ဆိုတော့ ပြော ရဦးမယ်၊ မမ တကယ်ရက်စက်တယ်ဗျာ။ ကျွန်တော့်မှာတော့ မျှော် လိုက်ရတာ။ လည်ပင်းကို ညောင်ရေအိုးဖြစ်ကရောပဲ၊ အ,သုံးလုံးသင် တန်းတွေပြီးလို့ ရန်ကုန်ပြန်တော့လည်း ရင်ထဲမှာ ဟာတာတာနဲ့ ဗလာ ချည်းပြန်ရတာ"

"ဒါနဲ့ ခင်နှောင်ဆုံးသွားတော့ မမကို ခင်လှိုင်က Propose မလုပ်ဘူးလား။ သူတာဝန်ရှိလို့ ဆက် လက်စောင့်ရှောက်ပါရစေဆိုတဲ့ ပုံစံမျိုးပေါ့"

"အင်း.. မောင်မောင်ဘယ်လိုလုပ်သိနေတာလဲ၊ သူ Propose လုပ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကဆိုတော့ သမီးလေးယွန်းပွင့်စံ အသက်က (၁၇) နှစ်လောက်ရှိနေပြီ၊ သမီးက သဘောမတူဘူး။ သူ့ဒက်ဒီ နေရာမှာ အစားမထိုးရဘူးတဲ့။ သူလည်း အိမ်ထောင်မပြုဘူးတဲ့။ အခု





အသက် (၂၀) ပဲ ကျော်လာပြီ။ သမီးက ရည်းစားတောင် မထားဘူး။ ဘာပြီးတောင်းရမ်းစေ့စပ်ချင်တဲ့သူတွေ အများကြီးပဲ၊ သမီးက လက်မခံ ဘူး မောင်မောင်ရယ်"

"အင်း.. အဖေ၊ အမေချစ်တဲ့ သမီးပဲ၊ သူပြောတာကိုပဲ နား ထောင်လိုက်ပါ မမရယ်၊ ကျွန်တော့်အကြောင်းကိုရော မမေးဘူးလား"

"အင်း.. မေးပါတယ်။ ရေချိုးခါနီး အခန်းထဲမှာ အဝတ်လဲနေ တုန်းက မေးတာ။ မမက အမှန်အတိုင်း ပြောပြလိုက်ပါတယ်၊ သူရယ်နေ တယ်၊ မေမေ့ရည်းစားဟောင်းကြီးပေါ့နော်လို့လည်း ပြောတယ်။ မောင် မောင့်ကို သူခင်မင်ပုံရပါတယ်"

"ထူးဆန်းတယ်မမ..။ ယွန်းပွင့်စံက ခင်ဖို့ ချစ်ဖို့ ကောင်းပါ တယ်။ သူသဘောကျသလို နေပေးလိုက်တာ အကောင်းဆုံးပါပဲ"

"ဒါဆို မောင်မောင်က မမကို လက်ထပ်နိုင်မှာလားဟင်"

"ကျွန်တော့်မှာ အိမ်ထောင်ရှိတယ် မမ၊ မဖြစ်နိုင်တော့ဘူး"

"မမကတော့ မင်းကိုပဲ ချစ်တယ်ကွာ။ စဉ်းစားပါဦး၊ မောင် မောင်ရယ်"

မမကြီး၊ ကျွန်ုပ်၏ရင်ခွင်ထဲသို့ ပြေးဝင်လာတော့သည်။

"မမမှာ ပစ္စည်းဥစ္စာ ပြည့်စုံတယ်၊ လုပ်ငန်းတွေလည်း ရှိတယ်၊ မောင်မောင် တစ်သက်ထိုင်စားရုံပါပဲကွယ်။ မမရှေ့မှာ မားမားမတ်မတ် ရပ်ပေးနိုင်ရင် တော်ပါပြီကွယ်"

"မမရဲ့ မောင်အနေနဲ့ ကျွန်တော် တစ်သက်လုံး မမတို့သား အမိရှေ့က ရပ်ပေးမှာပါ။ လက်မထပ်နိုင်တာကိုတော့ နားလည်ခွင့်လွှတ် ပေးပါ မမရယ်။ နော်.."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အလွန်အမင်းအံ့သြမိသည်။ ပစ္စည်းဥစ္စာကြွယ်ဝ၍ လူပျို လူလွတ်ဖြစ်သော ခင်လှိုင်ကိုတော့ လက်မခံဘဲ ကျွန်ုပ်ကို ပုံပေးနေခြင်းက ထူးဆန်းလှသည်။ အကြောင်းတစ်ခုခုတော့ ရှိပေလိမ့်မည်။

ဆိုစဉ်တွင် မိုးမခစံအိမ်ကြီး၏မြောက်ဘက် ကွက်လပ်တစ်ခုမှ လျှပ်လက်သလို Flash Gun မီးပွင့်သလို တစ်ချက်တစ်ချက်တောက်ပ လာသောအလင်းရောင်များကို တွေ့ရသဖြင့် ကျွန်ုပ် မမကြီးအား ရင်ခွင်ထဲမှ ထုမ,ပြီး..

"မမ.. မမ.. ဟိုမှာ ကြည့်ပါဦး။ ဘာတွေလဲ။ လျှပ်လက်တာ တော့ မဖြစ်နိုင်ဘူး။ ကောင်းကင်ပြင်မှာ လျှပ်စီးကြောင်းမတွေ့ရဘူး"

"ဘယ်မှာလဲ မောင်မောင်။ အဲ.. ဟုတ်ပါရဲ့။ အဲဒါ မမတို့ဆွေ မျိုးစုသင်္ချိုင်းက အုတ်ဂူတွေ ထားတဲ့နေရာပဲ။ ဘာဖြစ်တာပါလိမ့်နော်"

"ကဲ.. မမရေ၊ ည (၁၂) နာရီလည်း ထိုးတော့မယ်။ အိပ်ရာဝင် ကြစို့နော်။ ကျွန်တော်က မနက်ဖြန်မနက်စောစော ခင်လှိုင်နဲ့ အမဲပစ်ဖို့ ချိန်းထားတာ။ အိပ်ရေးပျက်ရင် မကောင်းဘူး"

မမက မထချင်ထချင်နှင့် ထိုင်ခုံမှထ၍ ကျွန်ုပ်နဖူးအား တစ်ချက်နမ်းပြီး စင်္ကြံလမ်းမှတစ်ဆင့် လျှောက်လှမ်း၍ သူမတို့သားအမိအိပ်ခန်းဆီသို့ ဝင်သွားတော့သည်။ ကျွန်ုပ်လည်း သူနိုးမြင့်သိန်းနှင့် တွဲ၍နေရသော အိပ်ခန်းထဲသို့ဝင်၍ အခန်းတံခါးအား ချက်ချပြီး အိပ်ရာဝင်ခဲ့ပါ တော့သည်။ တောင်တောင်အီအီတွေးရင်း တော်တော်နှင့် အိပ်မပျော်။ ဧည့်ခန်းထဲရှိ ရှေးဟောင်းတိုင်ကပ်နာရီကြီး၏ 'ဒင်.. ဒင်' ဟူသော နာရီ ခေါက်သံ (၁၂) ချက် ကြားရပြီးမှ မှေးခနဲအိပ်ပျော်သွားတော့သည်။

ကျွန်ုပ်အိပ်ပျော်သည်နှင့် အိပ်မက်မက်တော့သည်။ အိပ်မက်ထဲ





တွင် အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် သွေးများပေကျံနေသူတစ်ဦးက ကျွန်ုပ်အား အိပ်ရာမှ လာနှိုးသည်။

"ညီလေး.. ထ.. ထ.. ခဏထပါဦး"

ကျွန်ုပ်အိပ်ရာမှ ငေါက်ခနဲထထိုင်မိရာ သူက..

"ညီလေး.. အစ်ကိုက ခင်နောင်ပါ။ တောဝက်အပက်ခံရပြီး ခင်လှိုင်တားနဲ့ထိုးလို့ သေရတာပါ။ အစ်ကို့ကိုသတ်တဲ့ဓား ခြံအနောက်ဘက် အပေါက်ဝက မိုးမခပင်ကြီးခြေရင်းမှာ မြှုပ်ထားတယ်။ နှစ်ပေလောက်တူး ကြည့်ရင် တွေ့လိမ့်မယ်။ သူက မမကြီးကို အရင်ချစ်ခဲ့တာ။ ကိုယ်နဲ့ရတော့ သူမနာလိုဖြစ်နေတာ။ သူက မူလစိတ်ထားကောင်းပေမယ့် စိတ်ရောဂါ ဝေဒနာရှင်တစ်ယောက်မို့ စိတ်ဖောက်ပြန်လာရင် မမကြီးနဲ့ နီးစပ်သူ မှန်သမျှ သတ်တော့တာပဲ။ သူက ပညာတတ်တစ်ယောက်ဖြစ်လို့လည်း ဥပဒေကို နားလည်တယ်။ အခွင့်အရေးလည်း ယူတတ်တယ်။ မင်းကို လည်း မမကြီးရဲ့ယေချစ်ဟောင်းမှန်း သိသွားပြီး အခွင့်အရေးရတာနဲ့ လုပ်ကြံလိမ့်မယ်။ သတိထား..။ အစ်ကို့ကိုသတ်တဲ့ ဓားမြှောင်ကို တူးယူ ပြီး သက်ဆိုင်ရာကို အပ်ပါ။ သွေးစစ်ဆေးပါ။ အစ်ကို့သွေးအမျိုးအစားက အုပ်စု (A)၊ RX (+) အမျိုးအစားပါ။ အစ်ကို့ရဲ့အိပ်ခန်းထဲက နောက်ဆုံးရေးခဲ့တဲ့ ဒိုင်ယာရီစာအုပ်ထဲမှာ ဆေးမှတ်တမ်းရှိတယ်။ ညီလေးက ဥပဒေသမားဆိုတော့ အားကိုးပါတယ်။ မနက်ဖြန် သူနဲ့အမဲလိုက်ရင် တော့ သတိထားပါ။ တောဝက်ပစ်ရင် ပိုသတိထား။ အစ်ကိုသွားမယ်။ မင်း တစ်နေ့နေ့ အစ်ကို့အုတ်ဂူဘက် လာခဲ့ပါဦး။ ဆွေမျိုးစုနာမည်တွေ ကမ္ပည်းထိုးထားတယ်။ ကိုယ့်အုတ်ဂူက ပန်းရောင်ကြွေပြားကပ်ပြီး ခင်နောင်၊ အသက် (၅၀) နှစ်လို့ ရေးထိုးထားတယ်။ ရှာရတာ လွယ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမှာတာ မမေ့နဲ့။ တောဝက်ပစ်ရင် သတိထားပါ''

ကျွန်ုပ် အေးစိမ့်သောရာသီဥတုတွင် ခွေးစေးများပြန်၍ အိပ်ရာ ဘာ လန့်နိုးသည်။

တာကယ်လိုလို၊ အိပ်မက်လိုလိုနှင့် စဉ်းစားနေမိသည်။ အထင်ကရ မြင်လိုက်ရသောမြင်ကွင်းမျိုးဖြစ်၍ မျက်စိထဲက မထွက်။ တောဝက်ပစ်လျှင် သတိထားရန် နှစ်ကြိမ်တိုင်တိုင်သတိပေးသွားသည်ကို ပြန်လည်ကြားယောင်နေမိသည်။ မကြာမီ ညွှန်းရှိ ရှေးဟောင်းတိုင်ကပ်နာရီကြီးမှ ငါးနာရီထိုးသံကို ကြားရသည်။

''ဒင်..ဒင်..ဒင်..ဒင်..ဒင်..''

ကျွန်ုပ် အိပ်ရာက ထရတော့သည်။ လျှပ်စစ်မီးအလင်းရောင်ဖြင့် စင်္ကြံလမ်းမှာ ထိန်လင်းနေသည်။ ကျွန်ုပ် သွားတိုက်၊ မျက်နှာသစ်သည်။ ရေမှာ ရေခဲတမျှ အေးစိမ့်နေ၏။ ကျွန်ုပ် ရေချိုးခန်းထဲကအထွက်တွင် မျက်နှာသစ်ရန် ဝင်လာသော ခင်လှိုင်နှင့် ဆုံသည်။

''ဟော..ဦးသိန်းဝင်းနိုးနေပြီပဲ။ အဝတ်အစားလဲပြီးရင် ညွှန်းက စောင့်မျို့။ Breakfast စားရအောင်။ မနက် (၆) နာရီတိတိမှာ စထွက်မယ်။ အောက်မှာ ဝဏ္ဏက မြင်းတွေကို အသင့်စီစဉ်ထားလိမ့်မယ်''

''ဟုတ်ကဲ့ ကိုခင်လှိုင်''

ကျွန်ုပ် အခန်းပြန်၍ အမဲလိုက်ယူနီဖောင်း လဲရသည်။ ဘုရားဝတ်ပြု၊ အမျှဝေရသည်။ ပြီးနောက် အမဲလိုက်ဓားအား ခါးပတ်တွင်တပ်ဆင်၍ ရှော့ဂန်းကိုလည်း ချိတ်ရသည်။ တောစီးဖိနပ်ကိုတော့ မိုးရာသီဖြစ်၍ မချော်စေရန် GRIP ကောင်းသောဖိနပ်ကိုရွေးစီးပြီး တောဆောင်းဦးထုပ်ဆောင်း၍ အခန်းထဲမှ ထွက်ခဲ့သည်။





သူ့ခိုးမြင့်သိန်းကတော့ ဟောက်၍ကောင်းတုန်း။ အိပ်ပျော်ဆဲပင်ဖြစ်သည်။ အိပ်ခန်း (၃) ခန်းအကျော်တွင်တော့ အိပ်ခန်းတံခါးပွင့်လာပြီး မမကြီးက ခေါင်းထွက်၍..

''မောင်မောင်..အထူးသတိထားပါနော်''

ကျွန်ုပ် အသံမထွက်ဘဲ ခေါင်းညိတ်ပြလိုက်သည်။ ညွှန်းရောက်တော့ မီးများလင်းထိန်နေပြီး စားပွဲပေါ်တွင် ထမင်းကြော်၊ ကော်ဖီနှင့် မုန့်များက အဆင်သင့်ဖြစ်နေပြီး ခင်လှိုင်က စောင့်ကြိုနေသည်။

''လာ..ကိုသိန်းဝင်း။ အဆင်သင့်ပဲ..။ အမဲလိုက်ရမှာဆိုတော့ ကော်ဖီနဲ့မုန့်လောက်နဲ့ မဖြစ်ဘူး။ ထမင်းကြော်ပါစားမှ ဖြစ်မယ်။ ရေဘူးကြီးက လေးပါတယ်ဗျာ။ ထားခဲ့ပါ။ ခင်ဗျားစီးမယ့်မြင်းကုန်းနှီးမှာ ရေရော၊ အရက်ရော၊ အဆာပြေစားဖို့ ဘီစကစ်ရော၊ အရေးပေါ်သုံးဖို့ ဆေးသေတ္တာပါ ပါပါတယ်''

''ပြည့်စုံလှချည်လားဗျာ၊ ဒါပေမဲ့ ကျွန်တော်က တောထဲမှာအမဲလိုက်ရင် ခါးမှာ ရေဘူးနဲ့အမဲလိုက်ဓားပါမှ အားရတာယ်ဗျ။ အလေ့အကျင့်ဖြစ်နေလို့ပါ''

''အလေးခံနိုင်ရင်တော့ သယ်ပေါ့ဗျာ။ ကျွန်တော်ကတော့ အမဲလိုက်ရင် သေနတ်ကလွဲလို့ ဘာအလေးအပင်ပစ္စည်းကိုမှ မသယ်ချင်ဘူး။ လွတ်လပ်လေ ကောင်းလေပဲဗျို့''

ကျွန်ုပ်တို့ ထမင်းကြော်စားကြသည်။ ကြက်ဥထမင်းကြော်ဖြစ်ပြီး ဒေသအစာ မုန်ညင်းချဉ်၊ ကြက်သွန်ဥချဉ်၊ ဆီတို့ဟူးတို့နှင့် စားရခြင်းဖြစ်သည်။ ပြီးနောက် လက်ဖက်ရည်နှင့် ကိတ်မုန့်စားကြသည်။

မနက် (၆) နာရီတိတိတွင် အိမ်ပေါ်မှဆင်းသည်။ ကိုဝဏ္ဏဆိုသူ



www.burmeseclassic.com

www.burmeseclassic.com



က မြင်းနှစ်စီးဆောက်ကြိုးအား အဆင်သင့်ကိုင်၍ စောင့်နေသည်။ မြင်းကုန်းနှီးတွင် ကျည်ဆန်ခါးပတ်နှင့် နှစ်လုံးပြူးသေနတ်များအား အသင့်ချိတ်ထားခဲ့သည်။ ကျွန်ုပ်တို့ ယမ်းခါးပတ်ကိုယ်စီယူ၍ စလွယ်သိုင်းရင်း မြင်းပေါ်သို့ ခုန်တက်လိုက်ကြသည်။

ကျွန်ုပ်စီးသောမြင်းမှာ နီညိုရောင်ဖြစ်၍ ရွှေနီဟုခေါ်ပြီး ခင်လှိုင်စီးသောမြင်းမှာ အဝါရောင်ဖြစ်၍ ရွှေဝါဟုခေါ်ကြောင်း သိရသည်။ ဒေါက်နှင့်အလျားကောင်းသော မြင်းထီးကြီးများဖြစ်သည်။ ဇက်ကြိုးလျော့ပြီး တင်ပါးအား ဖနောင့်နှင့်တို့လိုက်သည်နှင့် ကဆုန်စိုင်း၍ အပြေးထွက်တော့သည်။

အနောက်ပေါက်အထွက်တွင် လူတစ်ရပ်ကျော်ခန့်ရှိသော မုံးမခပင်ကြီးအား မြင်ရသဖြင့် ညဥ့်က အိပ်မက်အား သတိရမိသည်။ ကျွန်ုပ်ထင်ထင်ရှားရှားမြင်မက်ခဲ့သော အိပ်မက်ထဲကအတိုင်းပင်။ မြက်ခင်းအားကျော်ပြီးနောက် စိုက်ခင်းများအတွင်းသို့ ရောက်သည်။ အတန်းလိုက်စိုက်ပျိုးထားသော သစ်တော်ပင်နှင့် လိဖ္မော်ပင်များဖြစ်သည်။ မြက်ခင်းကျယ်နှင့် စိုက်ပျိုးခင်းအစပ်တွင် မြင်းနှင့်နို့စားနွားများ၊ သိုးများ၊ ဆိတ်များ၊ ကြက်နှင့်ဘဲများ မွေးမြူထားသော အဆောင်များကို တွေ့ရသည်။ စနစ်ကျ၍ ခေတ်မီသည်။

သစ်တော်ခြံမှာ အတန်းလိုက်စိုက်ပျိုးထားခြင်းဖြစ်ပြီး အောက်ခြေရှင်း၍ မြင်းစီးရန်အနေတော်ဖြစ်သည်။ စိုက်ပျိုးခြံကိုကျော်တော့ တောစပ်သို့ရောက်သည်။ အင်၊ ကညင်နှင့် မျောက်ချောပင်ကြီးများ၊ ထင်းရှူးနှင့် ယူကလစ်ပင်ကြီးများအား တွေ့ရသည်။ စမ်းချောင်းကလေးကိုကျော်သည်နှင့် တောမှာ စိမ်းပြီး သိပ်သည်းလာသည်။ မျောက်အုပ်များကိုတွေ့





သော်လည်း ကျွန်ုပ်တို့ မပစ်ကြပါ။ တောစိုက်ကိုကျော်တော့ သစ်ပင်နှင့်ချုံများ ထူထပ်လာ၍ မြင်းလမ်းမသာတော့ဘဲ ကျွန်ုပ်တို့ မြင်းပေါ်မှဆင်းပြီး မြင်းများအား အရိပ်ကောင်းရာသစ်ပင်တွင်ချည်၍ ကုန်းကြောင်းခရီး စရတော့သည်။

စိမ့်တောကြီးဖြစ်သည်။ ဝါးရုံပင်နှင့် တောင်ငှက်ပျောပင်များအား တွေ့ရပြီး နွံအိုင်များတွင် ဝက်လူးထားသောအရာများကို တွေ့ရသည်။ ခပ်လှမ်းလှမ်းမှ ဝက်အော်သံများကိုလည်း ကြားနေရသည်။

"အီ . . အီ . . အူး . . ဂူး . . ဖလပ် . . လပ် . . ဂျွတ် . . ဂျွတ် . ."

ဝက်အုပ်ကြီး မျှစ်စို့များအား ချိုး၍စားနေဟန်တူသည်။ ကျွန်ုပ်က လက်ညှိုးထိုး၍ သေနတ်ကိုပုတ်ပြရာ ခင်လှိုင်က သေနတ်အား ခါးချိုး၊ ကျည်ဆန်ထည့်၊ မောင်းတင်၍ ခေါင်းညိတ်ပြသည်။ ကျွန်ုပ်အကာအကွယ်ရစေရန် သစ်ပင်ကြီးကြီးရှာနေစဉ် ခင်လှိုင်က ရင်ပေါင်ကန်းတက်ရန် အချက်ပြသဖြင့် ကျွန်ုပ်လည်း သတိထား၍ တက်ခဲ့သည်။ မြရာချုံနှင့် တောငှက်ပျောအုံများအား ကျော်သည်နှင့် ဝက်အုပ်ကြီးအား တွေ့ရသည်။ အချိန် (၆၀) ခန့် ဝက်သိုးကြီးဦးစီးသော ဝက်အုပ်ကြီးဖြစ်သည်။ ဝက်မငါးကောင်နှင့် ဝက်ပေါက်လေးခြောက်ကောင်ခန့်လည်း ပါရှိသည်။ ကြသောင်းဝါးစို့များအား ချိုးဖဲ့စားသောက်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှင့် ပေနှစ်ဆယ်ခန့်သာ ကွာဝေးပေမည်။ ကျွန်ုပ်က ခင်လှိုင်အား ဦးစားပေးသည့် အနေဖြင့် ဝက်သိုးကြီးအား ပစ်နိုင်းပြီး ကျွန်ုပ်က ဝက်မတစ်ကောင်အား ပစ်သည်။

"အုန်း . . အုန်း . ."

ဝက်မကြီးမှာ ချက်ကောင်းထိ၍ လဲကျသွားသော်လည်း ဝက်သိုး



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ကျွန်ုပ်ထံသို့ တစ်ရှိန်ထိုးပြေးလာပြီး ထိုးရာ ကျွန်ုပ် ခြေတစ်လှမ်း နောက်ဆုတ်ရှောင်လိုက်ပြီး ဝက်သိုးကြီး၏လက်ပြင်ကြားသို့ ဒုတိယပြောင်းမှ တူညီနှင့် တစ်ချက်တည်း ပွဲသိမ်းပစ်ခတ်ရတော့သည်။ ခင်လှိုင်၏ကျည်မှာ ဝက်သိုးကြီး၏တင်ပါးဆုံကို မှန်သည်။ သေကွင်းမဟုတ်သဖြင့် ကျွန်ုပ်အား ပြေးထိုးနိုင်ခြင်းဖြစ်သည်။ လုပ်ကြံမှုလည်း ဖြစ်နိုင်သည်။ တောဝက်ယ် အတွေ့အကြုံများပြီး ကိုယ်ခံပညာမျိုးစုံတတ်သော ကျွန်ုပ်အတွက် တော့ ကလေးကစားကွက်သာသာရှိသည်။

"ဦးသိန်းဝင်း.. ဆောရီးဗျာ။ ကျွန်တော် လက်လျှော့သွားတယ်။ ကံကြီးပေလို့ ခင်ဗျားဘာမှမဖြစ်တာ။ ခင်ဗျားလက်ကတော့ တိကျပြီး ငြိမ်လှသဗျာ။ ချီးကျူးပါတယ်"

ကျွန်ုပ်တို့ မြင်းများအနီး ဝါးရုံပင်ရိပ်တွင် နားကြ၍ ကျွန်ုပ်က ရေဘူးကိုဖွင့်၍ မော့အသောက်တွင် ခင်လှိုင်က တား၍ သူ့ထံမှ သတ္တုပုလင်းပြားလေးအား လှမ်းပေးသည်။

"ဦးသိန်းဝင်း.. ဒါသောက်ပါ။ ဝီစကီလေး ဆောင်လာတာ။ ခင်ဗျားကို ဂုဏ်ပြုတာပါ"

"ကျေးဇူးတင်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော် အမဲလိုက်ရင်း အရက်မသောက်တတ်ဘူး။ ဆောရီးဗျာ.."

ကျွန်ုပ်ငြင်းဆန်လိုက်သဖြင့် ခင်လှိုင်မျက်နှာညှိုးသွားသည်။ ပြီးတော့..

"ဆောရီးဗျာ..။ ကျွန်တော်ကတော့ တောထဲရောက်လို့ နားတာနဲ့ တစ္စုပ်စုပ်သောက်တတ်တယ်"

ကျွန်ုပ်..





"ကဲ.. ဘယ်လိုလုပ်ကြမလဲ။ ဝက်နှစ်ကောင်ကို သယ်ဖို့လေ"

"ကိစ္စမရှိဘူး ဦးသိန်းဝင်း။ ဝဏ္ဏလိုက်လာလိမ့်မယ်။ ဟော.. ပြောရင်းဆိုရင်း လာပြီ"

ကိုဝဏ္ဏမှာ မြင်းတစ်ကောင်ကိုစီးပြီး တစ်ကောင်ကို ဆွဲလာသည်။ လုပ်နေကျအလုပ် ဖြစ်ပုံရသည်။ ကြိုးများလည်း အသင့်ပါလာသဖြင့် ဝက်နှစ်ကောင်အား မြင်းမတစ်ကောင်၏ နံဘေးတစ်ဖက်တစ်ချက်တွင် ဝက်တုပ်တုပ်ပြီး တင်ဆောင်သည်။ သူ၏ဗလကြီးဖြင့် ကျွန်ုပ်တို့ကိုပင် အကူအညီမခေါ်ပါ။ သူ့အလုပ် သူလုပ်ပြီးသည်နှင့်..

"သခင်ကြီး.. ကျွန်တော်ပြန်မယ်၊ ဘယ်လိုစားချင်သလဲ အမိန့်ရှိပါ"

"ကလီစာတွေကို မဆလာနဲ့ချက်ပါ။ မနူးစေနဲ့..။ အသားကို ကင်ပါ။ ခြေထောက်ကို စွပ်ပြုတ်လုပ်၊ ဝက်လက်ကိုပေါင်း။ အမျိုးသမီးတွေ ပါတော့ အသုပ်လည်းလုပ်မှ ဖြစ်မယ်။ ခေါင်းကို ရှမ်းသုပ်လုပ်။ စားဖိုမှူး ကိုနောင်ကို အသေအချာပြော။ နေ့လယ်စာမီအောင် မင်းလည်းဝိုင်းလုပ် လိုက်၊ ငါတို့ အနီးစခန်းအောက်တောဘက် ခဏသွားဦးမယ်။ သေနတ်သံကြားရင်တော့ မင်းပြန်လာခဲ့ဦးနော်"

"ဟုတ်ကဲ့ သခင်ကြီး"

ဝဏ္ဏ မြင်းနှစ်စီးနှင့် ထွက်သွားသည်။ သူလုပ်ပုံမှာ သေသပ်တိကျလှသည်။ မနက်ခင်း ချမ်းအေးသောရာသီတွင်ဖြစ်သော်လည်း သူ့တွင် အင်္ကျီမပါပါ။ အရှင်သခင်၏ တစ်သွေးတစ်သံတစ်မိန့်ကို အတိအကျလိုက်နာပုံရသည်။

ကျွန်ုပ်တို့ မြင်းနှစ်စီးဖြင့် တောင်တန်းပေါ်တက်ပြီး အောက်



www.burmeseclassic.com

www.burmeseclassic.com



တောဘက်သို့ ဆင်းခဲ့ကြသည်။ အေးချမ်းသောရာသီဥတုရှိသဖြင့် ထင်းရှူးပင်၊ ဂက်သစ်ချပင်၊ ကညင်ပင်၊ ယူကလစ်ပင်များက တောင်တန်းပေါ်တွင် ပေါက်နေသော်လည်း အောက်တောဘက်ဆင်းသည်နှင့် စိမ့်စမ်းများအား တွေ့ရပြီး ဝါးရုံများ၊ ကြိမ်ရုံများနှင့် ရေနန်းရုံများနှင့် ရှုပ်ထွေးနေသောနေရာသို့ ရောက်လာသည်။ တောစိုပြစ်သည်။ ကျွန်ုပ်တို့ မြင်းဆက်စီး၍မရတော့သဖြင့် မြင်းများအား မိုးမခပင်ကြီးတစ်ပင်တွင်ချည်နှောင်ပြီး လမ်းလျှောက်ရပြန်သည်။

စိမ့်စမ်းပေါသော တောစိုဖြစ်၍ ကျွန်ုပ်လွန်စွာသတိထားရသည်။ နစ်လုံးပြူးသေနတ်အားလည်း ကျည်မ,နစ်တောင့်ထည့်၍ အသင့်မောင်းတင် ပြင်ဆင်ထားသည်။ ဤတစ်ကြိမ်တွင်လည်း ခင်လှိုင်မည်သို့ပညာပေးမည်ကို မသိနိုင်သေးပါ။

ကိုက်တစ်ရာခန့်အဝေးရှိ ဝါးရုံတောတစ်ဖက်မှ ‘ဘူး. . ဘူး. .’ ဟူသော နှာမှုတ်သံကို ကြားရသဖြင့် ကျွန်ုပ်တို့ နီးစပ်ရာမျောက်ချော ပင်ကြီးအနီး ဝင်ကာလိုက်ကြသည်။ ဝါးရုံကွယ်နေသဖြင့် ကောင်းစွာမမြင်ရ၊ မည်းမည်းလုံးလုံးအကောင်ကြီးများ ဖြစ်သည်။ ဆင်အော်သံတော့ မဟုတ်။ မှုစ်ရှိုက်များအား၊ တဖြောင်းဖြောင်းဆွဲချိုးစားနေသံကိုလည်း ကြားနေရသည်။

ဤတစ်ခါတော့ ကျွန်ုပ်ကပင် ဦးဆောင်၍ လက်ဝဲ လက်ျာဖြန့်တက်ရန် ခင်လှိုင်အား အချက်ပြပြီး ကျွန်ုပ်က လက်ဝဲဘက်မှ တက်ခဲ့တော့သည်။ ကျွန်ုပ်၏တက်လမ်းတွင် အောက်ခြေရှုပ်နေပြီး ကြိမ်ရုံ၊ ဝါးရုံနှင့် ရေနန်းရုံများက တားဆီးကာကွယ်နေသည်။ သစ်ပင်ကြီးကြီးမရှိ၊ မျောက်ချော၊ ဒီဒူးနှင့် ကညင်ပင်ပေါက်များသာရှိသည်။ ခင်လှိုင်ဘက်တွင် ကညင်ပင်၊ မဟော်ဂနီနှင့် ပျဉ်းကတိုးပင်ကြီးများရှိပြီး အောက်ခြေရှင်း၏။





ကျွန်ုပ်တို့ ကိုက်ငါးဆယ်အကွာအဝေးခန့်အရောက်တွင် ‘ဘူး. . ဘူး. .’ ဟူသော နှာမှုတ်သံကြီးဖြင့် ပြောင်ထီးကြီးတစ်ကောင် ဝါးရုံကြားမှ ခေါင်းပြူထွက်လာသည်။ လူနံ့ရဟန်တူသည်။ ကျွန်ုပ် လက်မနှေးတော့။ ၁သမ ၅၀၀ နှစ်လုံးပြူးသေနတ်ကြီး၏ ညာပြောင်းမှ ကျည်ဖြင့် လည်တိုင်ရင်းသို့ချိန်၍ တစ်ချက်ပစ်လိုက်သည်။ ကိုက်ငါးဆယ်အတွင်းဖြစ်၍ ထိချက်ကောင်းသော်လည်း ချက်ချင်းမလဲပါ။

အောက်ခြေရှင်းသော တောမှ ခင်လှိုင်အား တစ်ချက်ထိုးလိုက်တော့သည်။ သူကလည်း ပြေးရင်းလွှားရင်း ပြန်ပစ်သည်။ သို့သော် ထိချက်မကောင်း၍ မလဲပါ။

ကျွန်ုပ် မနေသာတော့။ ပြောင်ကြီးနှင့်ခင်လှိုင် ဆယ်ပေခန့်သာကွာသော အနေအထားတွင် ပြောင်ကြီး၏လက်ပြင်အနောက်သို့ အသေအချာချိန်၍ ကျန်ရှိနေသေးသော ဘယ်ပြောင်းမှ ကျည်မကြီးနှင့် ပွဲသိမ်းပစ်ခတ်ရတော့သည်။

‘အုန်း’ ဟူသော အသံကြီးနှင့်အတူ ‘ဒုန်း’ ဟူသော ပြောင်ကြီး၏ ဦးခေါင်းနှင့် ကညင်ပင်ကြီးတို့တိုက်သံကို ကြားရပြီး ပြောင်ကြီးမှာ တဆတ်ဆတ်တုန်၍ အသက်ထွက်သွားသည်။ ကျန်ပြောင်အုပ်ကတော့ အရိပ်အယောင်တောင် မမြင်ရတော့။ တဝုန်းဝုန်းပြေးသွားကြသည်။ ပြောင်ကြီးမှာ အချိန်(၁၀၀) ကျော်ခန့် ရှိမည်ထင်သည်။ ချိုနှစ်ဖက်မှာ ကျောက်စိမ်းရောင်ပေါက်နေသည်။ သက်ရင့်ကောင်ကြီးဖြစ်သည်။ ကျွန်ုပ်မုဆိုးသက်တမ်းတွင် အကောင်အကြီးဆုံးပစ်ခတ်ရရှိမှုဖြစ်သည်။

“ဦးသိန်းဝင်း. . ကျေးဇူးပဲဗျာ။ ခင်ဗျားမကယ်ရင်တော့ ဒီတစ်ခါကျွန်တော် ပွဲသိမ်းပဲ။ ကျွန်တော်. သစ်ပင်မတက်တတ်ဘူးဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ခင်ဗျားကို သစ်ပင်အကာအကွယ်ရှိတဲ့ဘက်ကို ပေးထားတာ။ ကျွန်တော့်ဘက်က ချုံဖုတ်တွေပဲရှိတာ။ ပြောင်လိုက်ရင် သစ်ပင်ပတ်ပြေးရတယ်ဗျ။ ဒီကောင်ကြီးတွေက အကောင်ကြီးတော့ ရုတ်တရက် ကွေ့ကောက်မလိုက်နိုင်ဘူး။ အဲဒီအခါမှာ အနီးကပ် ချက်ကောင်းတစ်ချက်ပဲ။ ခင်ဗျားလည်း ပစ်ဖူးပါတယ်။ မိုးမခအိမ်ကြီးညှို့ခန်းမှာ ချိတ်ထားတဲ့ ပြောင်ခေါင်းစိမ်းချိုကြီးက ခင်ဗျားပစ်ထားတာဆို"

"ဟုတ်ပါတယ်..။ အဲဒါက ကျွန်တော်နဲ့ဝဏ္ဏ လင့်စီးပြီး ပစ်ထားတာပါ။ အခုဟာက ရင်ဆိုင်ပစ်ရတာလေဗျာ။ အန္တရာယ်အလွန်များတာပဲ"

ခင်လှိုင် အတော်ဖြူသွားဟန်တူသည်။ ခါးတွင်ချိတ်ဆွဲထားသော သတ္တုပုလင်းပြားလေးအား ထုတ်၍ မကုန်မချင်း မော့တော့သည်။

ကျွန်ုပ်ကတော့ ခါးမှရေဘူးအား ဖြုတ်၍ တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်သည်။ မကြာပါ..။ ဝဏ္ဏ မြင်းနှစ်စီးနှင့် ပေါက်ချလာပြန်သည်။

"သခင်ကြီး.. ဘာကောင်ရပြန်သလဲ၊ ဟာ.. ပြောင်ကြီးပါလား။ ကျွန်တော်တို့ပစ်တဲ့အကောင်ထက် ကြီးတယ်နော်။ သခင်ကြီးညှို့ခန်းမှာ ပြောင်ချိုတစ်စုံ တိုးပြန်တာပေါ့နော်"

"ငါပစ်တာမဟုတ်ဘူး၊ ဦးသိန်းဝင်းပစ်တာ။ ထုံးစံအတိုင်းဆိုရင် ပြောင်ခေါင်းကြီးကို သူပဲရမှာပေါ့"

ကျွန်ုပ်..

"ကျွန်တော်မယူပါဘူးဗျာ၊ ကိုခင်လှိုင်ပဲ ယူပါ။ ခင်ဗျားသေနတ်နဲ့ ပစ်ရတာဆိုတော့ ခင်ဗျားဆိုင်ပါတယ်"





ခင်လှိုင်..

"ကျေးဇူးတင်တယ်ဗျာ။ ဦးသိန်းဝင်းကို ကျွန်တော် တစ်ခုခုတော့ လက်ဆောင်ပြန်ပေးပါရစေ"

"ကဲ..ဝဏ္ဏရေ၊ ဒီပြောင်ကြီးကို မင်းတစ်ယောက်တည်း မနိုင်နိုင်ဘူး။ မြင်းနဲ့လည်း မရဘူး။ တွန်းစက်ကြီးပြန်ယူ၊ ခြံကအလုပ်သမားတွေကိုခေါ်ပြီး သယ်ကြပေရော့။ ဖျက်ပြီးရင် သူတို့ကိုလည်း အချိုးကျဝေပေးလိုက်ပေတော့။ ပြောင်ခေါင်းကြီးကိုတော့ လုံးဝမထိခိုက်စေနဲ့နော်၊ အထူးသတိထားပါ"

"ဟုတ်ကဲ့သခင်ကြီး။ စိတ်ချပါခင်ဗျား"

ကျွန်ုပ်တို့ အတူတူ မြင်းစီး၍ ပြန်ခဲ့ကြသည်။ နေ့လယ် (၁၂) နာရီလည်း ထိုးလုပြီဖြစ်သည်။ မွေးမြူရေးခြံအနီးတွင် ဝဏ္ဏကျန်ခဲ့သည်။ ကျွန်ုပ်နှင့်ခင်လှိုင် မိုးမခပင်ကြီးအနီးကိုရောက်တော့ သစ်ပင်ကြီးပေါ်မှ တောက်တဲ့အော်သံကို ကြားရသည်။ ကျွန်ုပ်အား သတိပေးဟန်တူပေသည်။ ကျွန်ုပ်တို့ ခြံအနောက်ပေါက်မှ မြင်းကိုယ်စီနှင့် ဝင်ခဲ့ကြသည်။ မိုးမခစံအိမ်ကြီးရှေ့ ရောက်သည်နှင့် အားလုံးက ဝိုင်းကြိုနေကြသည်။

တင်ဦး..

"ဘာကောင်တွေရလဲ ဆရာ"

"တောဝက်နှစ်ကောင်နဲ့ ပြောင်ကြီးတစ်ကောင်ပါ"

ခင်လှိုင်..

"ဒီနေ့ကတော့ ဦးသိန်းဝင်းပွဲပဲဗျို့။ ကျွန်တော့်အသက်ကိုတောင် သူကယ်လိုက်တာ။ နေ့လယ်စာမစားမီ ညှို့ခံပွဲလုပ်ရမယ်ဗျို့"

ခင်လှိုင် အခန်းထဲဝင်သွားတော့ အဖွဲ့က ကျွန်ုပ်အား ဝိုင်းမေး



www.burmeseclassic.com

www.burmeseclassic.com



ကြ့တော့သည်။ မမကြီးနှင့် သမီးကလည်း အနားမှာရှိနေကြသည်။

"ဆရာ.. ဘယ်လိုလဲ"

"ကျွန်တော့်ကို တောဝက်ပက်သေအောင် ကြံတာပဲ။ ဒါပေမဲ့ ကျွန်တော်ရှောင်လိုက်ပြီး လက်ဦးလို့ မသေတာ။ သူက အလွန်ပိရိတဲ့သူပဲ ဦး။ ပြောင်ကြီးနဲ့တွေ့တော့ သူ့ကိုပညာပေးပြီး သူ့အသက်ကို ကယ်လိုက်ရတယ်။ နောက်မှ အသေးစိတ်ပြောပြမယ်။ မှင်သေသေနေကြ။ သတိလည်း ထားကြ။ အသွားအလာ၊ အပြောအဆို ဆင်ခြင်ကြပါ"

ကျွန်ုပ်တို့ အပေါ်ထပ်ညှိခန်းပေါ်တက်၍ ခဏနားကြရင်း ကျည်ခါးပတ်နှင့် နှစ်လုံးပြူးသေနတ်ကြီးအား သေနတ်စင်တွင် တင်ထားလိုက်သော်လည်း ကျွန်ုပ် လိုရမည်ရ နှစ်လုံးပြူးစရိတ်ကျည်တစ်တောင့်အား ယူထားလိုက်သည်။ ပြီးနောက် ရေမိုးချိုး၊ အဝတ်အစားလဲကြသည်။ နေ့လယ်စာစားပွဲတွင် ဧည့်ခန်းမ၌ ဂျူစုံသည်။ မမကြီးအပြင် သမီးယွန်းမှင့်စံလည်း ကျွန်ုပ်တို့နှင့် အတူရှိနေသည်။

ခင်လှိုင်ဧည့်ခန်းထဲဝင်လာတော့ ချိုဖက်ဝီစကီပုလင်းကြီးတစ်လုံး ယူလာသည်။ ထမင်းမစားမီ တစ်ခွက်စီသောက်ကြရင်း..

ခင်လှိုင်..

"မမကြီး..ဦးသိန်းဝင်းက တကယ့်မုဆိုးဗျ။ သွေးကလည်း အေးတယ်။ လက်လည်း တည့်တယ်။ ပထမ ကျွန်တော်ပစ်တဲ့ တောဝက်ကြီးက ချက်ကောင်းမမှန်လို့ သူ့ကိုဝင်ထိုးတာ အသာကလေးရှောင်လိုက်ပြီး အနီးကပ်ပွဲသိမ်းလိုက်တာပဲ။ နောက်ပြီး ပြောင်ကြီးက ကျွန်တော့်ကို လိုက်တော့လည်း တစ်ချက်တည်းနဲ့ အပိုင်ဆော်လိုက်တာ။ တော်ပါပေတယ်ဗျာ။ ဂုဏ်ပြုပါတယ်။ ချီးယား.."





"ချီးယား"

ကျွန်ုပ်တို့ တစ်ခွက်စီသောက်ကြပြီးနောက် နေ့လယ်စာ ထမင်းစားကြသည်။ ဝက်သားအား အမျိုးမျိုးချက်ပြုတ်၊ ကြော်လှော်ထားသည်မှာ အပြင်ဟိုတယ်အတိုင်းပင် လက်ရာကောင်းလှသည်။ မမကြီးနှင့် သမီးလည်း မြိန်ရှက်စွာစားကြသည်။ သက်သတ်လွတ်သမား ပုဏ္ဏားတင်ဦးကတော့ ထုံးစံအတိုင်းပင် ပုံမှန်စားသည်။ ခင်လှိုင်ကတော့ ထမင်းမစား။ အရက်သောက်လိုက်၊ အမြည်းစားလိုက်၊ စွပ်ပြုတ်သောက်လိုက်နှင့် အရသာခံစားနေသည်။

ခင်လှိုင်..

"ဩော်.. ပြောရဦးမယ် ကိုတင်ဦးရေ။ ညနေကျ ကျွန်တော့်အဖွဲ့တွေ ရောက်မယ်။ ပတ္တမြားအရောင်းအဝယ်ဖြစ်ပြီဆိုပါတော့ဗျာ"

တင်ဦး..

"ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ အကြာကြီးမစောင့်ရတော့ဘူးပေါ့။ စားလိုက်၊ သောက်လိုက်နဲ့ လူအုပ်က များတော့ အားနာတယ်ဗျာ"

"အဲဒီအတွက်တော့ အားနာစရာမရှိပါဘူးဗျာ။ ဒီမှာ အစားအသောက်ပေါပါတယ်။ ခင်ဗျားတို့အုပ်စု တစ်လလုံးနေရင်တောင် အစားအသောက်မဆင်းရဲစေရပါဘူး။ ကျွန်တော်ကျွေးနိုင်ပါတယ်။ ကဲ.. အားနာတမ်း စားကြစမ်းပါဗျာ။ ညနေတော့ ပြောင်သားဟင်းကို အမျိုးမျိုးလုပ်ကျွေးဦးမှာပါ။ မမကြီးနဲ့ သမီးစိတ်ကြိုက် ပြောနော်။ စားဖိုမှူးကိုနောင်က ကောင်းကောင်းချက်တတ်ပါတယ်။ ဂျပန်လို စကီးရားကီး၊ ဆားရှားမီနဲ့ တန်ပူရာကိုတောင် နိုင်နိုင်နင်းနင်းလုပ်တတ်တယ်။ Soup အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရတယ်။ သမီးယွန်းပွင့်စံ ဘယ်လိုစားချင်သလဲ"

"သမီးက အကင်စားချင်တာ"

"ဟုတ်လိုက်လေဗျာ။ လတ်လတ်ဆတ်ဆတ်အသားကို ကင်စားရတာ အလွန်အရသာရှိတာပဲ။ ကဲ.. စားဖိုမှူးကြီး ကိုနောင်ရေ၊ ညနေ ဧည့်သည်တွေလည်းစုံမယ်။ အမြည်းအတွက် ဝက်နဲ့ပြောင်သားကို ကိုရီးယားစတိုင်နဲ့ အကင်အမျိုးမျိုးလုပ်ပေးပါ။ အသားကြော်လည်း.လုပ်ပေး။ အာကလီစာဟင်းအပြင် ယိုးဒယားအသုပ်နဲ့ စွပ်ပြုတ်လည်း လုပ်ပေးဦး။ ဧည့်သည်များမှာနော်။ လိုတယ်မရှိစေနဲ့၊ ပေါပေါများများ လုပ်ထားပါ"

"ဟုတ်ကဲ့ သခင်ကြီး"

စားဖိုမှူးကိုနောင်ဆိုသူမှာ အသက်လေးဆယ်ခန့်သာရှိဦးမည်။ ကျွန်ုပ်တို့ထက် ငယ်ပါသည်။ ခင်လှိုင်၏လက်စွဲတော် ကိုဝဏ္ဏလိုတော့ မဟုတ်။ သေးသေးသွယ်သွယ်နှင့် သန့်ရှင်းသပ်ရပ်သူတစ်ယောက်ဖြစ်သည်။ မွန်မွန်ရည်ရည်နှင့် နှစ်လိုဖွယ်ရာရှိသည်။

စားသောက်ကြပြီးနောက် ခင်လှိုင်က အားလုံးအားနှုတ်ဆက်ပြီး အိပ်ခန်းထဲဝင်သွားသည်။ မမကြီးက ဦးဆောင်ပြီး ကျွန်ုပ်တို့အဖွဲ့အား ခုနစ်ဆောင်အိမ်ကြီး၏ အဆောင်အသီးသီးသို့ အပေါ်ထပ်လှေကားများမှ တစ်ဆင့် လိုက်ပြသည်။ ဝဲအစွန်အဆောင်ပတ်လည်ဝရန်တာမှကြည့်လျှင် ဆွေမျိုးစုသချိုင်းနှင့် မွေးမြူရေးခြံများအား တွေ့ရသည်။ ကျွန်ုပ် ညက လျှပ်ရောင်ထွက်သည့်အုတ်ဂူအား ရှာကြည့်မိသည်။ ထိုအချိန် မမကြီးက အနီးရောက်လာပြီး..

"မောင်မောင်.. ဘာရှာနေတာလဲဟင်"

"ခင်နောင်ရဲ့ ပန်းရောင်ကြွေပြားကပ်ထားတဲ့ အုတ်ဂူကို ရှာ





နေတာ"

"အလို.. ဘုရားရေ..။ မောင်မောင် ဘယ်လိုလုပ်သိတာလဲ။ ပန်းရောင်ကြွေပြားကပ်ထားမှန်း သိနေသလားဟင်။ ဟိုရှေ့က တည်ငြိမ်းပင်ခြေရင်းမှာ။ ပင်စည်နဲ့ကွယ်နေလို့ ရုတ်တရက် မမြင်ရတာပါ"

ဟုတ်ပါသည်။ တည်ငြိမ်းပင်စည်ကြီးကွယ်နေသော်လည်း အစွန်းထွက်နေသည်။ မကြာသေးမီက ပြုလုပ်ထားခြင်းဖြစ်၍ သစ်လွင်နေသည်။ အခြားအုတ်ဂူများကိုလည်း ကြွေပြားကပ်၍ ပြုလုပ်ထားသော်လည်း ရေညှိများတက်နေ၍ မှိုင်းညို့နေသည်။ သို့သော် သင်္ချိုင်းဝင်းအတွင်း ပန်းမျိုးစုံနှင့် သစ်ပင်ပုများ စိုက်ပျိုးထားသဖြင့် သာယာလှပနေသည်။ ဂူတစ်ခုနှင့်တစ်ခုကြား လမ်းကလေးများကိုလည်း ကြွေပြားစီ၍ ခင်းထားသည်။

ကျွန်ုပ်က မမကြီးအား ညက အိပ်မက်အကြောင်း ရှင်းပြလိုက်သည်။ မမကြီးမှာ အလွန်အံ့သြနေရှာသည်။

"သြော်.. မောင်မောင်ရယ်။ မောင်မောင့်ကို အားလုံးက ချစ်ကြ၊ ခင်ကြ၊ လေးစားကြတယ်နော်။ လူတကာကို အထင်မကြီးတတ်တဲ့ ခင်လှိုင်တောင် မောင်မောင့်ကို လေးစားတယ်။ အခု လာပြန်ပြီ၊ သေဆုံးသွားရှာတဲ့ ခင်နောင်ကတောင် ယုံကြည်အားကိုးစွာ အကူအညီတောင်းသတဲ့လား မောင်မောင်ရယ်။ အကူအညီပေးလိုက်ပါ။ သူ့ခမျာ မကျွတ်မလွတ်ဖြစ်နေပုံရတယ်။ ဒါကြောင့် မမကြီး ဒီအိမ်ကြီးမှာ ညအိပ်ရင် အိပ်မက်ဆိုးဝှေ့မက်တာ။ အခုတော့ မောင်မောင့်ဆီ လာအကူအညီတောင်းပြန်ပြီ။ ဒါကြောင့်ထင်တယ်။ မမ ညက ကောင်းကောင်းအိပ်ပျော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မမက သမီးနဲ့အတူအိပ်လို့ အိပ်မက်မမက်တာလို့ ထင်နေတာ။ အဲဒီအမှုကို ဖော်ထုတ်ပေးပါ မောင်မောင်ရယ်။ ကုန်ကျစရိတ်မှန်သမျှ မမကြိုးပေးပါ့မယ်။ အိပ်မက်ထဲမှာ မောင်မောင်သိခဲ့သလို ခင်လှိုင်ဟာ စိတ်ဝေဒနာသည်တစ်ဦးဆိုတာကိုလည်း မမတို့မသိခဲ့ပါဘူး။ သူက အင်မတန်ပိရိပြီး အနေကြံ့တယ်။ မမကို သူချစ်ခဲ့တယ်ဆိုတာတော့ ဟုတ်ပါတယ်။ မမက ပြန်မချစ်ခဲ့တာပါ။ ဘာဖြစ်မှန်းတော့ မသိဘူးကွယ်။ မမ သူ့ကို အိမ်ထောင်ဖက်တစ်ယောက်အနေနဲ့ ချစ်လို့ မရခဲ့ဘူး။ သူလည်း လူတော်တစ်ယောက်ပါ။ မန္တလေးတက္ကသိုလ်က ဥပဒေအဓိကနဲ့ ဘွဲ့ရခဲ့တာပါ။ မိဘက ချမ်းသာလို့ လုပ်မစားခဲ့တာ''

''ဪ. . သူက ဥပဒေနားလည်သူကိုး။ ဒါကြောင့် ဥပဒေကို လက်တစ်လုံးခြား ရှောင်တတ်တိမ်းတတ်တာကိုး။ မမ စိတ်ချမ်းချမ်းသာသာ နေပါ။ ကျွန်တော့်အဖွဲ့ဝင်တွေက လူတော်တွေပါ။ ခင်နှောင့်အမှုကို ကျွန်တော်တို့ ရေဆုံးရေဖျားလိုက်ပေးမယ်''

''အေးကွယ်. .။ အားကိုးပါတယ် မောင်မောင်ရယ်''

ကျွန်တော်တို့အဖွဲ့ မိုးမခနုနစ်ဆောင်ပြိုင်အိမ်ကြီးအား အပေါ်ထပ်မှ တစ်ပတ်လည်လှည့်ကြည့်ရင်း ကျွန်ုပ်တို့တည်းခိုနေသော အလယ်ဆောင်သို့ ပြန်ခဲ့ကြသည်။ ထူးဆန်းနေသည်မှာ ခင်လှိုင်၏ ဆွေတော်မျိုးတော်များ ဤအိမ်ကြီးတွင်ရှိနေသည်ဆိုသော်လည်း တစ်စုံတစ်ယောက်ကိုမှ မမြင်ခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်က မမအား မေးမြန်းရာ. .

''မမ. . ခင်လှိုင်ရဲ့ ဆွေတော်မျိုးတော်တွေလည်း ဒီအိမ်ကြီးမှာ မမြင်ပါလား''

''ဟုတ်တယ်ကွယ့်၊ တောင်ကြီးပြန်သွားကြတယ်ထင်တယ်။ မမ





လည်း မမြင်မိဘူး။ အရင်က လက်ဝဲဘက်အစွန်ဆုံးအဆောင်မှာ နေကြတာ။ ခင်လှိုင့်ဦးရီးတော်နဲ့ မိသားစုလေးယောက်တည်းပါ''

''လူရှင်းတော့လည်း တစ်မျိုးကောင်းတာပေါ့ဗျာ။ လှုပ်ရှားရတာ လွတ်လပ်တာပေါ့ မမ။ ကျွန်တော်တို့ ဒီညပဲ လှုပ်ရှားကြမှာ။ မမတို့ အခန်းထဲမှာပဲနေပါ။ မမတို့သားအမိ လုံခြုံရေးအတွက် ကျွန်တော်တို့အဖွဲ့က တာဝန်ယူပါတယ်''

ညနေစောင်းတော့လည်း ဧည့်သည်များ ပေါ်မလာပါ။ ကျွန်ုပ်တို့ စားသောက်ရင်း စောင့်ကြသည်။ ကိုရီးယားစတိုင် အသားကင်များအား စားကြရင်း သမီးယွန်းပွင့်စံက အလွန်ရွှင်မြူးနေသော်လည်း ခင်လှိုင်က စိတ်ကြွကြွဖြစ်နေသည်။

''ကျွန်တော့်လူတွေ ဘာအခက်အခဲရှိကြသလဲ မသိဘူးဗျို့။ ချိန်းထားတဲ့အတိုင်း ရောက်မလာကြဘူး။ တယ်လီဖုန်းကလည်း မိုးတွင်းမို့လား မသိဘူး။ ဆက်မရဘူး။ ဒီနယ်က ဖုန်းတွေက လက်နဲ့လှည့်ပြီး မြင်ဦးလွင်အိတ်ချိန်းကတစ်ဆင့် ဆက်ရတာဆိုတော့ အဆင်မပြေဘူး။ နောက်ဖြန်မနက်တော့ ကျွန်တော် တောင်ကြီးကို လိုက်သွားမယ်၊ ခင်ဗျားတို့ လွတ်လွတ်လပ်လပ်နေပြီး အနားယူရင်း စောင့်ကြပါ။ ဘာမှ အားနာစရာ မရှိဘူးနော်။ စားဖို့မှူးကိုနောင်နဲ့ အောက်ထပ်က ဒေါ်နန်းတို့က လိုအပ်တာတွေ အကုန်စီစဉ်ပေးပါလိမ့်မယ်။ ဪ. . မမကြီးတို့လည်း ရှိနေကြတာပဲ။ ဘာမှပူစရာမရှိပါဘူး''

ကျွန်ုပ်တို့ စားသောက်ကြပြီး ည (၈) နာရီတွင် စားသောက်ခြင်း အပြီးသတ်၍ ကိုယ်စီအနားယူကြသည်။ ခင်လှိုင်ကတော့ မနက်စောစော ထွက်ရန် ပြင်ဆင်စရာရှိသည်ဟုဆိုကာ အိပ်ခန်းအတွင်း ဝင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မမကြီးနှင့် ယွန်းပွင့်စံက တီဗီအစီအစဉ်ကို ကြည့်နေကြသည်။ ကျွန်ုပ်တို့အဖွဲ့ကတော့ လသာဆောင်ဘက်ထွက်၍ အစီအစဉ်တိုင်ပင်ကြသည်။

ကျွန်ုပ်က..

''ကဲ.. ပုဏ္ဏား။ မြင့်သိန်းနဲ့ ကျော်ကြီးတို့ ဒီည အလုပ်စမယ်။ ငါတို့နေတဲ့အဆောင်ထဲက အခန်းမှန်သမျှကို ဖွင့်လို့ရအောင် မြင့်သိန်းနဲ့ ကျော်ကြီးက သော့တွေအသင့်ရှာထား။ မင်းတို့မှာ သော့တူတွေ ပါတယ် မဟုတ်လား။ ခင်နှောင့်အခန်းကိုတော့ မမကြီးကို မေးရမယ်။ အဲဒီအခန်းထဲမှာ ခင်နှောင်ရဲ့ နောက်ဆုံးဒိုင်ယာရီမှတ်တမ်းရှိတယ်။ အဲဒါကို ငါလိုချင်တယ်။ ပုဏ္ဏားတင်ဦးကတော့ ခြေမြန်လက်မြန်ဆိုတော့ မိုးမခဩကြီးနောက်ဘက်အထွက်ပေါက် အပြင်ဘက်က မိုးမခပင်ကြီးခြေရင်းကို သွားတူးပါ။ အနက်နှစ်ပေဖလောက်မှာ တာမြောင်တစ်ချောင်း တွေ့လိမ့်မယ်။ ရရင် လက်အိတ်နဲ့ကိုင်ပြီး အဝတ်အိတ်တစ်လုံးထဲ ထည့်ယူခဲ့ပါ''

ကျွန်ုပ်က ကျွန်ုပ်၏အိပ်ပက်အား ရှင်းပြပြီး တာဝန်ခွဲဝေပေးလိုက်တော့သည်။

ထိုစဉ် သူခိုးမြင့်သိန်းက ဖလသံတိုးတိုးဖြင့်..

''ဆရာသမားပြောတာ နောက်တောင်ကျနေပြီ။ ကျွန်တော်တို့ လုပ်ရှာပြီးပါပြီ။ ခင်လှိုင့်အခန်းကိုလည်း ဆရာတို့ မနက်က တောပစ်ထွက်တုန်းကတည်းက ဖောက်ဝင်ပြီးပြီ။ သူ့ပီးခံသေတ္တာကိုတောင် ဖွင့်ကြည့်ပြီးပြီ။ အင်္ဂလန်လုပ် YALE မီးခံသေတ္တာအဟောင်းကြီးပါ ဆရာ။ ရယ်။ အပေါ်အောက် နှစ်ဆင့်ဖွင့် အမျိုးအစားပဲ။ အထဲမှာ သိန်းငါးရာကျော်လောက်တော့ရှိတယ်။ အံဆွဲတွေထဲမှာ ကျောက်အမျိုးမျိုးနဲ့ ရွှေထည်





တွေ တွေ့ရတယ်။ ခြောက်လုံးပြူးသေနတ်နှစ်လက်လည်း တွေ့ရတယ်။

ကျွန်တော်တို့ စစ်ဆေးပြီး လက်ရာမပျက် ပြန်ပိတ်ခဲ့ပါတယ်။ အဲ.. ခင်နှောင့်အခန်းကတော့ အနောက်ဘက်အစွန်ဆုံးအခန်း ဆရာ။ သူ့အခန်းက အိမ်ကြီးအနောက်ဘက်က မွေးမြူရေးနဲ့စိုက်ပျိုးရေးခြံတွေကို လှမ်းမြင်နိုင်တယ်။ အခန်းထဲမှာ အဝတ်ဗီရိုနှစ်လုံးနဲ့ အိပ်ခုတင်၊ စာရေးစားပွဲနှင့် စာအုပ်စာတမ်းတွေပဲရှိတယ်။ အဖိုးတန် ဘာပစ္စည်းမှ မရှိဘူး။ ခုတင်အောက်မှာ သစ်သားသေတ္တာတစ်လုံးရှိလို့ သော့ဖွင့်ကြည့်တာ သေနတ်အဟောင်းတွေနဲ့ ကျည်ဆန်တွေတော့ တွေ့တယ်ဆရာ''

''ကျွန်တော် လိုရမယ်ရ ခြောက်လုံးပြူးသုံးလက်နဲ့ ကျည်ဆန်တွေ ယူလာခဲ့တယ်။ ကျော်ကြီးပြင်ဆင်တိုက်ချွတ်ထားလို့ အကောင်းအတိုင်းဖြစ်နေပြီဆရာ''

''တော်ကြလှချည်လား သူခိုးရယ်။ ဒါဆို ဒိုင်ယာရီစာအုပ်ယူဖို့နဲ့ ခြံကြီးအနောက်ပေါက် မိုးမခပင်ခြေရင်းက တာမြောင်ကို တူးဖို့ပဲ ကျန်တော့တာပေါ့။ ကဲ.. ဒီည လှုပ်ရှားကြပေရော့။ အောက်ထပ်မှာ ဗ..ကြီးလှ ရှိတယ်နော်။ သတိတော့ ထားကြပါ''

သူခိုးမြင့်သိန်း..

''ဆရာ.. ကျွန်တော်အကြံပေးချင်တယ်၊ ဒီအိမ်ပေါ်က ဒိုင်ယာရီစာအုပ်ရှာဖို့က မခက်ပါဘူး။ ကျွန်တော်တစ်ယောက်တည်း တာဝန်ယူနိုင်ပါတယ်။ တာမြောင်ကိစ္စက ပုဏ္ဏားနဲ့ကျော်ကြီးတို့ နှစ်ယောက်သွားမှ ဖြစ်လိမ့်မယ်။ တစ်ယောက်က တူးရမယ်။ တစ်ယောက်က ပတ်ဝန်းကျင်အခြေအနေ စောင့်ကြည့်ရမယ်။ ဟုတ်တယ်မဟုတ်လား ဆရာ''

''အေး.. အေး.. အဲဒီအစီအစဉ် ကောင်းတယ်၊ ငါက အိမ်ပေါ်

www.burmeseclassic.com



သင့်မှာ အခက်အခဲရှိမှာစိုးလို့ ပြောရတာပါ''

''ဆရာကလည်းဗျာ..။ သူခိုးမြင့်သိန်းအတွက် ကမ္ဘာပေါ်မှာ အာမခံသော့မပေါ်သေးပါဘူး။ အင်္ဂလန်လုပ် CHUBB သော့နဲ့ YALE သော့တွေက နည်းနည်းခက်ပေမယ့် တရုတ်နဲ့ ကိုရီးယားသော့တွေက အလွယ်ဆုံး။ တရုတ်သော့ကြီးတွေဆိုရင် GLOBE နဲ့ THREE COIL ဆိုရင် ကြီးလေ၊ စိတ်မချရလေပဲ။ သူတို့က အင်္ဂလန်လုပ်သော့တွေလို Relay System မဟုတ်ဘူး။ Ball နဲ့ Spring type တွေ။ အနေတော် သံချောင်းတစ်ချောင်းရှိရင်ပဲ ဖွင့်လို့ရနေပြီ။ ကျွန်တော်တို့ရဲ့ လက်စွဲတော် Master Key တွေတောင် မလိုပါဘူးဗျာ''

''ဟုတ်ပါပြီ ဆရာသူခိုးရယ်။ ဒီပွဲကတော့ မင်းတို့ပွဲပါပဲ။ ငါကတော့ စိတ်ချယုံကြည်စွာ စောင့်ကြည့်နေပါမယ်''

ထိုညက ကျွန်ုပ်တို့ ည (၁၀) နာရီခန့်တွင် အိပ်ရာဝင်ခဲ့ကြသည်။ မယ်ကြီးအားလည်း တိုးတိုးတိတ်တိတ်အသိပေးထားသဖြင့် သူတို့သားအမိလည်း စောစောမျက် အိပ်ရာဝင်သွားကြသည်။ ညဘက် မိုးတဖွဲဖွဲကျနေသဖြင့် ချမ်းအေးလှသော်လည်း ပုဏ္ဏားနှင့်ကျော်ကြီးတို့အတွက် အလုပ်လုပ်ရန် ရာသီဥတုက ဖေးမကူညီသလိုဖြစ်နေသည်။ ညမှာ တိတ်ဆိတ်နေသည်။ မိုးစက်သံတဖျောက်ဖျောက်ကိုသာ ကြားနေရသည်။ ကျွန်ုပ် ဘုရားဝတ်ပြု၊ အမျှဝေပြီး စိတ်ချလက်ချ အိပ်ရာဝင်ခဲ့ပါသည်။

ကျွန်ုပ် ညစာအစားများ၍ထင်သည်။ ခေါင်းချသည်နှင့် အိပ်ပျော်ခြင်းသို့ရောက်သည်။ အိပ်မက်မက်ပြန်ရာ အိပ်မက်ထဲတွင် ခင်နှောင့်က ကျွန်ုပ်အား အားကိုးယုံကြည်သောမျက်နှာနှင့် ကြည့်နေပြီး မနက်ဖြန်ညနေ့ညသည်များရောက်လာလျှင် အရက်အလွန်အကျွံမသောက်ရန်နှင့် အိပ်





ခန်းပြောင်း၍အိပ်ရန် သတိပေးလာသည်။ မနက်ဖြန် လကွယ်ညဖြစ်၍ ခင်လှိုင် စိတ်ဖောက်ပြန်ပြီး အန္တရာယ်ပြုလိမ့်မည်ဟုလည်း ထပ်တလဲလဲ ပြောသည်။

ကျွန်ုပ် နောက်တစ်နေ့မနက် (၅) နာရီမှ တစ်ရေးနိုးတော့သည်။ ကျွန်ုပ်နှင့် သူခိုးမြင့်သိန်းတို့ နှုတ်ဆင်နှစ်လုံးကြား စားရေးစားပွဲပေါ်တွင် ဒိုင်ယာရီစာအုပ်တစ်အုပ်နှင့် ပလတ်စတစ်အိတ်စွပ်ထားသော စက္ကူအိတ်တစ်ခုကို တွေ့ရသည်။ အိတ်ထဲတွင် ဟကျောသော သံထည်ပစ္စည်းကို ဝမ်းပိသည်။ သူခိုးမြင့်သိန်းနှင့် ပုဏ္ဏားတင်ဦး၊ ကျော်ကြီးတို့ ညက သေသပ်စွာ အလုပ်ပြီးပြောက်ကြောင်း သက်သေများဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (အခန်း-၃)

အိပ်ရာကထ၍ သွားတိုက်၊ မျက်နှာသစ်ပြီးနောက် ဘုရားဝတ်ပြုသည်။ မနက် (၆) နာရီတိတိတွင် ညှိခန်းသို့ထွက်လာရာ Breakfast စားရန်အတွက် ခင်လှိုင်နှင့် မမကြီးတို့သားအမိက စောင့်မျှော်နေကြောင်း တွေ့ရသည်။ သူနိုးမြင့်သိန်း၊ ကျော်ကြီးနှင့် ပုဏ္ဏားတင်ဦးတို့လည်း မရှေးမနှောင်းရောက်လာကြသည်။

ခင်လှိုင်..

"ကဲ..ဆရာတို့။ Breakfast စားရအောင်။ ကျွန်တော်နဲ့ ဝဏ္ဏ ဒီမနက် တောင်ကြီးသွားမယ်။ ဟိုအဖွဲ့နဲ့ လမ်းမှာတွေ့ရင်တော့ ချက်ချင်းပြန်ခဲ့မယ်။ မတွေ့ရင်တော့ တောင်ကြီးမှာ ညအိပ်ပြီး မနက်ဖြန်ညနေလောက်မှ ပြန်ရောက်မယ်။ စိတ်ပူစရာ မရှိပါဘူး။ အေးအေးဆေးဆေး အနားယူရင်း စောင့်ကြပါ။ စိုက်ပျိုးမွေးမြူရေးခြံတွေဘက် သွားလည်ရင်လည်း ရပါတယ်။ မြင်းစီးချင်ရင်လည်း အနောက်ခြံထဲမှာ မြင်း





တွေ အဆင်သင့်ရှိပါတယ်။ အဲဒီမှာ ကိုသီဟရှိတယ်၊ လိုအပ်တာမှန်သမျှ သူစီစဉ်ပေးလိမ့်မယ်"

ကျွန်ုပ်..

"စိတ်ချသွားပါ ကိုခင်လှိုင်။ ကျွန်တော်တို့လည်း ဒီခြံကြီးပတ်ဝန်းကျင်ကို အတော်ကျွမ်းနေပါပြီ။ နောက်ဆံမတင်းဘဲ စိတ်အေးချမ်းသာစွာနဲ့ ခရီးသွားပါ။ ခင်ဗျားမပြန်မချင်း ကျွန်တော်တို့စောင့်နေပါ့မယ်"

"အေးဗျာ.. ကျေးဇူးတင်ပါတယ်။ ကျွန်တော်လုပ်တဲ့ အလုပ်မှန်သမျှ တစ်ခါမှ အထစ်အငေါ့မရှိဖူးပါဘူး။ ဒီတစ်ခါ ဘယ်လိုဖြစ်တယ် မသိဘူး။ မိုးတွင်းဆိုတော့လည်း အခက်သားဗျာ။ တောင်ကြီးဘက်က လမ်းတွေက စိတ်မချရဘူး။ မိုးကြီးရင် မြေပြိုပြီး လမ်းပိတ်တတ်တယ်"

ကျွန်ုပ်တို့ Breakfast စားကြသည်။ ရှမ်းခေါက်ဆွဲသုပ်နှင့် ကော်ဖီဖြစ်သည်။ ကျွန်ုပ်တို့အတွက် တောဝက်သားနှင့်ဖြစ်သော်လည်း ပုဏ္ဏားတင်ဦးအတွက်ကတော့ သက်သတ်လွတ်ခေါက်ဆွဲသုပ်ဖြစ်သည်။ ပဲမှုန့်၊ မြေပဲဆန်တို့နှင့်သုပ်ထားပြီး ဆီချက်ဆမ်းထားသည်။ ပုဏ္ဏားတင်ဦးက သက်သတ်လွတ်စားသော်လည်း နွားနို့ကိုတော့ သောက်သည်။

မမကြီး..

"ဒီနေ့မနက်စာကိုတော့ ကျွန်မစီစဉ်ထားတာပါ။ ဒေသထွက် ရှမ်းစာလေးလည်း မစားရတာ ကြာလို့ပါ။ အဆင်ပြေကြရဲ့လားမသိဘူး"

ကျွန်ုပ်..

"ဒီရောက်မှ အစားအသောက်အဆင်မပြေတာ တစ်ခုမရှိပါဘူးဗျာ။ မန္တလေးဟိုတယ်လက်ရာထက်တောင် ကောင်းပါသေးတယ်။ ကျေးဇူးတင်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးတော့ အောက်ထပ်ဆင်ဝင်အောက်သို့ ဆင်းကြ သည်။ ကိုခင်လှိုင်အားလိုက်ပို့ခြင်းဖြစ်သည်။ ဆင်ဝင်အောက်တွင် ဗလ ကြီးဝဋ္ဋက နောက်ဆုံးပေါ် LAND ROVER မှန်လုံကား အနောက် တံခါးအားဖွင့်ပေးပြီး သူက ဒရိုင်ဘာခန်းဝင်ထိုင်၍ မောင်းသည်။ ခင် ထွက်တော့လည်း ဗလကြီးဝဋ္ဋမှာ ပင်နီရောင်ရှမ်းအကျီရင်စေ့နှင့် ရှမ်း လုံချည်ကို ဝတ်ထားသည်။

ကားကလေး ခြံဝတံခါးမှ ထွက်သွားမှ ကျွန်ုပ်တို့ အိမ်ကြီးပေါ်သို့ ပြန်တက်ခဲ့ကြသည်။ ပိုင်ရှင်မရှိသောအိမ်ကြီးတွင် နေရသည်မှာ ယခု လွတ်လပ်တော့သည်။ ဆူဆူညံညံစကားပြောကြရင်း အတိုးချ၍ နားနေ ကြတော့သည်။

မနားနိုင်သူမှာ ကျွန်တော်တစ်ယောက်တည်းဖြစ်သည်။ အိပ် ခန်းထဲဝင်၍ ညက ပုဏ္ဏားတင်ဦးတို့ယူလာသော ဓားမြှောင်အား စစ်ဆေး ကြည့်ရှုရသည်။ ဓားမြှောင်မှာ သွေးစေးများကြောင့် သံချေးပင်တက်နေ ပေပြီ။ လက်ရာမပျက် စက္ကူနှင့်ပတ်ထားသည်။ ခင်နောင်၏ ဒိုင်ယာရီစာ အုပ်အား ဖွင့်ကြည့်ရသည်။ ခြံထွက်သားငါးအရောင်းအဝယ်နှင့် သစ်သီး များရောင်းချခြင်း၊ အမဲလိုက်ခြင်းနှင့် အိမ်တွင်းရေးကိစ္စများအား နေ့စဉ် မှတ်တမ်းရေးသားထားပြီး စာအုပ်အနောက်ဘက်အဖုံးကြားတွင် မန္တလေး ဆေးရုံကြီးမှ ဆေးလက်မှတ်မှတ်တမ်းစာအုပ်ကလေးကို တွေ့ရသည်။

မှတ်တမ်းစာအုပ်အရ ခင်နောင်တွင် ဆီးချိုရောဂါရှိကြောင်း သိရသည်။ အင်ဆူလင်ဆေးများ ပေးထားသည်။

သွေးအမျိုးအစားမှာ (A) အမျိုးအစား၊ RX(+) ဖြစ်သည်။ ဒိုင်ယာရီစာအုပ်မှာ လွန်ခဲ့သောသုံးနှစ်ကဖြစ်၍ ၁၉၉၈ ဟု နှစ်ကာလအား





ပြနေသည်။ မိုးရာသီ နှင်းလဖြစ်၍ ကျွန်ုပ်အသေအချာကြည့်ရာ ယနေ့သည် ခင်နောင်ဆုံးသော သုံးနှစ်အတိအကျပြည့်သော နှင်းလ (၁၃) ရက်နေ့ဖြစ် နေသည်ကို တိုက်ဆိုင်စွာတွေ့ရသည်။ ကျွန်ုပ် မှတ်တမ်းစာအုပ်လေးအား မွေ့ရာအောက်တွင် သိမ်းလိုက်ပြီး ဆေးမှတ်တမ်းကလေးအား ကျွန်ုပ်၏ ခရီးဆောင်အိတ်အောက်ဆုံးတွင် အဝတ်အစားများနှင့် ဖုံးကွယ်၍ သိမ်း ဆည်းထားလိုက်သည်။

ကျွန်ုပ်အပြင်ထွက်လာတော့ ပုဏ္ဏားတင်ဦးက မမကြီးတို့သား အမိအား ဗေဒင်တွက်ပေးနေသည်ကို တွေ့ရသည်။ ကျွန်ုပ်အား မြင်သည် နှင့် မမကြီးက..

"မောင်မောင်..လာ..လာ..။ ကိုတင်ဦး မမကြီးကို ဗေဒင် တွက်ပေးတာ အရမ်းမှန်တာပဲ။ သမီးလေးကို တွက်ပေးတာလည်း မှန် တာပဲ"

"သူက နာမည်ကြီးဗေဒင်ဆရာ ပုဏ္ဏားမျိုးနွယ်ပဲ။ မှန်တာပေါ့ မမကြီးရယ်။ ပုဏ္ဏားရေ..မွေးနေ့ခုနှစ်တစ်ခု ပြောမယ်နော်။ မှန်အောင် အကြမ်းကလေး တွက်ပေးစမ်းပါ။ သူက စနေသား။ မွေးရက်၊ မွေးလက ၁၃. ၆. ၁၉၄၈"

"ရတယ် ဆရာ။ မမကြီး..ခဏလေးနော်"

"တြိစက္က၊ ပဉ္စက၊ ပြိဿ၊ သောမ၊ ရာမ၊ ဗြိဿက၊ တုလာ၊ လောပဲ။

အဓိပတိဖွား၊ စနေသား၊ မိဘမျိုးရိုးအလိုက် ချမ်းသာတယ်။ ပညာတတ်တယ်။ ငယ်ငယ်က ချူချာသလို ကြီးတော့လည်း ရောဂါသည် ပဲ။ ဆီးချို၊ နှလုံးရောဂါ ရှိတယ်။ အသက်တိုတတ်တယ်။ မှန်းစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ပေါ်သို့ ဒုံးဂဏန်းကျေးဂဏန်းစာဖြင့်ရေးရင်း..

"တူလာ၊ လောဟိ၊ မရဿိ၊ လာကော၊ တြိလောက၊ ပဋိပက္ခ၊ အနိစ္စ..။

လွန်ခဲ့တဲ့ သူ့မွေးနေ့ မွေးလ ၁၃. ၆. ၉၈ ရက်နေ့မှာ ဥပဇ္ဈေဒက ကံနဲ့ ဆုံးတယ်။ ဒီနေ့ဟာ သူဆုံးတာ သုံးနှစ်တင်းတင်းပြည့်တဲ့နေ့ပဲဆရာ။ ဒါ.. ဘယ်သူ့မွေးရက်လဲ"

"အဲဒါ ကိုခင်နောင်ရဲ့ မွေးနေ့သက္ကရာဇ်ပဲ ပုဏ္ဏားရေ"

"ခင်ဗျာ.."

"ရှင်.."

"အင့်.. ဟင့်.. ဟီး.. ဟီး.."

မမကြီးနှင့် သမီးယွန်းပွင့်စံတို့ ပြိုင်တူငိုကြွေးကြသည်။

မမကြီး..

"မောင်မောင်ရယ်.. ဘယ်လိုလုပ်သိတာလဲဟင်။ အံ့သြစရာ အလွန်ကောင်းလိုက်တာနော်"

"မအံ့သြနဲ့တော့ မမရေ..။ ကျွန်တော်က စုံစမ်းပြီး သိတာ။ ပုဏ္ဏားတင်ဦးက အကြားအမြင်ပညာနဲ့ သိတာ။ ဒီနေ့ဟာ ကိုခင်နောင်ရဲ့ သုံးနှစ်မြောက် ကွယ်လွန်တဲ့နေ့ပဲ။ သူမကျွတ်မလွတ်သေးတာလည်း မမကြီးတို့ အသိပဲ။ အဲဒါကြောင့် တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီနေ့မွန်းမတည့်မီ သံဃာသုံးပါးလောက်နဲ့ ဆွမ်းသွတ်၊ အမျှဝေပြီး အလှူကလေးလုပ်စေချင်တယ်။ ကျွန်တော်တို့ ဘုန်းကြီးပင့်ပေးမယ်။ လိုအပ်တာ ဝယ်ပေးမယ်။ မမကြီးတို့က စားဖိုမှူးကြီး ကိုနောင်ကို နေ့ဆွမ်းကျွေးဖို့ စီစဉ်နိုင်းပါနော်။ ကဲ.. မမ။ အချိန်မရှိဘူး။ အခုပဲ သွားပြောပေတော့"





"သြော်.. မောင်မောင်ရယ်။ မင်းမသိတာ တစ်ခုမှမရှိပါလားဟင်။ မမတို့က မေ့နေတာ"

မမကြီးတို့သားအမိ မီးဖိုခန်းဘက် ထအသွားတွင်..

ကျွန်ုပ်..

"ကဲ.. ကျော်ကြီးရေ၊ မင်းက မမကြီးတို့ကို လိုအပ်တာတွေ ဝိုင်းကူလုပ်ပေးလိုက်၊ ကိုခင်နောင့်အုတ်ဂူကိုလည်း အမှိုက်ရှင်းပြီး ရေဆေးပေးလိုက်ဦး။ ငါနဲ့ ပုဏ္ဏားက ဈေးဘက်သွားပြီး ဘုန်းကြီးအချိုပွဲအတွက် ငှက်ပျောသီး၊ အုန်းသီး၊ အမွှေးတိုင်၊ ဖယောင်းတိုင် ဝယ်မယ်။ အနီးစခန်းရွာဦးမှာ အလာတုန်းက ဘုန်းကြီးကျောင်းမြင်ခဲ့တယ်၊ အဲဒီမှာဝင်လျှောက်ခဲ့မယ်။ အဆင်သင့်လုပ်ထားပေရော့"

ကျွန်ုပ် ပုဏ္ဏားတင်ဦးအားခေါ်၍ ကျွန်ုပ်တို့၏ ဗင်ကားကလေးဖြင့် ထွက်ခဲ့သည်။ အချိန်မှာ မနက် (၇) နာရီကျော်ခန့်သာရှိသေးသည်။

"ပုဏ္ဏား.. ညက အဆင်ပြေသလား။ အနှောင့်အယှက် တွေ့ရသေးလား"

"အဆင်ပြေပါတယ် ဆရာ။ အနှောင့်အယှက်က အသေးအမွှားပါ။ ဗလကြီး ဝဏ္ဏက ခွေးကြီးနှစ်ကောင်နဲ့ ကင်းလှည့်နေတယ်၊ ကျွန်တော့်အဆောင်တွေ စွမ်းသေးတယ်ဆရာ။ အနောက်ဘက်အုတ်နံရံကို ခုန်ကျော်နိုင်တယ်။ ကျော်ကြီးကတော့ သူ့နည်းသူ့ဟန်နဲ့ တံခါးဖွင့်ပြီး ထွက်လာတာ။ မိုးတွင်းမို့ မြေက ပွနေတာနဲ့ အလွယ်တူးလို့ရတယ်ဆရာ။ မိုးကရွာသေးတယ်၊ နှစ်ယောက်စလုံး ကြွက်စုတ်ဖြစ်သွားတယ်။ ကျွန်တော်က မိုးမခပင်ပေါ်က ကင်းစောင့်ပေးပြီး ကျော်ကြီးက တူးတာပါ။ ပြီးတော့ ဆရာ့အခန်းထဲ လာထားပေးခဲ့တာ။ ကိုမြင့်သိန်းက အရင်အလုပ်ပြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်။ ဆရာစားပွဲပေါ်မှာ ဒိုင်ယာရီစာအုပ်ကို တွေ့ခဲ့တယ်''

''အေး.. အေး.. မင်းတို့ အလွန်ပိရိပါပေတယ်ကွာ။ ငါတောင် သတိထားနေတဲ့ကြားက ဘာသံမှ မကြားလိုက်ဘူး။ မနက် တစ်ရေးနိုးမှ ပစ္စည်းတွေကို တွေ့ရတာ''

ပြောရင်းဆိုရင်း ရွာအဝင်လမ်းဝသို့ ရောက်လာသဖြင့် ရွာဦး ဘုန်းကြီးကျောင်းထဲသို့ ဝင်ခဲ့ပြီး ဆရာတော်အား လျှောက်ထားရသည်။

''ဆရာတော်ဘုရား.. တပည့်တော်တို့က မိုးမခစံအိမ်ကြီးကပါ ဘုရား။ နှစ်လည်ဆွမ်းကပ်ချင်လို့ နေ့လယ် (၁၁) နာရီလောက် ကြွစေချင်ပါ တယ်ဘုရား''

''အိမ်း.. အိမ်း.. သံဃာဘယ်နှပါးပင့်မလဲ ဒကာကြီး''

''သုံးပါးပါဘုရား။ အချိန်နီးရင် တပည့်တော်တို့ လာကြိုပါ့မယ် ဘုရား''

''လာမကြိုပါနဲ့။ ကျောင်းနဲ့ မိုးမခစံအိမ်ကြီးက နီးပါတယ်။ ဒကာတို့ လုပ်စရာရှိတာလုပ်၊ သွားစရာရှိတာ သွားပါ။ ဒါနဲ့ ဒကာကြီး.. ကိုခင်နောင်အတွက်ထင်တယ်၊ ဒကာကြီးခင်နောင် ဆုံးပါးသွားတာ သုံးနှစ် လောက်ရှိပြီလေ''

''တင်ပါ့ဘုရား..။ သုံးနှစ်နှစ်လည် ဒီနေ့ပြည့်ပါတယ်ဘုရား။ ဒါကြောင့် သံဃာတော်သုံးပါးကို နေ့ဆွမ်းကပ်မှာပါဘုရား''

''အိမ်း.. အိမ်း.. သာဓု.. သာဓု.. သာဓု..''

''တပည့်တော်တို့ ဝယ်စရာလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦး ဘုရား''

''အိမ်း.. အိမ်း..''





အနီးစခန်းရွာဈေးသို့ ဆက်ထွက်ခဲ့သည်။ အချိန်မှာ (၅း၃၀) နာရီကျော်ပြီဖြစ်၍ ဈေးကွဲစပြုနေပြီ၊ ကံကောင်းထောက်မစွာ သိမ်းဆည်း နေသောဆိုင်မှ အုန်းသီး၊ ငှက်ပျောသီး ဝယ်၍ရသော်လည်း ဖယောင်း တိုင်၊ အမွှေးတိုင်နှင့် မုန့်များဝယ်မရသဖြင့် (၂၁) မိုင်စခန်းသို့ ပြေးရတော့ သည်။ လမ်းတွင် ပုဏ္ဏားတင်ဦးက..

''ဆရာ.. ညက ထူးဆန်းတာတစ်ခု ပြောရဦးမယ်။ မိုးမခပင် ကြီးအောက်က တံးမြှောင်ရတော့ ကျွန်တော်တို့ပြန်လာမယ်အလုပ်မှာ ဆွေမျိုးစုသချိုင်း၊ အုတ်ဂူတစ်ခုက လျှပ်လက်သလို ဝင်းခနဲ ဝင်းခနဲ နှစ်ကြိမ်သုံးကြိမ် မြင်လိုက်ရတယ်ဆရာ။ အဲဒါ ဘာဖြစ်တာလဲ''

''အေး.. အဲဒါ ကိုခင်နောင့်အုတ်ဂူကပဲ။ ငါလည်း မြင်ပြီးပြီ။ ငါတို့ကို အကူအညီတောင်းတဲ့ သဘောပေါ့ကွာ။ သူက မကျွတ်မလွတ် ဖြစ်နေတာကိုး။ အဲဒါကြောင့် ဒီနေ့ သုံးနှစ်ပြည့်တဲ့နေ့မှာ အလှူလုပ်ပြီး အမျှအတန်းဝေဖို့ ငါသတိရတာပဲ။ သူ့ဒိုင်ယာရီကို ငါဖတ်ပြီးပြီလေ''

ကျွန်ုပ်တို့ (၂၁) မိုင်စခန်းသို့ ရောက်လာကြသည်။ စတိုးဆိုင်နှင့် မုန့်ဆိုင်များမှ မုန့်များနှင့် ယိုစုံများ၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ဝယ်ကြပြီးနောက် လက်ဖက်ရည်ဆိုင်တစ်ခုတွင် ခေတ္တနားရင်း လက်ဖက် ရည်မှာသောက်ကြသည်။ လက်ဖက်ခြောက်ကောင်းကောင်းနှင့် နွားနို့စစ် စစ်ရသဖြင့် နို့မလိုင်လက်ဖက်ရည်ကိုပင် မှာသောက်ကြသည်။ အင်းဝက လက်ဖက်ရည်လိုပင် ကောင်းပါသည်။ လက်ဖက်ခြောက်အရသာဖြင့် ချိုစိမ့်ပြီး မွှေးနေသည်။ ပုဏ္ဏားတင်ဦးကတော့ နံပြားပူပူလေးကို မှာစား လိုက်သေးသည်။

ကျွန်ုပ်တို့ မိုးမခအိမ်ကြီးကို ပြန်ရောက်တော့ နံနက် (၆) နာရီ

www.burmeseclassic.com



ကျော်ကျော်သာ ရှိသေးသည်။ ကျော်ကြီးနှင့်မြင့်သိန်းက သချိုင်းအား ရှင်းလင်းနေသည်။ ကျွန်ုပ်နှင့် ပုဏ္ဏားတင်ဦး ကန်တော့ပွဲပြင်ကြသည်။ ညှိခန်းအား ဘုန်းတော်ကြီးများ တရားချီးမြှင့်ရန် ပြင်ဆင်ရသည်။

မမကြီးတို့သားအမိကလည်း နေ့လယ်ဆွမ်းကပ်ရန် ပြင်ဆင်နေကြသည်။ ကျော်ကြီးနှင့်မြင့်သိန်းတို့ အလုပ်ပြီးသဖြင့် ပြန်လာကြသော အခါ ကျွန်ုပ်တို့ ရေမိုးချိုး၍ အသင့်ပြင်ဆင်ကြသည်။

နံနက် (၁၀) နာရီကျော်ခန့်အချိန်တွင် ဘုန်းတော်ကြီးသုံးပါး ကြွရောက်လာသဖြင့် ကြိုဆိုပြီး နေရာထိုင်ခင်းပေးရသည်။

ပြီးနောက် ရှင်အရဟံဘုရားရှိခိုးဖြင့် တညီတညာတည်း ရှိခိုး ဝတ်ပြုကြပြီးနောက် ဆရာတော်က ငါးပါးသီလပေးသည်။ ပရိတ်ရွတ်၍ အမျှအတန်းဝေ၊ ရေစက်ချကြသည်။

ပြီးနောက် ဘုန်းတော်ကြီးများအား နေ့ဆွမ်းကပ်သည်။ မမကြီး တို့စီစဉ်ထားသောဟင်းမှာ စုံလင်လှသည်။ ဝက်သားဟင်း၊ ကြက်သား ဟင်း၊ ဘဲသားဟင်းနှင့် ငါးဟင်းအပြင် ဒေသထွက်အသီးအရွက်ချဉ်ရည် ဟင်း၊ အသီးအရွက်ကြော်များ၊ ငါးပိရည်နှင့် တို့စရာပင် ပါသေးသည်။ မြန်မာထမင်းဟင်းလက်ရာများဖြစ်သည်။

အပြန်တွင် ကန်တော့ပွဲနှင့် လှူဖွယ်ပစ္စည်းများပါသဖြင့် ကျွန်ုပ် က ဗင်ကားလေးဖြင့် ဘုန်းတော်ကြီးများအား ကျောင်းသို့လိုက်ပို့ရသည်။ ကျွန်ုပ် ကျောင်းကပြန်အထွက်တွင် ရွာလမ်းထဲသို့ ကားနှစ်စီးဝင်လာ၍ စောင့်နေရာ လင့်ရိုဗာကားနှင့် ဆလွန်းကားတစ်စီးဖြစ်၍ ခင်လှိုင်တို့ ပြန်လာခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်ုပ်ကားကို မြင်သည်နှင့် ခင်လှိုင် က လက်ပြနှုတ်ဆက်ပြီ၊ ဆင်းလာသဖြင့် ကျွန်ုပ်လည်း ကားပေါ်ကဆင်း





ပြီး နှုတ်ဆက်ရသည်။

ကျွန်ုပ်း . .

"ညှိသည်တွေနဲ့ လမ်းမှာတင်ဆုံတယ်ထင်တယ်"

"ဟုတ်ပါရဲ့ဗျာ။ တောင်ကြီးအတက်မှာတင် ဆုံတာ။ ညက မိုးကောင်းတော့ တောင်တွေပြိုပြီး လမ်းပိတ်နေတာလေ"

"ဒါနဲ့ ဦးသိန်းဝင်း . .။ ဘုန်းကြီးကျောင်းကို လာတာလား"

"ဟုတ်ပါတယ်၊ ဒီနေ့ ကိုခင်နောင်ရဲ့ သုံးနှစ်ပြည့်အလှူလုပ်လို့ ဘုန်းတော်ကြီးတွေကို နေ့ဆွမ်းကပ်ပြီး ပြန်လိုက်ပို့တာပါ"

"ဩော် . . ဟုတ်ပါရဲ့ဗျာ။ အစ်ကိုတော်ဆုံးတာ သုံးနှစ်ပြည့်ပြီပဲ၊ ကျွန်တော်လည်း မေ့နေတာ။ ဒါနဲ့ မနက်ကလည်း မမကြီးတို့ ကျွန်တော့် ကို မပြောကြပါလား"

"သူတို့လည်း ကိုခင်လှိုင်သွားမှ သတိရပြီး ကမန်းကတန်းလုပ် ကြရတာပါ။ မြန်မာထမင်းဟင်းနဲ့ ပြည့်စုံအောင် ကပ်နိုင်ပါတယ်၊ လိုအပ် တဲ့ အချိုပွဲနဲ့ ကန်တော့ပွဲကိုတော့ ကျွန်တော်တို့ဝယ်ပေးလိုက်တယ်"

"အေးဗျာ . . ကျေးဇူးအထူးတင်ပါတယ်၊ ခင်ဗျားတို့ရှိတော့ ပို အဆင်ပြေသွားတာပေါ့"

ထိုစဉ် နောက်ကားမှ ညှိသည်သုံးဦးလည်း ဆင်းလာသဖြင့် ခင်လှိုင်က ကျွန်ုပ်နှင့်မိတ်ဆက်ပေးပါသည်။

"လာကြချို့ ကိုပန်တို့ . .။ ဒါက ဦးသိန်းဝင်း။ ပတ္တမြားရောင်း ဝယ်အဖွဲ့က ခေါင်းဆောင်ပါ။ သူတို့ကတော့ သူဌေးကြီးဦးပန်း၊ သူက ဦးနောင်၊ သူကတော့ ဦးလှ။ ညီအစ်ကိုတွေပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။

"ကဲ.. ဦးပန်တို့ သွားနှင့်ကြတော့။ ကျွန်တော် ဦးသိန်းဝင်းကား နဲ့ပဲ လိုက်ခဲ့တော့မယ်"

သူတို့ကားများ ထွက်သွားတော့ ကျွန်ုပ်တို့ ဗင်ကားပေါ်သို့ တက်ခဲ့ကြသည်။ ခင်လှိုင်က ကျွန်ုပ်အား နှစ်ဦးချင်းစကားပြောလိုကြောင်း ကျွန်ုပ်ရိပ်မိသည်။

ကားစထွက်သည်နှင့် ခင်လှိုင်က..

"ဦးသိန်းဝင်းနဲ့ ကျွန်တော်စကားပြောချင်တယ်။ ကျွန်တော့်မှာ သိန်း (၅၀၀) ကျော်ပဲရှိတယ်။ မိုးတွင်းမို့ သစ်သီးခြံနဲ့ မွေးမြူရေးတွေက ဝင်ငွေနည်းတယ်။ ကျွန်တော်မဝယ်နိုင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော့်မိတ်ဆွေတွေကို သိန်း (၁၅၀၀) နဲ့ ဆိုင်ထားတယ်။ သူတို့က တကယ်ဝယ်မယ့်သူတွေ။ တစ်ဖက်နိုင်ငံမှာ သိန်း (၂၀၀၀) နဲ့ ဆိုင်ထားကြပြီးပြီ၊ အဲဒါ ဦးသိန်းဝင်းကို ကျွန်တော်အသိပေးတာ။ ရတဲ့အမြတ်ကို ဦးသိန်းဝင်းနဲ့ ကျွန်တော် တစ်ဝက်စီယူကြမယ်နော်"

"ကျွန်တော်ပိုင်ပစ္စည်း မဟုတ်ဘူးဗျ။ နောက်ပြီး ဒီပတ္တမြားကြီးကို နိုင်ငံခြားလည်း ထွက်မသွားစေချင်ဘူး။ တိုင်းရင်းသားချင်းပဲ အရောင်းအဝယ်လုပ်ချင်တာ။ ပိုင်ရှင် ပုဏ္ဏားတင်ဦးနဲ့ ကျွန်တော်တိုင်ပင်ကြည့်ပါဦးမယ်"

"ဦးသိန်းဝင်းပြီးရင် ပြီးပါတယ်ဗျာ။ ဝယ်လက်နဲ့ ရောင်းလက်ပဲ။ ဘယ်သူဝယ်ဝယ် အလုပ်ဖြစ်ဖို့ အရေးကြီးပါတယ်။ သူတို့က ဘိန်းဖြူမှောင်ခိုသမားတွေ။ အရောင်းအဝယ်ပျက်သွားရင် ကျွန်တော့်အသက်အန္တရာယ်ရှိတယ်။ ကူညီပါဦးဗျာ။ ဦးသိန်းဝင်းကို အားကိုးပါတယ်"





"အင်း.. ခက်တော့နေပြီ။ ကျွန်တော်တို့ကလည်း ဒီတိုင်းပြည်က အဖိုးတန်ရတနာကို တခြားပြည် ရောက်မသွားစေချင်ဘူး။ အဆင်ပြေအောင်တော့ ပုဏ္ဏားကို ကျွန်တော်ညှိနှိုင်းပေးပါ့မယ်၊ နောက်ပြီး ရမယ့်အမြတ်အစွန်းကိုလည်း သူ့ပဲပေးလိုက်ပါ။ ကျွန်တော်က ကာယကံရှင်မဟုတ်တော့ အချင်းချင်း ဖြတ်မစားချင်ဘူး"

"ဦးသိန်းဝင်းစိတ်ဓာတ်ကို သိရလို့ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်တော့ ဒီပွဲမှာ ပွဲစားဖြစ်သွားပြီ။ ပွဲပြီးအောင်တော့ ကူညီပါဦးဗျာ။ အားလည်းကိုးပါတယ်"

"စိတ်အေးအေးထားပါ ကိုခင်လှိုင်။ အခုမှတော့ အဆင်ပြေအောင် ကျွန်တော်လုပ်ပေးရတော့မှာပေါ့ဗျာ"

ကျွန်ုပ်တို့ကားများ မိုးမခခြံတွင်းဝင်လာသဖြင့် စကားပြတ်သွားတော့သည်။ ခင်လှိုင်က အလျင်ဆင်းပြီး ဧည့်သည်များအား အပေါ်ထပ်ဧည့်ခန်းသို့ ဦးဆောင်ခေါ်ငင်သွားတော့သည်။ ပုဏ္ဏားတင်ဦး၊ ကျော်ကြီးနှင့် မြင့်သိန်းတို့ ဆင်းလာသဖြင့် ကျွန်ုပ်က အကျိုးအကြောင်းရှင်းပြရာ ပုဏ္ဏားတင်ဦးက သဘောမတူသော်လည်း အားလုံးက ကိစ္စပြတ်ရန် ဝိုင်းဝန်းတိုက်တွန်းကြသဖြင့် နောက်ဆုံးသဘောတူလိုက်သည်။

ကျွန်ုပ်က သတိပေးရသေးသည်။

"သူတို့က ဘိန်းဖြူမှောင်ခိုရောင်းဝယ်ရေးသမားတွေ။ လက်နက်တွေလည်း ရှိနိုင်တယ်။ အရောင်းအဝယ်ဖြစ်ရင်တော့ ဒီည အတော်သတိထားရမယ့်ညပဲ၊ အားလုံး သတိတော့မလွှတ်ကြနဲ့ပေါ့၊ အချိန်စောရင်တော့ မန္တလေးကို ပြန်ဆင်းကြရင် ကောင်းမယ်ထင်တယ်"

မြင့်သိန်း..



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ.. ပေါ့သေးသေးမထင်နဲ့လေ။ လမ်းမှာ ဒုက္ခရောက်မှာပေါ့။ ဟိုသားအမိကလည်း ရှိသေးတယ်။ ကျွန်တော်တို့မကာယ်ရင် သူတို့သားအမိ ကြားညှပ်လိမ့်မယ်"

"အေး.. အဲဒါလည်း ဟုတ်တယ်ကွ။ ဘယ်လိုလုပ်ကြမလဲ"

ပုဏ္ဏားတင်ဦး..

"မှိုးရိမ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်တို့မှာလည်း လက်နက်တွေရှိပါတယ်။ မီးစင်ကြည့် က,ကြတာပေါ့။ အုတ်ဂူရှင်းတုန်းကလည်း ခြောက်လုံးပြူးကျည်ဆန်တွေ အများကြီးရထားတယ်ဆရာ"

ကျွန်ုပ်တို့အဖွဲ့ အပေါ်ထပ်ဧည့်ခန်းသို့ တက်ခဲ့ကြသည်။ ကျွန်တော်တို့အား မြင်သည်နှင့် ခင်လှိုင်က ဧည့်သည်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ပြီးနောက် ခင်လှိုင်က..

"ဦးသိန်းဝင်းရေ.. အဆင်ပြေရင် ပတ္တမြားကြီး ပြပါဦး"

"အဆင်ပြေပါတယ်။ ဒါပေမဲ့ နေ့လယ်စာစားချိန်ရောက်နေပြီဖြစ်လို့ ကျွန်တော်တို့စီစဉ်ထားတဲ့ မြန်မာဟင်းလက်ရာလေးနဲ့ ထမင်းစားလိုက်ရအောင်။ ပြီးမှ အေးအေးဆေးဆေးကြည့်ကြတာပေါ့နော်"

ခင်လှိုင်..

"ဟုတ်ပါတယ်..။ အဲဒီအစီအစဉ် ကောင်းပါတယ်"

မမကြီးတို့က နေ့လယ်စာကျွေးရန် စီစဉ်နေစဉ် ခင်လှိုင်က လက်တားၡ်..

"ခဏကလေး နေကြပါဦး။ ဧည့်သည်တွေ ခရီးပန်းလာကြတယ်၊ ညကလည်း လမ်းမှာ မိုးတွေမိပြီး မအိပ်ကြရဘူး။ အပန်းပြေနည်းနည်းစီလောက် သောက်ကြရအောင်ပါ"





ပြော့ပြောဆိုဆို ခင်လှိုင်က သူ့အခန်းထဲဝင်၍ ချိုဇက်ဝီစကီပုလင်းအသစ်ကြီးအား ထုတ်လာသဖြင့် မမကြီးတို့က အလိုက်သိစွာပင် ဖန်ခွက်နှင့်အမြည်းများအား ချပေးရသည်။ ကျွန်ုပ်တို့လည်း မိတ်ဖြစ်ဆွေဖြစ် အနည်းငယ်စီ ဝင်သောက်ကြရသည်။ သူတို့က အရက်ကို ရေမရောပါ။ အမြည်းကိုလည်း အနည်းငယ်သာစားသည်။

ခင်လှိုင်..

"အားရပါးရ စားကြပါ၊ ဒါ.. ဦးသိန်းဝင်းပစ်ထားတဲ့ တောဝက်သားနဲ့ ပြောင်သားကြော်ပါ"

ဧည့်သည်များ ကျွန်ုပ်အား တလေးတစားဖိုင်းကြည့်ကြသည်။ ကျွန်ုပ်က ရုတ်တရက် သတိရသဖြင့်..

"ကိုခင်လှိုင်ရေ.. ကျွန်တော်တို့ မနက်က ငါးပါးသီလခံယူထားကြတာ။ တစ်ပါးတော့ ကျိုးပြီဗျို့"

"ဧည့်သည်တွေရောက်လို့ မိတ်ဖြစ်ဆွေဖြစ် သောက်ကြတာဘာဖြစ်သလဲခင်ဗျာ။ အနည်းအပါးပဲဟာ"

ဧည့်သည်များက တောဝက်သားနှင့် ပြောင်သားကို တော်တော်ကြိုက်ပုံရသည်။ နေ့လယ်စာ မြန်မာလက်ရာထမင်းဟင်းကိုတော့ အနည်းငယ်စီသာ စားကြတော့သည်။

နေ့လယ်စာစားပြီးတော့ ကျွန်တော်နှင့်ပုဏ္ဏားတင်ဦးက အိပ်ခန်းသို့ပြန်၍ ပတ္တမြားကြီးအား ယူသလိုပုံစံမျိုးလုပ်၍ ပုဏ္ဏားတင်ဦး၏လက်ဝဲဘက်ချိုင်းအောက်မှ ပတ္တမြားကြီးကို ထုတ်ယူ၍ အသင့်ဆောင်ယူလာသော ယွန်းဘူးထဲသို့ ထည့်သွင်းသည်။ ပြီးမှ သော့ခတ်၍ ယူလာခဲ့သည်။ အရောင်းပစ္စည်းတစ်ခု တန်ဖိုးရှိစေရန် Packing ပညာမှာ အေးလှ

www.burmeseclassic.com



ကြောင်း ကျွန်ုပ်တို့သဘောပေါက်သည်။

ကျွန်ုပ်တို့ ညှိခန်းသို့ ရတနာဘူးကိုင်၍ ပြန်ထွက်ခဲ့ကြသည်။ မမကြီးက ကျောက်ကြည့်ကိရိယာများကိုင်၍ အသင့်စောင့်နေသည်။ ပုလ္လားတင်ဦးက ရွှေသော့ကလေးဖြင့် ရတနာသေတ္တာကလေးအား ဖွင့်ပြီးနောက် အတွင်းအံဖုံးအား ရွှေသော့ကလေးဖြင့် ဖွင့်လိုက်ရာ ပန်းဆီရောင်အရည်များ လျှံကျနေသည့် ဝါဂွမ်းဖြူဖြူအလယ်မှ နီရဲတောက်ပြောင်နေသော ပတ္တမြားကြီးအား တွေ့ရသဖြင့် အလွန်အံ့သြသော မျက်နှာများဖြင့် မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေကြသည်။ ပုလ္လားတင်ဦးက ဝါဂွမ်းအလယ်မှ ပတ္တမြားကြီးကို လက်ဖြင့်နိုက်ယူ၍ တစ်ဖက်အဖွဲ့ခေါင်းဆောင် ဦးပန်လက်ထဲသို့ ထည့်လိုက်တော့သည်။

"ငမောက်မိုးရှားပတ္တမြားလို့ ခေါ်ပါတယ်။ တောကြက်ဥအရွယ်ရှိပါတယ်။ အနာအဆာ မရှိပါဘူး။ ကျွန်တော်တို့ဆွေစဉ်မျိုးဆက် ပိုင်ခဲ့တာပါ။ ကြိုက်သလို စစ်ဆေးကြည့်ရှုနိုင်ပါတယ်"

ဦးပန်က ပတ္တမြားကြီးအား တယုတယကိုင်တွယ်ကြည့်ရှုပြီးနောက် မမကြီးကမ်းပေးလာသည့် မှန်ဘီလူးကလေးဖြင့် ကြည့်သည်။ ပြီးနောက် မမကြီးထံမှ ကျောက်စစ်ကိရိယာများအား မယူဘဲ ၎င်း၏ခါးတွင် လွယ်ထားသည့် ခါးပတ်အိတ်ထဲမှ ကျောက်စစ်ကိရိယာများအား နိုက်ယူပြီး အသေးစိတ်စစ်ဆေးတော့၏။ ပြီးနောက် ဦးနောင်နှင့် ဦးလှအား ကမ်းပေးသည်။ သူတို့မျက်နှာများမှာ အလွန်သဘောကျ ပျော်ရွှင်နေပုံရသည်။

"ကြိုက်တယ်။ ဈေးမဆစ်ဘူး။ ငွေချေမယ်"

ပြတ်သားသည်။ ဦးပန်က မျက်ရိပ်ပြ၍ ဦးနောင်နှင့် ဦးလှက





အောက်ထပ်ဆင်း၍ ကားထဲမှ ငွေယူကြသည်။ ဦးပန်ကတော့ ပတ္တမြားကြီးကို လက်က မချတော့။ မျက်စိအောက်ကပင် အပျောက်မခံတော့ပါ။ ငွေထုပ်ကြီးများအား ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်သည်။ တစ်ထောင်တန်အုပ်များချည်းဖြစ်သည်။

ဦးပန်..

"ကဲ.. ရေကြည့်ပါဦး။ သိန်းတစ်ထောင့်ငါးရာတိတိပါပဲ"

ခင်လှိုင်နှင့် မမကြီးတို့က အုပ်လိုက်ရေတွက်ကြသည်။ အပိုအလိုမရှိ ကွက်တိပင်။ ဝယ်လက်ရှေ့မှာဖြစ်၍ ငွေများအား အထုပ်အတွင်းပြန်ထည့်ပြီး ပုလ္လားတင်ဦးအား အပ်ကြသည်။

ခင်လှိုင်..

"ကဲ.. အရောင်းအဝယ် အထမြောက်အောင်မြင်ပါပြီ။ ညှိသည်များလည်း ညမအိပ်ရသေးတော့ နားကြပါခင်ဗျာ။ အခန်းတွေ စီစဉ်ပြီးပါပြီ။ ညနေပွဲကိုတော့ ကျွန်တော်က အထူးညှိခံပါမယ်"

ဦးပန်က ပတ္တမြားကြီးအား ရတနာသေတ္တာလေးအတွင်း ပြန်လည်ထည့်သွင်းပြီး ရွှေသော့ကလေးများဖြင့်ခတ်၍ ၎င်းလွယ်ထားသည့် ခါးပတ်ပြားအိတ်အတွင်းထည့်၍ နားနေခန်းဆီသို့ လှမ်းသွားကြတော့သည်။

သူတို့ အခန်းများထဲဝင်သွားတော့မှ ကျွန်ုပ်တို့ ငွေထုပ်ကြီးအား ခွဲဝေရန် လုပ်နေစဉ် ခင်လှိုင်ပြန်လာကာ..

"ကိုတင်ဦးတို့ပဲ သိမ်းထားပါ။ ညှိသည်များပြန်မှ ပြောထားတဲ့အတိုင်း ခွဲဝေယူတာပေါ့နော်"

ကျွန်ုပ်တို့သုံးဦး ငွေထုပ်ကြီးများအား အိပ်ခန်းထဲသို့ ရွှေ့ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက်သို့ ရွှေ့ထားလိုက်တော့သည်။

ပုဏ္ဏားတင်ဦး..

"ဆရာ.. ဘယ်လိုလုပ်မလဲ"

"မင်းရမယ့် ငွေသိန်းတစ်ထောင်ကို လူလစ်တာနဲ့ တဖြည်းဖြည်း တဲ့ရွှေ့ထားလိုက်။ ကျုပ်တို့ငါးရာ ဒီမှာပဲထား။ အိတ်တွေရဲ့အောက်ပိုင်းမှာ စက္ကူထုပ်တွေ ဖြတ်ထည့်ပြီး အပေါ်က ငွေထုပ်တွေဖုံးထားမယ်။ အခု အချိန်ရတုန်း ပြန်ချင်ပေမယ့် ခင်လှိုင်နဲ့ ငွေမခွဲရသေးတော့ ပြန်လို့မဖြစ် သေးဘူး။ ဗင်ကားနောက်ခန်းထဲကို ရွှေ့ရမှာနော်။ ကားသော့တွေ ကောင်း တယ်မဟုတ်လား"

မြင့်သိန်း..

"ကားသော့တွေက ကောင်းပါတယ်။ ဒါပေမဲ့ အာမခံသော့တွေ တော့ မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ အာမခံသော့မှ မပေါ်သေးဘဲ"

"မင်းဆောင်ပုဒ်ကြီးကို အသာထား။ ငါစိစဉ်သလိုလုပ်။ ညဘက် မှာ ပြဿနာတစ်ခုခုဖြစ်မယ်လို့ ငါထင်နေတယ်။ နောက်ပြီး ငါတို့ အခန်း ရွှေ့အိပ်ကြရအောင်။ အခြားအခန်းတွေကို ကြိုတင်စီစဉ်ထား။ အိမ်ကြီးရဲ့ အနောက်ဆောင် ဝရန်တာဘက်က အခန်းတစ်ခန်းမှာ စုအိပ်ကြမယ်"

မြင့်သိန်း..

"ဟိုသားအမိကိုရော ဆရာ"

"ဟန်မပျက် ဒီအတိုင်းထားလိုက်။ သူတို့ကိုလည်း အသိမပေး နဲ့။ ကျုပ်တာ ငါကြည့်စီစဉ်မယ်"

ညနေအစောပိုင်း ခင်လှိုင်နှင့်ညီသည်များ အိပ်စက်အနားယူ နေကြချိန်တွင် ကျွန်ုပ်တို့အဖွဲ့ ကားရေဆေးခြင်း။ အောက်ပိုင်းနှင့်အင်ဂျင်





ခန်းများအား စစ်ဆေးရင်း ငွေထုပ်များအား ကဲ့ယူ၍ နောက်ခန်းတွင် ခရီးဆောင်အိတ်များနှင့် ဖုံးကွယ်ထားလိုက်ကြသည်။ ထိုအချိန်တွင် ဗလ ကြီးဝဏ္ဏတစ်ယောက် ပျောက်နေသည်ကို သတိထားမိသည်။

ကိစ္စများပြီးတော့ ရေမချိုးမီ မလုပ်တာကြာပြီဖြစ်သော သိုင်း လေ့ကျင့်ခန်းများအား ကျွန်ုပ်လေ့ကျင့်သည်။ လှုရှင်းနေသဖြင့် အဆင်ပြေ သည်။ မြင့်သိန်းနှင့် ကျော်ကြီးက ကျွန်ုပ်အားကြည့်ပြီး သဘောကျနေကြ သည်။

မမကြီးတို့သားအမိလည်း ပျောက်နေသည်။ အနားယူကြဟန် တူသည်။ ကျွန်ုပ်တို့ရေမိုးချိုးအပြီး ညေ့ခန်းတွင် ထိုင်နေကြသည်။ မမ ကြီးတို့သားအမိ အိမ်ပေါ်ထပ်သို့ တက်လာကြသည်။

မမကြီး..

"မောင်မောင်ရယ်.. ကျေးဇူးတင်လိုက်တာ။ သမီးက ပွဲဆာလို့ သူ့အဖေအုတ်ဂူကို နှုတ်ဆက်ရင်း သွားကန်တော့ကြတာ။ မောင်မောင်တို့ အဖွဲ့ ရှင်းထားပြီး ရေပါဆေးထားလို့ အုတ်ဂူနဲ့လျှောက်လမ်းက သန့်ရှင်းနေ တာပဲ"

"ဟုတ်ကဲ့ မမ..။ ကျွန်တော်တို့ ကားရေဆေးရင်း မကားပါ ရေဆေးထားတယ်။ အောက်ပိုင်းပါ စစ်ထားပေးတယ်"

"ကျေးဇူးတင်လိုက်တာကွယ်။ ကားက သမီးပဲမောင်းတာ။ ရေဆေးဖို့ သူက အလွန်ပျင်းတယ်။ ကျေးဇူးတင်တယ် မောင်မောင်ရယ်။ ဒါနဲ့ ဘယ်တော့ပြန်ကြမှာလဲ"

"ခင်လှိုင်နဲ့ ငွေတွေခွဲရဦးမယ်မမ။ ညီသည်တွေရှိနေတော့ မကောင်းလို့ထင်တယ် မမ။ သူက ကျွန်တော်တို့ကို အကုန်အပ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ နေကောင်းပြီလေ။ မနက်ဖြန်မှ အေးအေးဆေးဆေးပြန်ကြတာပေါ့။ ဒါနဲ့ မမ. . ဝဏ္ဏကို မတွေ့မိပါလား''

''မမတို့ သချိုင်းဘက်သွားတုန်းက ခြံကြီးအနောက်ဘက် အပေါက်ကနေ စားဖိုမှူး ကိုနောင်နဲ့ ထွက်သွားတာ တွေ့လိုက်ရတယ်။ မွေးမြူရေးခြံတွေဘက် သွားတယ်ထင်တယ်''

''ဟုတ်တာပေါ့. .။ သူတို့လည်း ညစာချက်ဖို့ပြုတ်ဖို့ စီစဉ်ရဦးမှာပေါ့။ ဒီညက ပိုအရေးကြီးတယ်လေ။ အရောင်းအဝယ်အောင်မြင်ခြင်း အထိမ်းအမှတ်ပွဲ လုပ်ဦးမှာမဟုတ်လား မမ''

''ဟုတ်ပါရဲ့ကွယ်၊ ခင်လှိုင်က အဲဒီပွဲမျိုးကို သိပ်ဝါသနာပါတာ။ သမီးကတော့ ပျင်းလို့ ပြန်ချင်နေပြီ''

ယွန်းပွင့်စံ. .

''ဟုတ်တယ် ဦး. .။ သမီးတော့ အတော်ပျင်းနေပြီ၊ သမီးက မန္တလေးမှာပဲ ပျော်တယ်၊ ဒီမှာ ရာသီဥတုအေးတာကလွဲပြီး ပျော်စရာမရှိဘူး။ သမီး ကန်တော်ကြီးဘက်သွားချင်တယ်။ ဦးဦးလိုက်မလား''

''သမီး. . ညနေစောင်းနေပြီကွယ့်၊ ညနေစောင်းရင် ပြင်ဦးလွင်က အတော်အေးတယ်။ နောက်ပြီး အနီးစခန်းနဲ့ ပြင်ဦးလွင်ကန်တော်ကြီးက အတော်ဝေးသေးတာ။ သမီး ကန်တော်ကြီးရောက်ရင် မှောင်စပြုလို့ ဉယျာဉ်တောင် တံခါးပိတ်နေမလားပဲကွယ့်။ မနက်ဖြန် အပြန်မှ ဝင်ကြတာပေါ့ကွယ်။ သမီးက လိမ္မာပါတယ်''

မမကြီး. .

''ဟုတ်သားပဲ သမီးရယ်၊ ညနေစောင်းနေပြီကွယ့်''

''စောင်းစောင်း၊ မစောင်းစောင်း သမီးမသိဘူး။ ဒီမှာစားရတာ





နီးနေပြီ၊ သမီးက ရှမ်းခေါက်ဆွဲသုပ် စားချင်တာ။ ကန်တော်ကြီး မသွားတော့ဘူး၊ ပြင်ဦးလွင်မြို့ထဲပဲ သွားစားတော့မယ်၊ ဦးဦးလိုက်ကျွေးရမှာနော်''

''ကဲ. . ကဲ. . ပြောမရရင်လည်း သွားကြတာပေါ့။ ကဲ. . ကဲ. . မမကြီးပါ လာပါ''

''မမကြီးလိုက်လို့ မကောင်းဘူးထင်တယ်။ ဧည့်သည်တွေကို ဧည့်ခံရဦးမှာလေ''

''မမ. . စားဖိုမှူး ကိုနောင်နဲ့ ကျွန်တော့်အဖွဲ့တွေ ရှိပါတယ်။ အရက်ပွဲက ကြာဦးမှာ။ ထမင်းက မိုးအတော်ချုပ်မှ စားကြမှာ၊ ကဲ. . လာပါ။ အချိန်ရှိတုန်း သွားကြရအောင်''

''မောင်မောင်. . အဝတ်အစားလဲလိုက်ဦးမယ်လေ၊ ခဏစောင့်ဦးနော်''

ကျွန်ုပ် အောက်ထပ်ဆင်း၍ စောင့်နေစဉ် (၁၅) မိနစ်ခန့်ကြာမှ သားအမိ အဝတ်လဲပြီး ဆင်းလာကြသည်။

ကျွန်ုပ်တို့ သူတို့၏ Super Saloon ကားကိုသာ သုံးပါသည်။ ကားကောင်းသဖြင့် မကြာပါ။ နာရီဝက်ကျော်ကျော်နှင့် ပြင်ဦးလွင်မြို့သို့ ရောက်ပါသည်။ မြို့လယ်ရှမ်းခေါက်ဆွဲဆိုင်ကောင်းကောင်းတွင် ဝင်စားကြသည်။ ဒေသထွက်ဖြစ်၍ အတော်ကောင်းသည်။

''သမီးမပြောဘူးလား။ ဒီမှာကောင်းပါတယ်လို့၊ မေမေ့လက်ရာထက် ကောင်းတယ်''

''ဩော်. . သမီးရယ်၊ သူတို့က စီးပွားဖြစ်လုပ်ရောင်းတာလေ။ မေမေက တစ်ခါတစ်ရံမှ လုပ်စားတာ။ ဘယ်တူပါ့မလဲ။ နောက်ပြီး သူတို့က ရှမ်းအစစ်တွေ။ လက်ရာဘယ်တူပါ့မလဲကွယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စားသောက်ကြပြီးနောက် အပြန်လက်ဆောင် မုန့်ပဲသရေစာများဝယ်ရန် လမ်းလျှောက်ကြသည်။ သမီးယွန်းပွင့်စံက အလယ်က လိုက်ပြီး ကျွန်တော်နှင့်မမကြီးလက်အား ဆွဲကိုင်လိုက်နေသည်။ တကယ့်ပီတိ ကလေးလေးလိုပင်။

မုန့်ဆိုင်ကြီးတစ်ခုသို့ဝင်၍ ဒေသထွက်ယိုစုံများ ဝယ်ကြသည်။ စတော်ဘယ်ရီခြင်းကလေးများနှင့် သလဲသီး၊ ဆီးသီးနှင့် မုန့်အချို့ ဝယ်သည်။ အပြန်တွင် မှောင်ပြီ။ ယွန်းပွင့်စံက သူ့ကားကိုမောင်းသည်။ မမကြီးခေါ်သဖြင့် ကျွန်ုပ်က နောက်ခန်းသို့ ပြောင်း၍ထိုင်ရသည်။

ယွန်းပွင့်စံ..

"မေမေ..မကဲနဲ့နော်။ သမီးရှက်တယ်"

မမကြီး..

"အေးပါအမေရယ်။ သမီးတို့ ဆင်ဆင်ခြင်ခြင်နေပါ့မယ်"

"ဟီး..ဟီး..ဟား..ဟား..ခစ်..ခစ်.."

ကျွန်ုပ်တို့ လွတ်လပ်စွာ သဘောကျ၍ ရယ်မိကြသည်။

မမကြီး..

"သမီး..မေမေနဲ့ ဒီကဦးဦးကို သဘောတူသလား"

"တူတယ်..တူတယ်..။ ဟေး..ဟေး.."

"ဦးဦးက ဒီကအပြန် သမီးတို့နဲ့ လိုက်နေမှာလားဟင်"

"ဦးဦးက အဖွဲ့တွေနဲ့လာတာ သမီး။ အလုပ်ကိစ္စတွေလည်း ရှိသေးတယ်။ နောက်လမှ ပြန်လာမယ်လေ"

"ခဏလေးဖြစ်ဖြစ်တော့ မန္တလေးအိမ်မှာ နေပါဦး ဦးရယ်"

"အခြေအနေအရပေါ့ သမီးရယ်။ ခဏတဖြုတ်တော့ နေလို့





ရပါတယ်"

"ဟေး..ဟေး..ဒါမှ တို့ဦးကွ"

ယွန်းပွင့်စံမှာ တောင်ဆင်းလမ်း၌ ကားကို လက်လွှတ်၍မောင်းသဖြင့် မမကြီးက အော်တော့သည်။

"သမီး..မကဲနဲ့လေ။ မေမေတို့ မကဲရသေးဘူး"

"မေမေတို့ မကဲနဲ့တော့။ မိုးမခကို ရောက်တော့မယ်"

အချိန်ကလေးရတုန်း မမကြီးက ကျွန်ုပ်၏ပေါင်ပေါ်တွင် အိပ်လိုက်လာသည်။ မီးတွေထိန်လင်းနေသော မိုးမခစံအိမ်ဝင်းတံခါးရောက်မှ ထတော့သည်။ ဗလကြီးဝဏ္ဏက ဝင်းတံခါးအား လာဖွင့်ပေးသည်။ ထုံးစံအတိုင်း အပေါ်ဝတ်မထားပါ။

"မမကြီး..သခင်ကြီးက မေးနေတယ်၊ သူတို့အရက်ပွဲတောင် ပြီးခါနီးနေပြီ"

"အေးကွယ်..။ မမကြီးတို့လည်း မနက်ဖြန် ပြန်မှာမို့ ဈေးထဲ လက်ဆောင်ပစ္စည်းကလေးတွေ သွားဝယ်နေတာပါ"

ကျွန်ုပ်တို့ အပေါ်ထပ်တက်လာကြသည်။ အရက်ပွဲပြီးပြီဖြစ်၍ ဘဏ္ဍာစိုးဒေါ်နန်းနှင့် အိမ်ဖော်များက ဝိုင်းသိမ်းနေကြပြီး ညစာထမင်းအား ပြင်ဆင်နေကြသည်။ ကျွန်ုပ်တို့ကိုမြင်သည်နှင့် ခင်လှိုင်က..

"ဦးသိန်းဝင်းတို့ နောက်ကျတယ်ဗျာ။ ဘယ်သွားကြတာလဲ၊ နောက်ကျလည်း ကိုယ့်အိမ်လိုသဘောထားပြီး သောက်ပါဦး။ ဒေါ်နန်း.. အရက်ပွဲအသစ် ပြင်ပေးပါဦး"

"တော်ပြီ ကိုခင်လှိုင်။ ကျွန်တော်တို့ ရှမ်းခေါက်ဆွဲစားလာကြတယ်။ ညသည်တွေနဲ့ပဲ စားကြပါ။ မနက်ဖြန်ပြန်ကြမှာဆိုတော့ လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပစ္စည်းလေးတွေ ဈေးထဲသွားဝယ်ရင်း သမီးယွန်းပွင့်စံပူဆာလို့ စားလာရတာ''

''အေးဗျာ..။ အဲဒါဆိုရင်လည်း နားကြပါ။ ဒီက ညှိသည် တွေလည်း မနက်ဖြန့်စောစော ပြန်ကြမှာ။ ကျွန်တော်လည်း လိုက်ပို့ဦး မှာပေါ့''

ကျွန်ုပ်..

''ငွေတွေခွဲဖို့ကိစ္စရော ကိုခင်လှိုင်''

''ထားပါဗျာ။ နောက်နေ့ပေါ့။ ခင်ဗျားတို့က မနေနိုင်ကြတော့ ဘူးလား။ ကိုမြင့်သိန်းတို့နဲ့တော့ ပြောဆိုပြီးပါပြီ''

''ကျွန်တော်တို့မှာ ကိစ္စလေးတွေရှိသေးတယ် ကိုခင်လှိုင်။ အား လပ်တော့မှပဲ အမဲလိုက်ရင်း ကြာကြာလာနေပါ့မယ်''

''အေးဗျာ..။ ကျွန်တော် မျှော်ပြီး ကြိုဆိုနေပါ့မယ်''

အခြေအနေမှာ အေးချမ်းနေသည်။ ဧည့်သည်များလည်း ထမင်း စားနေကြသည်။ အခြေအနေကောင်းကြောင်း သူနိုးမြင့်သိန်းက မျက်ရိပ် ပြနေသည်။ ကျော်ကြီးကတော့ ခေါင်းစိုက်နေသည်။ ပုဏ္ဏားတင်ဦးက တော့ ခေါင်းယမ်းပြသည်။ ကျွန်ုပ် ဘယ်လိုအဓိပ္ပာယ်ကောက်ရမှန်းမသိ ပါ။

ထမင်းဝိုင်းပြီးတော့ ဦးပန်တို့ညီအစ်ကိုသုံးဦးအား အိမ်ဖော်များ က အိပ်ခန်းထဲသို့ တွဲပို့ရသည်။ ယနေ့ညှ နှုတ်ဆက်ပွဲလုပ်သဖြင့် များ သွားဟန်တူသည်။ မကြာမီ ဟောက်သံများကို ကျယ်လောင်စွာကြားရ သည်။ ခန္ဓာကိုယ်ကြီးမားပြီး ဝသော ဦးပန်တို့အဖွဲ့ ဖလက်ပြသွားခြင်းဖြစ် သည်။ ထူးဆန်းသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံများမှ အလုပ်





သမားများပါ ဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ကျော်ကြီး အားတွဲ၍ အိပ်ခန်းထဲသို့ ပို့လိုက်သည်။ ကျွန်ုပ်တို့စီစဉ်ထားသည့်အတိုင်း အယောင်ပြ၍ အိပ်ခန်းအသီးသီးသို့ ဝင်လိုက်ကြသည်။

ကျွန်ုပ် သူနိုးမြင့်သိန်းအား မေးမိသည်။

''အခြေအနေ ဘယ်လိုလဲ''

''ကျွန်တော့်အခြေအနေ ကောင်းတယ်ပြောတာ။ အရက်အရ သာ တစ်မျိုးဖြစ်နေလို့ ကျွန်တော်လျှော့သောက်လို့ အခြေအနေကောင်း နေတယ်။ ကျော်ကြီးကတော့ မှောက်သွားပြီ။ ပုဏ္ဏားက မသောက်တော့ ဘာမှမဖြစ်ဘူး။ အရက်ထဲမှာ အိပ်ဆေးခတ်ထားပုံရတယ်။ ပြောရင်းနဲ့ တောင် အိပ်ချင်လာပြီ''

''အဲဒါဆို မဖြစ်ဘူး။ ပုဏ္ဏားဆီမှာ အဆိပ်ပြေဆေးတွေ ပါတယ်။ မင်းနဲ့ကျော်ကြီး ကြိုတင်သောက်ထားမှ ဖြစ်မယ်။ ငါသွားယူလိုက်မယ်''

ကျွန်ုပ် အခန်းထဲကထွက်တော့ လူရှင်းနေသည်။ ခင်လှိုင်ကို လည်း မမြင်ရတော့။ ဧည့်သည်ဦးပန်တို့အခန်းဘက်ကတော့ စကားတိုး တိုးပြောသံလိုလို ကြားနေရသည်။ ဧည့်ခန်းဘက်တွင်တော့ ဒေါ်နန်းနှင့် အိမ်ဖော်များက ပစ္စည်းများသိမ်းပြီး သန့်ရှင်းရေးလုပ်နေကြသည်။ ကျွန်ုပ် တစ်ဖက်ရှိ ပုဏ္ဏားတင်ဦးတို့အခန်းအား ကြိုတင်သတ်မှတ်ထားသော အချက်ပေးစနစ်နှင့် တစ်ချက်ခေါက်သည်။ ပြီးနောက် သုံးချက်ပြိုင်တူ ဆက်ခေါက်လိုက်သည်။ တံခါးပွင့်သဖြင့် ကျွန်ုပ် အလျင်အမြန်ဝင်လိုက် သည်။ တံခါး Lock ချထားလိုက်သည်။

''ပုဏ္ဏားရေ.. အရက်ထဲမှာ အိပ်ဆေးခတ်ထားတယ်ထင်တယ်။ နည်းနည်းသောက်တဲ့ သူနိုးမြင့်သိန်းတောင် ခေါင်းမထူနိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးရော ဘယ်လိုနေလဲ"

"ကျော်ကြီး အခြေအနေမကောင်းဘူး။ ကျွန်တော် ဆေးတိုက်ထားပေမယ့် ပြန်မနိုးသေးဘူး၊ တစ်ရေးနိုးမှ အခြေအနေကောင်းလိမ့်မယ်ထင်တယ်။ ဆရာ ဆေးယူသွားပါ။ ကိုမြင့်သိန်းကို မြန်မြန်တိုက်လိုက်။ ရော့.. ဒီမှာ ခြောက်လုံးပြူးနှစ်လက်နဲ့ ကျည်ဆန်တွေ။ ကျွန်တော့်ဆီမှာ ထားလည်း မပစ်တတ်တော့ ဘာမှအသုံးဝင်မှာမဟုတ်ဘူး"

ကျွန်ုပ် သေနတ်နှစ်လက်အား ဂျာကင်အင်္ကျီအောက်တွင် ကွယ်ဝှက်လိုက်ပြီး ကျည်ဆန်များကိုတော့ ဘောင်းဘီရှည်နောက်အိတ်နှင့် ဂျာကင်အိတ်များထဲသို့ ခွဲထည့်လိုက်သည်။

"ပုဏ္ဏား.. အခန်းပြောင်းဖို့ရော လုပ်ထားပြီးပြီလား"

"ပြီးပြီဆရာ။ အနောက်ဘက်အစွန်နှစ်ခန်းမှာ အသင့်လုပ်ထားတယ်။ ညဉ့်နက်ရင် ပြောင်းကြတာပေါ့။ အခု ည (၁၀) နာရီကျော်ရုံပဲ ရှိသေးတယ်။ လူရှင်းတာနဲ့ ည (၁၁) နာရီမှာ ပြောင်းမယ်ဆရာ"

ကျွန်ုပ် ဆေးထုပ်ယူ၍ တစ်ဖက်ခန်းပြန်ကူးရသည်။ ထိုစဉ်တွင် လေးလံသောပစ္စည်းများကို မ,ရွှေ့နေသံကို ညီ့သည်များအခန်းဘက်မှ ကြားရသည်။ ကျွန်ုပ် ဆေးထုပ်အား ဖြေဖြဲ့ဖျော်၍ မြင့်သိန်းအား ပါးစပ်ဖြဲ၍ တိုက်အပြီး၌ လေးလံသောပစ္စည်းများအား အောက်ထပ်သို့သယ်ယူသွားသံနှင့် ခင်လှိုင်၏ စကားသံတိုးတိုးကို ကျွန်ုပ်ကြားရသည်။ သူတို့အုပ်စု အောက်ထပ်ဆင်းသွားသည်နှင့် ကျွန်ုပ် တစ်ဖက်ခန်းသို့ ကူးခဲ့ပြန်သည်။ တံခါးခေါက်လိုက်သည်နှင့် ပုဏ္ဏားက အလျင်အမြန်ဖွင့်ပေးသည်။ ထိုစဉ်တွင် အောက်ထပ်မှ ကားတစ်စီးမောင်းထွက်သွားသံကို ကြားရသည်။ ညီ့သည်များ၏ ကားအသံဖြစ်သည်။





ကျွန်ုပ်နှင့် ပုဏ္ဏားတင်ဦးတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ အဖြေရှာနေကြစဉ်..

"ဆရာ.. ညီ့သည်တွေ ဒီလောက်မူးနေတာ ကားမောင်းပြန်နိုင်ကြမယ်မထင်ဘူး။ ခင်လှိုင်တို့ လုပ်ကြံပြီထင်တယ်၊ ကျွန်တော်တို့မှာလည်း အင်အားတစ်ဝက်ကျိုးသွားပြီ။ ဘယ်လိုလုပ်ကြမလဲ"

"ပုဏ္ဏားရယ်.. ငါလည်းမှာခဲ့ရဲ့သားနဲ့။ ကျော်ကြီးတို့ လွန်တယ်ကွာ။ မြင့်သိန်းကလည်း နည်းနည်းပဲသောက်တတ်တဲ့အကောင်။ အခုတော့ မှောက်သွားပြီ"

"ဆရာရေ.. အခုမှတော့ မထူးတော့ဘူး။ မိုးစင်ကြည့် က,ရမှာပဲ။ ဟိုတက်ခန်းမှာလည်း အမျိုးသမီးတွေက ရှိသေးတယ်။ ကိုယ်လွတ်ရုန်းလို့လည်း မဖြစ်သေးဘူး"

"ငါတစ်ကိုယ်တော်အတွက်တော့ ငါမပူဘူးဟေ့။ ငါ ဒီအုပ်စုကို ဖောက်ထွက်နိုင်တယ်။ မင်းလည်း မင်းနည်းမင်းဟန်နဲ့ လွတ်အောင်လုပ်နိုင်တာ ငါသိတယ်။ သူနို့မြင့်သိန်းနဲ့ ကျော်ကြီးတို့အတွက် ခက်နေတာ။ အရေးထဲ ဟိုသားအမိကလည်း ရှိသေးတယ်"

ကျွန်ုပ်တို့တိုင်ပင်နေကြစဉ် အိမ်ပေါ်ထပ်သို့ တက်လာသံများကို ကြားရပြီးနောက် ကျွန်ုပ်တို့အခန်းတံခါးများအား ပြင်းစွာခေါက်သံကို ကြားရတော့သည်။

"ဒုန်း.. ဒုန်း.. ဒုန်း.."

ခင်လှိုင်..

"ဦးသိန်းဝင်းနဲ့ ကိုတင်ဦး.. ထွက်လာပါ။ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ မထွက်။ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။

‘‘ဒုန်း. . ဒုန်း. . ဒုန်း. .’’

တံခါးအား သေနတ်ဒင်နှင့်ထုသံဖြစ်သည်။ ခင်လှိုင့်အသံဖြင့်. .

‘‘ဦးသိန်းဝင်းနဲ့ ကိုတင်ဦးတို့. . ထွက်လာခဲ့ပါ။ ထွက်မလာရင်တော့ အခြေအနေဆိုးလိမ့်မယ်နော်။ ခင်လှိုင်ကို လူလည်ကျလို့ ဘယ်ရမလဲ။ ဟိုသားအမိကိုပါ ဆွဲထုတ်ကြစမ်း။ ဟား. . ဟား. . ဟား. . ။ ပိုင်လိုက်တာကွာ။ ပတ္တမြားကြီးလည်းရ၊ ငွေသိန်းတစ်ထောင့်ငါးရာလည်းရ၊ ဟုတ်လိုက်လေ’’

ထိုစဉ်တွင် မမကြီးအသံဖြင့်. .

‘‘ခင်လှိုင်. . ဒါ. . ဘာအချိုးချိုးတာလဲ။ ရသင့်ရထိုက်တာပဲ ယူပေါ့။ လောဘကြီးလှချည်လား’’

‘‘ဟား. . ဟား. . ဟား. . မမကြီးရေ၊ ဒီလိုအခွင့်အရေးမျိုးကရှားတယ်ဗျ။ ဟောဒီမှာ ပတ္တမြားကြီး. . ငမောက်မိုရား ပတ္တမြားကြီး။ ဒါကြီးကို ဟိုဘက်ကမ်းမှာ သွားရောင်းလိုက်ရင် သိန်းနှစ်ထောင်ရမယ်။ အခုရိုက်ဲ သိန်းတစ်ထောင့်ငါးရာလည်း ကြိုက်သလိုသုံးပါ။ ကျုပ်နဲ့ပူးပေါင်းစမ်းပါ။ ခင်ဗျားမနစ်နာစေရပါဘူး’’

‘‘နင့်လို လူယုတ်မာနဲ့တော့ မပူးပေါင်းဘူးဟေ့။ ကိုခင်နောင်ကိုလည်း တောဝက်ပက်အောင်လုပ်ပြီး နင်သတ်ပစ်တာမဟုတ်လား’’

‘‘ဟုတ်လိုက်လေ မမကြီးရယ်။ ဘယ်လိုလုပ်သိပါလိမ့်။ အခုလည်း ဟိုသုံးကောင်ကို ဗလကြီး ဝဏ္ဏက ကားရော၊ လူပါ နမ့်စန်လျှိုထဲတွန်းချပြီး အပြတ်ရှင်းပြီးလောက်ရောပေါ့။ ဟား. . ဟား. . ဟား. .’’

မမကြီး. .





‘‘လူယုတ်မာ. . ကိုယ့်အစ်ကိုရင်းတောင် လုပ်ကြံတယ်။ နင့်ကိုတရားဥပဒေက ကြည့်နေမှာမဟုတ်ဘူး’’

‘‘မကြီးရယ်. . ။ အကြံတူတော့ ရန်သူပေါ့။ ကျုပ်က ဥပဒေကိုအရည်ကျိုသောက်လာတဲ့သူ။ နားလည်ပါတယ်၊ အခုလည်း ခင်ဗျားတို့နဲ့သို့နှိုင်းတိုင်ပင်နေတာပါ။ ကျုပ်နဲ့ပူးပေါင်းရင်တော့ ခင်ဗျားတို့ အသက်အိုးအိမ်စည်းစိမ်ချမ်းသာကို မထိခိုက်နိုင်ပါဘူး။ အဲ. . မဟုတ်ရင်တော့ ကျုပ်လည်း တာဝန်မယူနိုင်ဘူး။ ကျုပ်တပည့်တွေက လက်ရဲဇက်ရဲတွေနော်။ မြန်မာတစ်ပြည်လုံး လုညှပ်ရှာထားတဲ့သူတွေ။ ကျုပ်လက်တွဲလုပ်လာတာ (၁၀) နှစ်ကျော်ပြီ’’

ကျွန်ုပ်တို့ မနေသာတော့ပါ။ အခန်းအပြင်သို့ ထွက်လိုက်သည်။ အခန်းအပြင်၌ M-16 မောင်းပြန်ရိုင်ဖယ်ကိုယ်စီကိုင်ထားသော လူငါးဦးကို အသင့်အနေအထားနှင့် တွေ့ရသည်။

ကျွန်ုပ်က. .

‘‘ကိုခင်လှိုင်. . စိတ်အေးအေးထားပါ။ ကျွန်တော်တို့ ပတ္တမြားကြီးရောင်းရငွေ သိန်းတစ်ထောင်ကိုပဲ အေးအေးဆေးဆေးယူသွားပြီးပြန်ပါရစေ။ ခင်ဗျား ပတ္တမြားကြီးရော၊ သိန်းငါးရာကိုပါ ယူပါ။ ခင်ဗျားတို့ကိစ္စထဲ ကျွန်တော်တို့ ဝင်မပါချင်ပါဘူး။ ခင်ဗျားကိစ္စ ခင်ဗျားရှင်းပါ’’

‘‘ဟာ. . ဟ. . ဒီလိုဘယ်ရမလဲ ထောင်မှူးကြီးရယ်၊ ခင်ဗျားတို့ကိုလည်း ပြန်လွှတ်ရော၊ ကျုပ်လည်ပင်းကို ကျုပ်ကြိုးကွင်းစွပ်သလိုလည်းဖြစ်ရော နေမှာပေါ့။ ကျုပ်က အကုန်ရမှ ကျေနပ်မှာ။ ခင်ဗျားတို့အသက်တွေပါ အပါအဝင်ပေါ့။ ဟား. . ဟား. . ဟား. .’’

ထိုစဉ်တွင် ကျွန်ုပ် ရုတ်တရက် အနီးရှိ လက်နက်ကိုင်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



အား ဂျူဂျစ်ဆုနည်းဖြင့်ဖမ်းလိမ်ပြီး မောင်းပြန်သေနတ်အားလှ၍ လည်ပင်းအား လက်ျာဘက်လက်မောင်းနှင့် ညှစ်ထားစဉ် မမကြီးနှင့်သမီးယွန်းပွင့်စံ၏အော်သံကို ကြားရတော့သည်။

"အား. . အား. . အား. ."

ခင်လှိုင်နှင့် လက်နက်ကိုင်တစ်ဦးက မမကြီးနှင့် သမီးအားသိုင်းဖက်၍ လည်ပင်းအား ဓားနှင့်ထောက်ထားခြင်းဖြစ်သည်။

ခင်လှိုင်. .

"ဦးသိန်းဝင်း. . ခင်ဗျားကို ကျုပ်လေးစားပါတယ်၊ ဒီမှာ ခင်ဗျားရဲ့နှလုံးသားနဲ့ အသည်းတွေ။ ရှတ်ရှတ် ရှတ်ရှတ် မလုပ်ပါနဲ့၊ သွေးထွက်သံယိုနဲ့ မြင်မကောင်းရှုမကောင်းဖြစ်သွားမယ်၊ ကျုပ်က အမျိုးလည်းညှာမှာမဟုတ်ဘူးနော်။ လက်နက်ချပါ"

ကျွန်ုပ် အားမတန်တော့ မာန်လျှော့ရတော့သည်။ လူလေးငါးယောက်ကို ကျွန်ုပ်မမှုပါ။ ပုလ္လားတင်ဦးကလည်း ခေသူမဟုတ်ပါ။ သို့သော် အားနွဲ့သောအမျိုးသမီးများ ပါနေ၍ ကျွန်ုပ်လက်နက်ချရတော့သည်။

ခင်လှိုင်. .

"ကဲ. . ဦးသိန်းဝင်းနဲ့ ကိုတင်ဦးကို လက်နောက်ပြန် ကြိုးတုပ်လိုက်ကြ၊ အခန်းထဲဝင်ပြီး ငွေအိတ်တွေ ယူလာခဲ့ကြ၊ မြန်မြန်လုပ်"

ကျွန်ုပ်တို့ လက်ပြန်ကြိုးတုပ်၍ အဖမ်းခံရတော့သည်။ အခန်းထဲမှ လက်နက်ကိုင်တစ်ဦးက. .

"သခင်ကြီး. . ဒီနှစ်ယောက်ကို ဘယ်လိုလုပ်မလဲ၊ ဒီမှာ အိပ်နေကြတယ်"

"ဟား. . ဟား. . ဟား. . ပွေ့ချီပြီး မြေအောက်ခန်းထဲ ခေါ်လာ





ခဲ့ကြ။ ငါ့အိပ်ဆေးက နောက်တစ်နေ့တောင် ပြေမှာမဟုတ်ဘူး"

လက်နက်ကိုင်များက တွန်းထိုး၍ ကျွန်ုပ်တို့အား အောက်ထပ်သို့ ခေါ်လာခဲ့ကြသည်။ အောက်ထပ်တွင် ဗလကြီး ဝဏ္ဏက စောင့်နေသည်။

ခင်လှိုင်. .

"ဘယ်လိုလဲ ဗလကြီး။ ချောချောမောမောပဲလား"

"ချောချောမောမောပါပဲ သခင်ကြီး။ အဲ. . ဒါပေမဲ့ နမ့်စန်ချောက်ထဲ ကျသွားပေမယ့် ကားက မီးမလောင်ဘူးဗျ။ အောက်ဆုံးထိတော့ ကျသွားတာ သေချာတယ်"

"ပေ (၁၀၀) ကျော်နက်တဲ့ ချောက်ပဲကွာ။ မပူပါနဲ့၊ မီးမလောင်ရင်လည်း စိစိညက်ညက်ကြေပြီး သေမှာပါ။ ဟား. . ဟား. . ဟား. . ဒီည ငါအလွန်ပျော်သကွာ။ ပြီးတော့မှ မင်းတို့အဖွဲ့ကို အောင်သေအောင်သားစားတဲ့အနေနဲ့ ဂုဏ်ပြုပွဲလုပ်ပေးမယ်။ ဒါနဲ့ ဟိုအဖွဲ့က မနက်ဖြန်ဘယ်အချိန်လာမှာလဲ"

"ဘိန်းဖြူအဖွဲ့မဟုတ်လား ဆရာကြီး။ နေ့လယ်ပိုင်းကျမှ လာမှာပါ။ သူတို့ကို ငွေရှင်းပေးရဦးမယ်မဟုတ်လားခင်ဗျား"

"အေးလေ. . အခု ငါတို့မှာ ငွေသိန်းတစ်ထောင့်ငါးရာရှိပြီ။ သူတို့ကို သိန်းတစ်ထောင်ဖိုး ရှင်းပေးရမှာ။ တစ်ဖက်ကို ပြန်ရောင်းရင်သိန်းနှစ်ထောင်ရမှာကွ ဗလကြီးရေ၊ ငါတို့မှာ ငွေတွေထားစရာနေရာရှိပါ့မလား။ ဟား. . ဟား. . ဟား. ."

"ဟား. . ဟား. . ဟား. ."

အခုမှ ခင်လှိုင်တို့မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံကို ဖန်တီး၍ တရားမဝင် ဘိန်းဖြူအရောင်းအဝယ်လုပ်နေသူတွေမှန်း ကျွန်ုပ်တို့ သိ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဗလကြီး ဝဏ္ဏက အခန်းတစ်ခုအား သော့ဖွင့်ပြီးနောက် အံဖုံး တံခါးတစ်ချပ်အား သော့ဖွင့်ပြန်ပြီး တံခါးချပ်အား နောက်လှန်ဖွင့်ချလိုက်သည်။ ပြီးနောက် အောက်ထပ်သို့ဆင်းသွားသည်။ မကြာမီ မီးခလုတ်ဖွင့်သံကြားရပြီး မြေတိုက်ခန်းမီးလင်းသွားသည်။ ကျွန်ုပ်တို့အား တစ်ဦးချင်းခေါ်၍ မြေတိုက်ခန်းထဲ ဆင်းခိုင်းသည်။ မီးတစ်ပွင့်တည်းသာရှိသော မြေတိုက်ခန်းကျယ်ကြီးမှာ အောက်သိုးသိုးအနံ့နှင့် အသက်ရှူခက်လှသည်။ ကျွန်ုပ်နှင့် ပုဏ္ဏားတို့ ဆင်းပြီးတော့ မြင့်သိန်းနှင့်ကျော်ကြီးအား ထမ်းချလာကြသည်။ ပြီးနောက် မမကြီးတို့သားအမိအား ခေါ်ဆောင်လာသည်။ လူစုံသည်နှင့် မြေအောက်အံဖုံးတံခါးကြီးအား ပိတ်လိုက်သံကို နားအူအောင်ကြားရလိုက်သည်။

"ဝုန်း.. အုန်း.."

မမကြီးမှာ ကျွန်ုပ်တို့ထံပြေးလာပြီး ကြိုးဖြေပေးသည်။ ပုဏ္ဏားကတော့ ကြိုးပြေနေပြီဖြစ်သည်။ သူက ကြိုးဖြေဂါထာကို ရသည်ပဲလေ။ ကျွန်ုပ်ကတော့ အရေးအကြောင်းတွင် မေ့နေသည်။ ဆေးခြောက်လျှော်ကြိုးများဖြစ်၍ ခိုင်ခံ့လှသည်။ ဆေးခြောက်လျှော်ကြိုးရှိလျှင် ဆေးခြောက်ပင် ရှိရပေမည်။ ဆေးခြောက်ပင်ရှိလျှင် မူးယစ်ပစ္စည်းများရော မရှိနိုင်ဘူးလား။

ကျွန်ုပ်အတွေးပေါက်သဖြင့် (၆၀) ဝပ်အား မီးရောင်နီကျင်ကျင်အောက်တွင် တန်းစီ၍ပုံထားသော အထုပ်များအား လက်နှင့်စမ်းကြည့်မိသည်။ မာတောင့်တောင့်အထုပ်များက အဖိုးတန်ကျောက်မျက်များ ဖြစ်ပေမည်။ ဂျုံမှုန့်အိတ်လို အိတ်များက ဘိန်းဖြူများဖြစ်ပေလိမ့်မည်။





အလွန်အကြံကြီး၍ အဆက်အသွယ်ကောင်းလှသော ခင်လှိုင်ဖြစ်ပေသည်။

အဖိုးတန်ကျောက်မှောင်ခိုနှင့် ဘိန်းဖြူရာဇာဖြစ်ပေလိမ့်မည်။ သို့ဆိုလျှင် ကျွန်ုပ်တို့အား အသက်ရှင်လျက် လွှတ်ပေးတော့မည်မဟုတ်ပေ။ ကျွန်ုပ်အကြံရကျပ်နေစဉ် မမကြီးနှင့်ယွန်းပွင့်စံက ငိုနေသည်။ မြင့်သိန်းနှင့် ကျော်ကြီးကတော့ အိပ်ရာက မနိုးသေး။ ပုဏ္ဏားတင်ဦးကတော့ မြေအောက်အခန်းကျယ်ကြီးအား လိုက်၍လေ့လာနေသည်။ ပစ္စည်းများတင်ထားသည့် စင်များအနောက်ဘက်တွင် သူတစ်စုံတစ်ရာကို တွေ့ဟန်တူသည်။ ကျွန်ုပ်အား လှမ်းခေါ်သည်။

"ဆရာ.. ဆရာ.. ဒီဘက်ခဏလာပါဦး။ ဒီမှာ တံခါးပေါက်တစ်ခု တွေ့တယ်။ သော့ကြီးတော့ ခတ်ထားတယ်"

ကျွန်ုပ် အပြေးအလွှားသွားကြည့်ရာ အင်္ဂလန်လုပ် CHUBB သော့ကြီးခတ်ထားသည့် သံပြားကာတံခါးကြီးဖြစ်သည်။

"ဘယ်လိုလုပ်မလဲ ပုဏ္ဏား။ မင်းဖွင့်နိုင်သလား"

"ကျွန်တော်ကြိုးစားကြည့်ဦးမယ် ဆရာ"

ဆယ့်ငါးမိနစ်ခန့် ကြိုးစားဖွင့်သော်လည်း မရပါ။ သော့ကြီးက ခိုင်ခံ့လှပြီး သံချေးများလည်း တက်နေသည်။

"သူနိုးမြင့်သိန်းကို ရအောင်နှိုးပေတော့ ပုဏ္ဏားရေ။ တို့မှာ အချိန်သိပ်မရှိတော့ဘူး"

"ဆရာ.. ဆေးတိုက်ဖို့ ရေလိုတယ်ဆရာ"

ကျွန်ုပ်တို့ အခန်းအားပတ်၍ ရှာကြသည်။ ကံအားလျော်စွာ အခန်းထောင့် အမှောင်ရိပ်တွင် သောက်ရေအိုးတစ်အိုးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သော့ကျက်ရေဖြစ်သော်လည်း အဖုံးက မလုံသဖြင့် ရေမှာ အခန်းနှံ့စွဲနေပြီး ဖုန်နှံ့ရနေသည်။ ပုလ္လှားက အသင့်တင်ထားသည့် ရေခွက်ကလေးဖြင့် ခပ်၍သောက်ကြည့်သည်။

"ဆရာ. . ရေအစစ်ပါပဲ။ မသုံးတာကြာလို့ ဖုန်နံ့စွဲနေတယ်"

သူ့ ခွက်ကလေးဖြင့်ခပ်၍ အသင့်ပါလာသော အဆိပ်ဖြေဆေး မှုန့်များအားထည့်၍ လက်ညှိုးကလေးဖြင့်ဖျော်ပြီး မြင့်သိန်းအား ပါးစပ်ဖြဲ၍ တိုက်သည်။ ဂါထာရွတ်၍ လည်ချောင်းအားလည်း သပ်ချသည်။

'အင်း. . အင်း. .' ဟုညည်းပြီး တစ်ဖက်သို့လှည့်၍ အိပ်ပျော်သွားပြန်သည်။ အတော်ပြင်းသော အိပ်ဆေးဖြစ်ပေမည်။

"ပုလ္လှားရေ. . ထပ်တိုက်ပါဦးဟ။ ဒီကောင်ကြီးမနိုးလို့ မဖြစ်ဘူး။ ဒီကောင်ကြီးမှ ဒီအာမခံသော့ကြီးတွေကို နိုင်တာ"

ပုလ္လှားက ဒုတိယအကြိမ်ထပ်တိုက်ပြန်ရာ တအင်းအင်းညည်းညူရင်း မျက်စိဖွင့်ကြည့်လာသည်။

ကျွန်ုပ်. .

"ဟေ့ကောင် မြင့်သိန်း. .။ ထ. . ထ. . ဒီမှာ အရေးပေါ်နေပြီ"

"ဟင်. ."

ဟု အာမေဋိတ်ပြုရင်း ငုတ်တုတ်ထထိုင်သည်။ အခန်းအား ဇဝေဇဝါကြည့်ရင်း.

"ဆရာ. . ကျွန်တော်တို့ ဘယ်ရောက်နေတာလဲဟင်"

"အိမ်ကြီးရဲ့ မြေအောက်ခန်းထဲမှာ အချုပ်ခံနေရတာဟေ့။ မြန်မြန်ထတော့၊ တံခါးပေါက်တစ်ခုတွေ့ထားတယ်၊ CHUBB သော့ကြီး ခတ်ထားတယ်။ ပုလ္လှားဖွင့်လို့မရဘူး"





"ဩော်. . ကျွန်တော့်တာဝန် ထားလိုက်ပါဆရာ။ ရေ. . ရေ. . ရေပေးစမ်းပါဦး။ ရေငတ်လွန်းလို့၊ ပါးစပ်ထဲလည်း အလွန်ခါးနေတယ်"

ပုလ္လှား. .

"ခါးမှာပေါ့။ မရှော့ရွက်နဲ့ ကောရာဖိမြစ်မှုန့် တိုက်ထားတာ"

☆☆☆

www.burmeseclassic.com

www.burmeseclassic.com

## (အခန်း-၄)

သူနိုးမြင့်သိန်းသတိရလာတော့ ပုလ္လားက ကျော်ကြီးအား ပြုစုရ ပြန်သည်။ ကျော်ကြီးမှာ အိပ်ဆေးခတ်ထားသောအရက် အသောက်များ၍ အတော်နှင့် မနိုးပါ။ သုံးကြိမ်သုံးခါဆေးတိုက်မှ 'အင်း..အဲ..' ဟုညည်း ကာ သတိရ နိုးထလာသည်။ အလွန်ပြင်းသော အိပ်ဆေးဖြစ်ပုံရသည်။ ဖြေဆေးသာ မတိုက်ပါက အိပ်ပျော်နေရင်း အသက်ထွက်သွားမည်လား မသိပါ။

ကျွန်ုပ် သူနိုးမြင့်သိန်းအားခေါ်၍ ပစ္စည်းတင်စင်များအနောက် ဘက်ရှိ သံတံခါးကြီးရှိရာသို့ ခေါ်ခဲ့သည်။ သူနိုးကြီးက သူ့တွင် အရေးပေါ် အမြဲတမ်းဆောင်ထားတတ်သော ဝဲဘက်ချိုင်းအောက်ရှိ လိုတရဖောက် ထွင်းပိဗ္ဗာအိတ်အား ဖြုတ်ယူလိုက်ပြီးနောက် သံချေးများအား ခြစ်သည်။ ပြီးနောက် ဘူးလေးတစ်ခုထဲမှ ဆေးရည်များအား သော့ပေါက်အူတိုင် အတွင်းသို့ ညှစ်ထည့်သည်။ လက်နှိပ်ဓာတ်မီး (လက်ညှိုးခန့်ရှိ) ကလေး





အား ထုတ်ပြန်ပြီး သော့ပေါက်ထဲသို့ ထိုးကြည့်သည်။ သော့ခလောက်ကွင်း အား ဆွဲလှုပ်ကြည့်သည်။ ဆေးရည်ထည့်ပြန်သည်။ ပြီးနောက် အပေါက်ပါ သော သော့တစ်ချောင်းအားသွင်း၍ လှည့်ကြည့်သည်။ သော့အား ပြန်နုတ် ၍ မောင်းတံ Key များ အရာထင်နေသည့် ကြေးဝါသော့တံအား နုတ်ပြီး နောက် တံစဉ်းသေးသေးကလေးဖြင့် လိုအပ်သလိုတိုက်ပေးသည်။ တစ် ခါ..မရသေး။ နှစ်ခါ..မရသေး။ သုံးခါမြောက်တွင်တော့ သော့ခလောက် ကြီးထဲမှ 'ချောက်' ဟူသောအသံ ကြားရပြီးနောက် သော့ခလောက်ကြီး ပွင့်သွားတော့သည်။ အင်္ဂလန်နိုင်ငံလုပ် အာမခံ CHUBB သော့ကြီးဖြစ် သည်။

"ဆရာ..တွေ့တယ်မဟုတ်လား။ ကမ္ဘာပေါ်မှာ အာမခံသော့ မပေါ်သေးပါဘူးဆိုတာလေ၊ သူနိုးမြင့်သိန်းနဲ့တွေ့ရင် ဘယ်သော့မှ မခံနိုင် ပါဘူး"

ယခင်က ကျွန်ုပ် သူ၏ ဤလက်သုံးစကားကို အလွန်နားခါးလှ သည်။ ကြွားဝါသောစကားဟု အမြင်ကပ်လှသည်။ သို့သော် ယခုကဲ့သို့ အခက်အခဲ၊ အကျပ်အတည်းဖြစ်နေချိန်တွင် သူ့စကားမှာ နားဝင်ချိုလှ သည်။ စကားလုံးအပြောအဆိုနှင့် အသုံးအနှုန်းမှာ ကာလ၊ ဒေသ၊ ပယောဂနှင့် အချိန်ကိုလိုက်ပြီး အသုံးတည့်မှန်း ယခုလို ကိုယ်ရေးကြုံမှ တန်ဖိုးထားရမှန်း ကျွန်ုပ်သိရှိတော့သည်။ ထို့ကြောင့်လည်း ဂုဏ်ပြုစကား ပြောရတော့သည်။

"အေး..အေး..တော်ပါပေတယ် ဆရာသူနိုးမြင့်သိန်းရယ်။ ဒီလိုအချိန်မှာ မင်းသာ မကယ်ရင် ငါတို့တွေ ငါးပါးမှောက်ပြီပေါ့။ အရင်က ပြောခဲ့တာတွေ မေ့မယူပါနဲ့ သူနိုးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"နားဝင်ချိုလိုက်တာဗျာ။ ထပ်ပြောစမ်းပါဦး ဆရာသမားရယ်"

"ဟဲ့ကောင်.. တော်ပြီ။ အတွန့်တက်မနေနဲ့တော့။ အချိန်မရဘူး။ တံခါးကြီး မြန်မြန်ဖွင့်ပါ"

"ဩော်.. ဆရာသမားရယ်။ ချီးကျူးစကားပြောတာတောင် တွန့်တိုလိုက်တာဗျာ"

တံခါးကြီးအား သူတစ်ဦးတည်း ဖွင့်မရသဖြင့် ကျွန်ုပ်ပါ ဆွဲဖွင့်ရသည်။ တံခါးကြီးမှာ ကျည်းပေါင်နှင့်ကပ်ပြီး သံချေးတက်နေသဖြင့် ကျပ်နေခြင်းဖြစ်သည်။ သူ့နိုးမြင့်သိန်း သူ၏လက်ဆွဲတော်အိတ်ထဲမှ ပုလင်းငလေးကို ထုတ်ပြန်ပြီး မျောက်လက်နှင့်ပတ္တာနေရာများအား ညှစ်ပြန်သည်။ မကြာပါ..။ ဆွဲလိုက်သည်နှင့် တံခါးကြီးမှာ 'ကျွီ.. ကျလိ..' အသံပေး၍ ပွင့်သွားသည်။ လိုဏ်ခေါင်းရှည်ကြီးတစ်ခုဖြစ်သည်။ မှောင်မည်းနေသည်။ သို့သော် တစ်နေရာရာက လေဝင်ဟန်တူသည်။ တံခါးဖွင့်၍ ရသဖြင့် အားလုံးဝမ်းသာနေကြသည်။ လေကောင်းလေသန့်ရ၍ ထင်ပါသည်။ ကျော်ကြီးလည်း နိုးထလာသည်။

"ဆရာရေ.. ကျွန်တော်ကောင်းသွားပြီဗျို့။ အခု ဘယ်ရောက်နေတာလဲ။ ထောင်ထဲမှာ တိုက်ပိတ်ထားတာ ကျနေတာပဲ။ ရောဂါလည်း ဆာလိုက်တာဗျာ။ ပါးစပ်ထဲမှာလည်း ခါးနေတာပဲ"

မုဏ္ဍားတင်ဦးက ရှေခပ်ပေးရပြန်သည်။ ကျော်ကြီးက..

"ဆရာ.. ကျွန်တော်ကောင်းသွားပြီ။ ဘာလုပ်ပေးရမလဲ..။ ပြောပါ"

ကျွန်ုပ်..

"ဘာမှ လုပ်ပေးစရာ မလိုသေးဘူး။ အဲဒီမှာ အမျိုးသမီးတွေနဲ့





နားနေဦး။ အပြင်က ဝင်လာရင်တော့ လက်ဦးအောင် ဆော်ပေတော့။ လက်နှေးရင်တော့ အသက်ပေးလိုက်ပေတော့။ ရော့.. ဒီမှာ ခြောက်လုံးပြူးသေနတ်၊ ကျည်ဆန် (၆) တောင့် ထည့်ထားတယ်၊ ဒါနဲ့ မင်းတို့ပြင်ထားတာ သုံးလက်မဟုတ်လား။ တစ်လက်ဘယ်ရောက်သွားသလဲ ကျော်ကြီး"

"တစ်လက်က ကိုမြင့်သိန်းဆီမှာလေ"

"ဟုတ်တယ်ဆရာ။ ကျွန်တော့်မှာ တစ်လက်ရှိတယ်၊ ကျွန်တော့်ရဲ့ ညာဘက်ချိုင်းအောက်မှာပါ ဆရာ"

"ကဲ.. ငါတို့ ဥမင်လိုဏ်ခေါင်းအတိုင်း ဆက်သွားကြစို့။ ဟိုအပေါ်က ကောင်တွေ နိုးလာရင် တိုက်ပွဲဖြစ်နေဦးမယ်။ ကဲ.. ကဲ.. လာကြ.. လာကြ..။ အပြင်လေ ဝင်နေတာဆိုတော့ ထွက်ပေါက်ပဲဖြစ်မယ်။ မြင့်သိန်းရေ.. သံတံခါးကြီးကို ပြန်ပိတ်တော့။ အထဲမှာ မင်းတုန်းရှိလား"

"နေဦးဆရာ..။ ကျွန်တော်ကြည့်လိုက်ဦးမယ်။ အဲ.. ရှိတယ်ဆရာရေ။ အကြီးကြီးပဲ။ ကျွန်တော် ချက်ထိုးလိုက်တော့မယ်နော်"

"အေး.. အေး.."

ကျွန်ုပ်တို့အဖွဲ့ ဥမင်လိုဏ်ခေါင်းလမ်းအတိုင်း လျှောက်လာကြသည်။ ဥမင်အတွင်း၌ ရေစိမ့်နေသဖြင့် အစိုဓာတ်က ရှိနေသည်။ ကြမ်းခင်းမှာ ချောနေသဖြင့် ချော်မလဲစေရန် ထိန်းလျှောက်ကြရသည်။ အလင်းရောင်က မရှိ။ မြင့်သိန်း၏ သူ့နိုးမီးကလေးဖြင့် ဦးဆောင်လမ်းပြသည့်အတိုင်း အနောက်က ထိန်း၍လိုက်ရသည်။ ကျွန်ုပ်က အလယ်မှဖြစ်ပြီး မ..ကြီးနှင့် ယွန်းပွင့်စံလက်အား တွဲ၍လျှောက်ရသည်။ ကျွန်ုပ်တို့အနောက်တွင် မုဏ္ဍားနှင့်ကျော်ကြီးက ကပ်ပါလာသည်။ ဥမင်လမ်းမှာ အတော်ရှည်သည်။ ပေ (၃၀၀) ကျော်ခန့် ရှိမည်ထင်သည်။ မည်သည့်ဘက်သို့ ဦးတည်

www.burmeseclassic.com



နေမှန်း ကျွန်ုပ်တို့မသိပါ။

ထိန်း၍လျှောက်ရသဖြင့် (၁၀) မိနစ်ကျော်ခန့်ကြာမည်ထင်သည်။

မြင့်သိန်း..

"ဆရာ.. လိုဏ်ခေါင်းဆုံးပြီ။ အပေါ်တက်တဲ့လှေကားရှိတယ်။ ခဏနေကြဦး။ ကျွန်တော်ကြည့်လိုက်ဦးမယ်"

(၅) မိနစ်ခန့်အကြာတွင် မြင့်သိန်းထံမှ ခေါ်သံကြားရသည်။

"ကျော်ကြီးရေ.. ခဏလာဦးဟေ့။ ငါတစ်ယောက်တည်း မနိုင်ဘူး"

"လာပြီ ကိုမြင့်သိန်းရေ"

ကျော်ကြီး ကျွန်ုပ်တို့အားကျော်၍ အပြေးတက်သွားသည်။

မကြာပါ။ တံခါးအံဖုံး ပွင့်သွားဟန်တူသည်။ လေကောင်းလေသန့်များ ဝင်လာသည်။ မြင့်သိန်းအသံနှင့်..

"ဆရာတို့ ခဏနေကြဦးနော်။ တံခါးပွင့်သွားပြီ။ ကျွန်တော်တို့ အပြင်က အခြေအနေကို လေ့လာလိုက်ဦးမယ်"

ခဏအကြာတွင်..

"ရပြီ..။ ဆရာတို့ ထွက်ခဲ့ကြတော့"

ကျွန်ုပ်တို့ တစ်ဦးချင်းတန်းစီ၍ ထွက်လာကြရာ အပြင်ရောက်သည်နှင့်..

"ဟာ.. ဒါ.. သချိုင်းကုန်းကြီးပဲ။ ဆွေမျိုးစုသချိုင်းကြီးပဲ။ အတော်အကြံကြီးတဲ့သူတွေကွာ"

ကျော်ကြီး..

"ဟုတ်တယ်ဆရာ။ ဒါ.. အုတ်ဂူအဟောင်းတွေကြားက ထွက်





ပေါက်ပဲ။ ဟိုဘက်က တည်းပင်အောက်မှာ ခင်နှောင်ရဲ့အုတ်ဂူ။ ကျွန်တော်တို့က သူ့အုတ်ဂူပတ်ဝန်းကျင်ပဲ ရှင်းခဲ့တော့ ဒီဘက်မရောက်ခဲ့ဘူး။ ဒါကြောင့် ဒီထွက်ပေါက်ကို မမြင်ခဲ့တာ"

မြင့်သိန်း..

"ဒီဘက်ရောက်ရင်လည်း သိမှာမဟုတ်ပါဘူးကွာ။ ချေသိုတက်ပြီး မြက်တွေဖုံးနေတာ တောထနေပြီပဲ"

ကျွန်ုပ်တို့ မိုးမခစံအိမ်ကြီးဘက်သို့ လှမ်းကြည့်မိသည်။ မီးများ လင်းနေသော်လည်း ဆိတ်ငြိမ်တိတ်ဆိတ်နေသည်။

မမကြီး..

"မောင်မောင်ရယ်..။ အခုမှပဲ အသက်ရှူဝတော့တယ်။ မမတို့ မသေတော့ပါဘူးနော်"

"ကျွန်တော်တို့ ကြိုးစားရဦးမယ် မမ။ ဒီခြံထဲက ထွက်နိုင်မှ လွတ်ပြီလို့ ပြောနိုင်မယ်။ အခုတော့ စောပါသေးတယ် မမရယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကံကောင်းပါတယ်"

ပုဏ္ဏားတင်ဦး..

"ကဲ.. ဆရာ။ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ"

ကျွန်ုပ် နာရီကို ကြည့်မိသည်။ ရောင်နီလာချိန်ဖြစ်၍ နာရီက မနက် (၄) နာရီကထာန်းကို ညွှန်ပြနေသည်။ အချိန်က သိပ်မရှိတော့ပါ။

"ပုဏ္ဏား..၊ ကျော်ကြီး..၊ မြင့်သိန်း.."

ကျွန်ုပ်က တစ်ဆက်တည်းခေါ်လိုက်သည်။

"မနက်လေးနာရီထိုးပြီ။ အချိန်က သိပ်မရှိတော့ဘူး။ ခင်လှိုင်တို့ကတော့ မှူးပြီး အိပ်ပျော်နေကြပုံပဲ။ ဒါပေမဲ့ အောက်မှာ ဗလကြီးပဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



ခွေးနှစ်ကောင်နဲ့ ကင်းလှည့်နေလိမ့်မယ်။ သူတို့ကို အရင်ဖြိုရမယ်"

ကျွန်ုပ်စကားပြောနေစဉ်၌ပင် ခြံအနောက်ပေါက်မှ မီးတဝင်းဝင်းနှင့် ဗလကြီးဝဏ္ဏအား ခွေးနှစ်ကောင်နှင့် အတူတွေ့ရသည်။

ပုဏ္ဏားတင်ဦး..

"ကျော်ကြီး.. လာ..။ ဒီကိစ္စ ကျွန်တော်တို့တာဝန်ထားလိုက်။ မီးအချက်ပြတာနဲ့ လိုက်ခဲ့ကြတော့"

ပုဏ္ဏားနှင့်ကျော်ကြီး အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ကျွန်ုပ်တို့အဖွဲ့ အောက်ခြေရှင်းလင်းထားသော ကိုခင်နောင်၏ ဒုတ်ဂူအနီးသို့ ကပ်ခဲ့ကြသည်။ အနီးရှိ တညင်းပင်ကြီး၏အရိပ်ကြောင့် အိမ်ကြီးပေါ်မှ အစောင့်ရှိလျှင်လည်း ကျွန်ုပ်တို့အား မြင်နိုင်မည်မဟုတ်ပါ။ မကြာပါ။ 'ခွပ်.. အု.. အု' ဟူသော အသံခပ်အုပ်အုပ်ကို ကြားရပြီးနောက် လက်နှိပ်ဓာတ်မီးအသေးစားလေးအား မှိတ်လိုက်၊ ဖွင့်လိုက် သုံးကြိမ် အချက်ပြသည်ကို တွေ့ရသဖြင့် ကျွန်ုပ်တို့ တန်းစီ၍ မိုးမခအိမ်ကြီးဆီသို့ ချဉ်းကပ်ခဲ့ကြသည်။

ပုဏ္ဏားက ဆီး၍ပြောလာသည်။

"ဆရာရေ.. လွယ်လိုက်တာဗျာ။ ဗလကြီး ထိုင်ပြီး အနားယူ ဆေးလိပ်ဖွာနေတုန်း ကျော်ကြီးက ခေါင်းကိုအုတ်ခဲနဲ့ထုတယ်။ ကျွန်တော်က မှုတ်ပြောင်းနဲ့ ခွေးနှစ်ကောင်ကို ရှင်းလိုက်တာ ကွက်တိပဲဗျို့။ ဒီမှာ ဝဏ္ဏလွယ်ထားတဲ့ M-16 မောင်းပြန်သေနတ်၊ ဆရာကိုင်ထားပေတော့။ ကျွန်တော် သေနတ်မပစ်တတ်ဘူး"

"အေး.. အေး.. ဒါနဲ့ မင်းက မှုတ်ပြောင်းကို ဘယ်က ရတာလဲ"





"ကျွန်တော် မြိတ်ကျွန်းစုဘက်ရောက်တုန်းက ဆလုံတွေဆီက ရတာ။ အလွန်ထိရောက်တယ်ဆရာ။ မှုတ်ပြောင်းကလည်း တစ်တွာလောက်ပဲရှည်တယ်။ လက်သန်းလုံးလောက်ပဲ ရှိတယ်။ ဆောင်ထားလို့ အလွန်ကောင်းတယ်။ ကျွန်တော့်ရဲ့ လိုတရအိတ်ကလေးထဲမှာ အစုံရှိတယ်ဆရာ"

"အေး.. အေး.. အဲဒါဆိုရင် မင်းတို့မှာ ကားသော့တွေ ပါရဲ့မဟုတ်လား။ မမကြီးတို့ရော ကားသော့ပါသလား"

"သမီးမှာ ပါတယ် ဦး။ သမီးဆောင်ထားတယ်"

မြင့်သိန်း..

"ကျွန်တော်တို့မှာလည်း ပါတယ်ဆရာ"

"အေး.. အဲဒါဆိုရင် မြင့်သိန်းကားသော့ ငါ့ပေး။ မင်းက ခြံရှေ့ဝင်းတံခါးကြီးကို သွားဖွင့်ထားလိုက်။ မမကြီးတို့ သားအမိက ကားထဲဝင်နေ၊ စက်မနှိုးနဲ့နော်။ ဂီယာဖြုတ်ထား"

"ရော့.. ကျော်ကြီး.. ကားသော့၊ ငါတို့ကားကိုလည်း တံခါးဖွင့်ပြီး ဂီယာဖြုတ်ထား။ တစ်စီးချင်း ခြံဝကိုတွန်းထုတ်မယ်"

ကျွန်ုပ်တို့ အလုပ်ရှုပ်သွားပါသည်။ ပထမဆုံး မမကြီးတို့ကားအား မြင့်သိန်းပြန်လာသည်နှင့် တွန်းထုတ်ကြသည်။ ကျွန်ုပ်ကတော့ M-16 ရိုင်ဖယ်ကြီးအား မောင်းတင်၍ မိုးမခပင်အောက် အမှောင်တွင် ကိုယ်ယောင်ဖျောက်ရင်း အသင့်အနေအထားဖြင့် ကင်းစောင့်ပေးသည် ခင်လှိုင်က ဗလကြီးဝဏ္ဏအား စိတ်ချဟန်တူသည်။ အိမ်အပေါ်ထပ်တွင် အစောင့်ကင်းကို မတွေ့ရ။ ကားနှစ်စီး ခြံပြင်ရောက်တော့ ကျွန်ုပ်လည်း မှောင်ရိပ်ခိုကာ ပြေးထွက်ခဲ့သည်။ သူခိုးမြင့်သိန်း ဝင်းတံခါးကြီးအား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်နေစဉ် ပုဏ္ဏားတင်ဦးက..

"ဆရာ..ကျွန်တော်တို့ အိမ်ပေါ်ပြန်တက်ဦးမယ်၊ ဆရာတို့ သွားနှင့်ကြပါ။ ရွာထိပ်က စောင့်နေကြပါ။ မကြာပါဘူး"

"ပုဏ္ဏား..ဘာလုပ်ဦးမှာလဲ၊ ပုလွက်ဆိတ်အုံကို တုတ်နဲ့ထိုးသလို ဖြစ်နေဦးမယ်နော်"

"စိတ်ချပါ ဆရာ။ ကျွန်တော်နဲ့သူခိုးမြင့်သိန်း ပတ္တမြားကြီးကို ပြန်ယူမယ်၊ သေနတ်သံတွေကြားရင်တော့ ဆရာတို့လစ်တော့။ ကျွန်တော်တို့ဘာသာ ပြန်လာမယ်၊ မန္တလေးဟိုတယ်က စောင့်နေပါ။ သေနတ်သံ မကြားရရင်တော့ စောင့်နေပါ။ မကြာပါဘူး"

ကျွန်တော်တို့ကားနှစ်စီး မီးမှိတ်ပြီး မောင်းထွက်ခဲ့သည်။ ကျွန်ုပ်က မမကြီးတို့ကားနှင့်လိုက်ပြီး ကျွန်ုပ်တို့၏ဗင်ကားအား ကျော်ကြီးက မောင်းသည်။

မမကြီး..

"မောင်မောင်..မမကြီးတို့ လွတ်ပြီနော်။ မမကြီးတို့ပိုက်ဆံအိတ်တွေ အခန်းထဲမှာ ကျန်ခဲ့တယ်။ ငွေက ကိစ္စမရှိပေမယ့် ကျောက်စစ်ကိရိယာတွေက အဖိုးတန်တယ်။ နောက်ပြီး မှတ်ပုံတင်တွေနဲ့ ဒရိုင်ဘာလိုင်စင်"

ယွန်းပွင့်စံ..

"မေမေ..ကိစ္စမရှိဘူးလေ။ မှတ်ပုံတင်၊ လိုင်စင်နဲ့ ငွေတွေကို သမီးယူလာခဲ့တယ်။ ဒီမှာ..ရင်ကြားမှာ..။ မေမေ့ကျောက်စစ်ကိရိယာတွေကိုတော့ လေးလို့ မယူနိုင်ခဲ့ဘူး"

မမကြီး..





"ဪ..သမီးလေးက တော်လိုက်တာနော်။ အဲဒါမှ မေမေ့သမီးကွ။ ဟုတ်တယ်နော်"

"မေမေ့သမီးတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးက ဦးတို့ကို အတုခိုးပြီးတော့ လုပ်တာပါ။ အမြဲတမ်းအဆင်သင့်ဖြစ်နေရမယ်လို့ ဦးက ပြောထားတယ်။ အခုလာကြတဲ့ ဦးတွေ အကုန်တော်ကြတယ်။ ဦးကျော်ကြီးတစ်ယောက်ပဲ အရက်တွေအရမ်းသောက်လို့ သမီးအမြင်ကတ်တာ"

ကျွန်ုပ်..

"ဟား..ဟား..ဟား..ဦးကျော်ကြီးလည်း တော်ပါတယ် သမီးရယ်။ သူ့နေရာနဲ့ သူပေါ့။ အိပ်ဆေးခတ်ထားတဲ့အရက် သောက်မိတော့လည်း ဖလက်ပြသွားတာပေါ့။ အဲဒီနေ့က သမီးကိုကျတာကိုလည်း ဦးက အားဖူးတင်တယ်။ သမီးက ပြင်ဦးလွင်မြို့ထဲသွားပြီး ရှမ်းခေါက်ဆွဲစားလို့လည်း သက်သာသွားတာ။ မသွားဖြစ်ရင်တော့ ဦးလည်း အရက်သောက်ရမှာမို့ အိပ်ဆေးထိမှာပဲ၊ ပုဏ္ဏားတင်ဦးတစ်ယောက်တည်းနဲ့တော့ အခုလို အကုန်လွတ်မြောက်ဖို့ဆိုတာ မလွယ်ဘူး"

မမကြီး..

"ဟုတ်ပါတယ် ငါ့မောင်ရယ်။ မင်းဦးဆောင်လို့ မမတို့ လွတ်တာပါ။ ကျေးဇူးတင်လိုက်တာကွယ်။ မောင်မောင်ဟာ မမကြီးတို့သားအမိရဲ့ ကျေးဇူးရှင်ပါ။ အကြွေးတွေကတော့ တင်ပြီးရင်းတင်ရင်း ဖြစ်နေပြီ"

သမီးကလည်း ဦးကို ဂုဏ်ပြုရဦးမှာ။ ဦးက ဆရာကြီး"

ကျွန်တော်တို့ ပျော်ရွှင်စွာနှောင်ပြောင်ကြရင်း မောင်းလာကြ



www.burmeseclassic.com

www.burmeseclassic.com



ရာ ရွာအဝင်လမ်း ပြင်ဦးလွင်–မန္တလေးကားလမ်းပေါ်ရောက်သည်နှင့် မန္တလေးဘက်သို့ ခေါင်းလှည့်၍ ကားများရပ်ထားလိုက်သည်။

ထိုစဉ် ကျော်ကြီးက ကားပေါ်မှဆင်းလာပြီး..

"ဆရာ.. ကျွန်တော်လိုက်သွားရဦးမလား"

"မလိုက်နဲ့။ သူတို့ဘာသာ ဖြေရှင်းတတ်ပါတယ်။ ပုဏ္ဏားနဲ့မြင့် သိန်းပဲကွာ။ ပေ့ါသေးသေးမှတ်လို့၊ ဒါနဲ့ သူတို့ပြန်လာရင်တော့ ဒီဟာကြီး ကို ဟိုရှေ့က နမ့်စန်ချောက်ထဲ ပစ်ချလိုက်ပေတော့။ ဒါကြီးက အန္တရာယ် ရှိတယ်"

ကျွန်ုပ် ကျော်ကြီးအား M-16 ရိုင်ဖယ်သေနတ်ကြီးအား ကမ်း ပေးလိုက်သည်။

"ဆရာယူထားပါဦး။ ကျွန်တော် ဒါကြီးကို မကိုင်ရဲဘူး။ မတော် ကျည်ဆန်ထွက်သွားမှဖြင့် ခက်နေမယ်"

"အေး.. အေး.."

ကျွန်ုပ်တို့ ကားပေါ်ကဆင်း၍ သစ်ပင်အောက်တွင် ထိုင်ကြ သည်။ သမီးယွန်းပွင့်စံကတော့ ကားထိုင်ခုံအား နောက်လှန်၍ ကားပေါ် တွင် အိပ်နေသည်။ ကလေးပီပီ ပင်ပန်းပြီး အိပ်ရေးပျက်ထားသဖြင့် အနားယူနေဟန်တူသည်။

ကျွန်ုပ်..

"ကျော်ကြီးရေ.. မင်းလည်း ကားပေါ်မှာနားရင်း အဆင်သင့် စောင့်နေပါ။ တို့ဝန်ထမ်းစကားနဲ့ပြောရရင် Stand By ပေါ့ကွာ"

"ဟုတ်ကဲ့ ဆရာ"

ကျော်ကြီး ကားပေါ်ပြန်တက်သွားသည်။ ထိုအချိန်တွင် မမကြီး





မှာ ကျွန်ုပ်အနီးတွင်ထိုင်၍ အိပ်ငိုက်နေရာမှ ကျွန်ုပ်၏ရင်ခွင်ထဲသို့ ပြိုလဲ ကျလာသည်။ သူမလည်း အလွန်ပင်ပန်းနေပြီဖြစ်သည်။ မကြာပါ...။ လုံခြုံနွေးထွေးသော ကျွန်ုပ်၏ရင်ခွင်ထဲတွင် စိတ်ချလက်ချအိပ်ပျော်သွား ရှာသည်။

နာရီဝက်ကျော်ကျော်ခန့်အကြာတွင် မြွေတွန်သံလိုလို လေချွန် သံလိုလို သံရှည်ဆွဲ၍မြည်သောအသံအား ကြားရသည်။ ကျွန်ုပ် မမကြီး အားနှိုးပြီး M-16 သေနတ်ကြီးအား မောင်းထိန်းခလုတ်ဖြုတ်၍ အသင့် ပြင်ဆင်ထားမိသည်။ လေချွန်သံ သံပြတ်သုံးပြတ်ကြားမှ ပုဏ္ဏားနှင့် မြင့်သိန်းထံမှဖြစ်ကြောင်း သိရှိရသဖြင့် စိတ်အေးရတော့သည်။ သူတို့က သစ်ပင်ရိပ်များအားကာ၍ လျှင်မြန်စွာချဉ်းကပ်လာသည်။ ကျွန်ုပ်တို့ကား များအား မြင်ရသည်နှင့်..

"ဆရာတို့မဟုတ်လား"

"အေး.. ဟုတ်တယ်"

မြင့်သိန်း..

"ပွဲပြီးသွားပြီဆရာ။ ပြန်ကြစို့..။ ရော့.. မမကြီးနဲ့ သမီးရဲ့ ပိုက်ဆံအိတ်တွေ။ အေးဆေးပဲ ဆရာ။ Land Rover ကားကြီးကိုလည်း ... ဘီးဝလုံး လေလျှော့ထားခဲ့တယ်။ ဘီးပြားကြီးနဲ့ ကျွန်တော်တို့နောက် ကို မလိုက်နိုင်ပါဘူးဆရာ။ အမြန်ဆုံး နောက်ထပ်တစ်နာရီလောက်ကြာမှ လိုက်နိုင်ကြမှာပါ။ ကဲ.. သွားကြစို့ဆရာ"

"မင်းတို့ ပတ္တမြားကြီးရော ရခဲ့သလား"

ပုဏ္ဏား..

"အဲဒီအတွက် သွားတာပဲ ဆရာရယ်။ မရရင် ဘယ်ပြန်လာပါ့



www.burmeseclassic.com

www.burmeseclassic.com



မလဲ''

''ခင်လှိုင့်ငွေတွေကိုတောင် မယူချင်လို့ ထားခဲ့တာ။ ဆရာ့အခန်းထဲလည်း ဝင်ခဲ့ပါသေးတယ်။ ဟောဒီမှာ ခင်နောင်ရဲ့ ဒိုင်ယာရီစာအုပ်။ လက်စလက်နမကျန်အောင်လည်း ဖျောက်ခဲ့တယ်။ ခင်လှိုင်ကတော့ အိပ်လိုက်တာ သိုးနေတာပဲ။ ခြေရာ၊ လက်ရာ မပျက်တော့ ပုတ္တမြားကြီး ဖျောက်တာ သူ့အကောင်တွေကိုပဲ ထင်မှာ''

ကျွန်ုပ် ကားပေါ်ရောက်တော့ သမီးယွန်းပွင့်စံအား နှိုးရသလို မြင့်သိန်းက ကျော်ကြီးအား နှိုးရသည်။ ကားအထွက်တွင် ကျွန်ုပ်ကိုင်ဆောင်ထားသော M-16 ရိုင်ဖယ်သေနတ်ကြီးအား နမ့်စန်လျှိုအတွင်းသို့ ပစ်ချထားခဲ့သည်။ ကျွန်ုပ်၏ဂျာကင်အောက်တွင်ရှိသော ခြောက်လုံးပြူးနှစ်လက်နှင့် ကျည်ဆန်များကတော့ ပါလာသည်။

(၂၁) မိုင်စခန်းကိုရောက်တော့ မနက် (၆) နာရီခန့်ရှိပြီး ဗိုက်ကဆာလာသဖြင့် မလိုင်လက်ဖက်ရည်နှင့်ရှမ်းခေါက်ဆွဲအား တမ်းတမိသည်။ သို့သော် ကားရပ်၍ မစားရဲတော့။ ဆက်၍မောင်းလာခဲ့ကြသည်။ ဖီးတောကြီး၊ ကျောက်မီးရွာနှင့် အောင်ပင်လယ်ကိုကျော်တော့ မန္တလေးမြို့ထဲသို့ ဝင်လာသည်။ ကျွန်ုပ်တို့ ကားရပ်လိုက်တော့ နောက်က ကားက ယှဉ်ရပ်လာသည်။

''ဆရာ. . ဘယ်သွားကြမလဲ၊ ကျွန်တော်တို့ဗိုက်ဆာနေကြပြီ''

''ပထမတော့ မန္တလေးဟိုတယ်ကို သွားဖို့ပဲ။ ဒါပေမဲ့ မန္တလေးက လွတ်အောင်သွားနိုင်ရင် ကောင်းမယ်။ ခဏသည်းခံပြီး အောင့်ထားကြဦး။ ငါလည်း အတော်ဆာနေပြီ။ မမကြီးတို့လည်း အိမ်မပြန်ကြနဲ့ဦး။ ကျွန်တော့်အစီအစဉ်အတိုင်းသာ လိုက်ခဲ့ကြပေရော့''





''ကဲ. . သမီးယွန်းပွင့်စံရေ၊ ဆက်မောင်းပေတော့''

မနက် (၉) နာရီခန့်တွင် စဉ့်ကိုင်မြို့နယ်သို့ ဝင်သည်။ ကျွန်ုပ်တို့အကျဉ်းဌာန ဘဲလင်းကျောက်စခန်းရှေ့ ရွာဝင်လမ်းမှဝင်၍ ဘဲလင်းရွာဈေးအနီးရှိ လက်ဖက်ရည်နှင့် အကြော်ဆိုင်တွင် မနက်စာစားကြသည်။ ရန်ကုန်–မန္တလေးကားလမ်းနှင့် ဝေးသဖြင့် ကျွန်ုပ်တို့ကားများအား လမ်းမပေါ်မှ မမြင်နိုင်စေရန်ဖြစ်သည်။ လက်ဖက်ရည်လည်း ကောင်းပါသည်။ အကြော်ပူပူနွေးနွေးလည်း ကောင်းလှသည်။

ပြီးနောက် စဉ့်ကိုင်ဘူတာရုံအနီးရှိ ရွာလမ်းအတိုင်းဝင်၍ ခြေရာဖျောက်ရတော့သည်။ ကျွန်တော့်ရည်ရွယ်ချက်မှာ အသုံးလုံးလုပ်အားပေးခဲ့သော ရွာများတွင် ခေတ္တခိုအောင်းရင်း မိုးမခစံအိမ်ကြီးသတင်း နားစွင့်ရန်ဖြစ်သည်။

လမ်းမှာ လှည်းလမ်းဖြစ်သော်လည်း မိုးတွင်းအခါဖြစ်၍ ဖုန်မထပါ။ ကုန်းသာ၊ ဖီးတောကြီး၊ နေပူရွာကိုလွန်တော့ အမရပူရလေယာဉ်ကွင်းသစ်ကြီးအနီး ရောက်လာသည်။ ထိုမှ ဆက်သွားသော် ကျွန်ုပ်လုပ်အားပေးခဲ့သော နန္ဒိတောင်ရွာ၊ မြောက်ရွာ၊ ရွာတန်းရှည်ကြီးအား ရောက်သည်။ နန္ဒိတောင်ရွာမှ သူကြီး အဘဦးဓာတ်မှို၏အိမ်ရှေ့တွင် ကားများရပ်တော့ အားလုံးက ဝိုင်းကြည့်နေကြသည်။

''ကဲ. . ကဲ. . ဆင်းကြတော့။ ရောက်ပြီ''

အဘဦးဓာတ်မှိုနှင့် သား မိုးတင်တို့ ထွက်လာကြပြီး. .

''ဟာ. . အစ်ကိုကြီးကိုသိန်းဝင်း။ အဖေရေ. . ညီ့သည်တွေလည်း ပါလာတယ်''

''ဟာ. . ငါ့သားကြီး။ ဝမ်းသာလိုက်တာကွာ။ မနက်ကတောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းအကြောင်းပြောနေကြတာ။ လာကြဟေ့.. လာကြ..။ ညီသည်တွေ အားလုံး လာကြပါ''

အဘဦးဓာတ်မှိုနှင့် မိသားစုက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြသည်။ အဘက မမကြီးနှင့် သမီးယွန်းပွင့်စံအား ကြည့်ပြီး..

''ဒါ.. မင်းမိန်းမနဲ့ သမီးလား။ အချောပဲဟေ့''

တုတ်ထိုးအိုးပေါက်ပြောတတ်သော အညာဓလေ့အတိုင်း အဘက လုပ်ချလိုက်ပါသည်။ ကျွန်ုပ်က မျက်နှာပူနေသော်လည်း မမကြီးနှင့် ယွန်းပွင့်စံက အပြုံးမပျက်..။

မမကြီး..

''ဟုတ်ပါတယ် အဘ။ ကျွန်မတို့ မန္တလေးလာရင်း ဝင်လာတာပါ။ ဒီမှာ အကြာကြီးနေမှာပါ''

''နေပါဗျာ.. နေပါ။ တစ်သက်လုံးနေလည်း ရပါတယ်။ တို့မှာ ဆီ၊ ဆန်၊ ပဲ ပြည့်စုံအောင်ရှိပါတယ်၊ အိမ်ကြီးလည်း ကြီးပါတယ်။ လွတ်လွတ်လပ်လပ်နေချင်ရင်တော့ အိမ်နောက်က ကွက်လပ်မှာ အိမ်ဆောက်ပေးဦးမယ်''

''အလကားပြောတာ အဘ၊ သူတို့လား နေနိုင်မှာ၊ ကျွန်တော်သတိရလွန်းလို့ ဝင်လည်တာပါ။ အသွားတုန်းကလည်း တံတားဦးဘက်သွားရင်း ဝင်မလို့ပါ။ ကြောင်ပန်းကုံးရွာအဆင်းမှာ ပန်းလောင်မြစ်ရေကြီးနေတာနဲ့ အခု အပြန်မှ စဥ့်ကိုင်ဘက်က ဝင်လာရတာ အဘရေ''

ထိုစဥ် ပုဏ္ဏားတင်ဦးက ဝင်မေးလာသည်။

''ဆရာ.. အဲဒါဆို ဒီရွာကနေ အင်းဝဘက်သွားရင် နီးတာပေါ့နော်''





အဘဦးဓာတ်မှို..

''နီးပါ့ဗျား..။ ရေ့က အုန်းလက်ကောက်ရွာကို ဖြတ်လိုက်ရင် ကြောင်ပန်းကုံးရွာရောက်တယ်။ အဲဒီကနေ ကားစီးသွားရင် တစ်နာရီတောင်မကြာပါဘူး။ တံတားဦး (အင်းဝ) ကို ရောက်ပါတယ်''

''ဟာ.. အဲဒါဆို အတော်ပဲ၊ ကျွန်တော်က တံတားဦး (အင်းဝ) ကို သွားစရာကိစ္စ ရှိနေတယ်''

''ကဲ.. နားပါဦး ပုဏ္ဏားရယ်၊ မနက်ဖြန်မနက်စောစော သွားကြတာပေါ့။ ဒီက ကားတွေနဲ့တော့ သွားလို့ရမှာမဟုတ်ဘူး။ လှည်းနဲ့ပဲ သွားရမှာ၊ ကြောင်ပန်းကုံးရွာရောက်မှ လိုင်းကားစီးပြီး သွားကြတာပေါ့''

ယွန်းပွင့်စံ..

''မေမေ.. သမီးလှည်းစီးချင်တာနဲ့ အတော်ပဲနော်''

မမကြီး..

''အေးပါ သမီးရယ်..။ ဒီရွာမှာ သမီးပျော်သလောက်နေပါဦး''

နေ့လယ်စာချက်ပြုတ်နေကြစဥ် ကျွန်ုပ်တို့ ရေချိုးရန်စီစဥ်ကြသည်။ ယခင်လို ဘုန်းကြီးကျောင်းရေတွင်းမှာတော့ မဟုတ်တော့ပါ။ အဘ၏သားအငယ်ဆုံး ကျော်တင့်၏အိမ်ရှေ့တွင် ရေတိုင်ကင်နှင့် အုတ်ရေကန်ရှိသဖြင့် အဆင်ပြေသည်။ အမျိုးသားများ အရင်ရေချိုးကြပြီးမှ မမကြီးတို့သားအမိ ရေချိုးသည်၊ ရေချိုးခန်းထဲတွင် ချိုးလေ့ရှိသူများဖြစ်ကြ၍ ရှက်မနေစေရန် အုတ်ရေကန်ကလေးထဲသို့ ရေနိုပ်ထည့်ပေးပြီးနောက် ကျွန်ုပ်တို့ အဘဦးဓာတ်မှိုအိမ် ပြန်၍စောင့်နေရသည်။

နေ့လယ် (၁၂) နာရီခန့်တွင် ထမင်းစားကြသည်။ ကြက်သားဟင်းဆီပြန်၊ ကြက်ရိုးနှင့် ခွေးတောက်ရွက်ဟင်းချို၊ ပဲကြီးနှပ်၊ အညာဆူး



www.burmeseclassic.com

www.burmeseclassic.com



ပုပ်လေးရွက်၊ ခွေးတောက်ရွက်၊ သနပ်ရွက်နှင့် ဥသျှစ်ရွက်ကြော်ချက်၊ ငရုတ်သီးစပ်ထောင်းဟင်းများဖြစ်သည်။

ကျွန်ုပ်ကတော့ အညာလက်ရာကြိုက်သဖြင့် အတော်စားနိုင်သည်။ ပုဏ္ဏားတင်ဦးက သက်သတ်လွတ်သမားဖြစ်သော်လည်း ဟင်းသီးဟင်းရွက်များပါ၍ စားနိုင်သည်။ မြင့်သိန်းနှင့် ကျော်ကြီးကလည်း စားနိုင်ကြသည်။ မကြီးတို့မိသားစုလည်း ခံတွင်းတွေ့ဟန်ဖြင့် စားနိုင်ကြသည်။ ကျွန်ုပ်တို့ ဝမ်းသာရသည်။ ရွာတွင် ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင် မရှိ။ ထမင်းစားမကောင်း၍ ဝယ်စားရန် မရှိပါ။

ထမင်းစားပြီးတော့ လက်ဖက်ရည်အကြမ်းဝိုင်းတွင် မြေပဲဆံကြော်၊ ထန်းပိုဦးထန်းလျက်၊ လက်ဖက်သုပ်တို့ဖြင့် စည်ခံရင်း၊ အဘဦးတတ်မိုက..

“ငါ့သားကြီးကို ပြောစရာရှိတယ်။ အဘလည်း အသက်ကြီးပြီ။ အဲဒါ လယ်ယာတွေ အမွေခွဲပေးမလို့။ သားကြီးလည်း တစ်စုပါတယ်။ အားလုံးကလည်း သဘောတူကြတယ်၊ အဲဒါ ညနေကျရင် လိုက်ပြမယ်”

အဘဦးတတ်မိုနှင့် သူ့မိသားစုမှာ ကျွန်ုပ်အား မွေးစားသားအဖြစ် သတ်မှတ်ထားသည်။ မန္တလေးဘက်ရောက်တိုင်းလည်း ကျွန်ုပ်က ဝင်ကန်တော့လေ့ရှိသည်။ ကျွန်ုပ် အသုံးလုံးကျောင်းဆရာလုပ်စဉ် အဘတို့အိမ်တွင် လေးဆယ့်ငါးရက်တိုင်တိုင် စားသောက်နေထိုင်ခဲ့ဖူးသဖြင့် မိသားစုအားလုံးက ချစ်ခင်ကြသည်။ သားများဖြစ်ကြသော မိုးတင်၊ မိုးအောင်၊ မိုးမောင်နှင့် ကျော်တင့်တို့က အစ်ကိုကြီးဟုခေါ်ကြသည်။ အငယ်မ မစန်းတင့်ကလည်း အစ်ကိုအကြီးဆုံးအဖြစ် ချစ်ခင်လေးစားသည်။ အစ်မ (အမေ) ဒေါ်ခင်တင့်ကလည်း ကျွန်ုပ်အား သားကြီးအဖြစ် အသိအမှတ်ပြုသည်။ အသုံးလုံးကျောင်းဆရာများအား ရပ်ရွာက ချစ်ခင်သည်ဆိုရာတွင် ကျွန်ုပ်တို့အား မီမည်မထင်။





ကျွန်ုပ်..

“အဘရယ်..အခု ကျွန်တော်ဝင်လာတာက အဘတို့ အစ်မတို့ကို ကန်တော့ဖို့ပါ။ ကျွန်တော့်ကို အမွေပေးစရာ မလိုပါဘူး။ ယာခင်းတွေရတော့လည်း ကျွန်တော်လုပ်နိုင်မှာမှ မဟုတ်တာ။ ညီတွေကိုပဲ ဝေပေးလိုက်ပါ”

အဘဦးတတ်မို..

“မဟုတ်သေးဘူး သားကြီးရဲ့။ သားသမီးတွေကို အရင်လုပ်ကိုင်နေတဲ့ ယာတွေအပြင် နှစ်ကေစီ ထပ်ပေးထားပြီးပြီ။ သားကြီးကိုတော့ အခုမှ နှစ်ကေ ခွဲပေးရတာ။ လက်ခံပါ သားရယ်”

အငယ်ဆုံးမ မစန်းတင့်..

“အစ်ကိုကြီး..ဒီက ယာတွေကို အထင်မသေးနဲ့နော်။ ရောင်းစားရင် တစ်ကေသုံးသိန်းက ဘယ်အချိန်ရောင်းရောင်း ရတယ်၊ အခု အစ်ကိုကြီးကို အဘခွဲပေးထားတာ ပန်းလောင်မြစ်ကမ်းဘေးက ယာတွေ။ မြေသြဇာကောင်းတယ်၊ ရေတင်လို့ အဆင်ပြေတယ်၊ ငှက်ပျော၊ ပဲမျိုးစုံနဲ့ ငရုတ် အရမ်းဖြစ်တယ်၊ ပေါ့သေးသေးမထင်နဲ့”

အကြီးကောင်မိုးတင်..

“ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုယ်တိုင် စိုက်စရာမလိုပါဘူး။ ကျွန်တော်တို့ စိုက်ပေးမှာပေါ့။ အစ်ကိုကြီးက ရောင်းခါနီးမှ လာလည်း ရတယ်၊ မြေငှားစားရင်လည်း ရတယ်ဗျာ”

အသုံးလုံးကျောင်းဆရာနှင့် ရပ်ရွာသံယောဇဉ်ကို မကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားတို့အဖွဲ့ ယခုမှသဘောပေါက်ကြဟန်တူသည်။ အလွန်အံ့သြနေကြသည်။

မြင့်သိန်း..

"ဆရာတို့ကတော့ ဘယ်နေရာသွားသွား လူချစ်လူခင်များတယ် အဘရေ။ ထောင်ထဲမှာတုန်းကလည်း ဒီလိုပါပဲ။ လူချစ်လူခင်အလွန်များတယ်။ ကျွန်တော်တို့က ထောင်ထွက်တွေပါ အဘရယ်။ ဆရာဦးသိန်းဝင်းရဲ့ တပည့်တွေပါ"

ဦးတာတ်မို..

"ဪ..အဲဒီလိုလား။ ဒီရွာမှာလည်း အသုံးလုံးဆရာနှစ်ယောက် တာဝန်ကျတာ ရွာက ငါ့သားကြီးကို အချစ်ဆုံးပဲ။ ဒါကြောင့်လည်း အဘက သားကြီးအမှတ်နဲ့ မသေခင် အမွေပေးနေရတာပါ"

ကျွန်ုပ်..

"ကဲ..အဘနဲ့ အစ်မ (အမေ)။ အဲဒါတွေ ခဏထားပါဦး။ ကျွန်တော်တို့မှာ ပါလာတဲ့ ပြင်ဦးလွင်လက်ဆောင် မုန့်များနဲ့ ငွေငါးသောင်း ကန်တော့ပါရစေ။ ခဏထိုင်ကြပါဦး"

ထိုစဉ် မမကြီးမှ..

"မောင်မောင်..မမကြီးလည်း ပါပါရစေ။ ငါးသောင်းထည့်မယ်။ အနန္တောအနန္တငါးပါးပေါ့နော်"

မြင့်သိန်း..

"ဆရာရေ..အဲဒါဆိုရင် ကျွန်တော်တို့အုပ်စုကလည်း တစ်သိန်းထည့်ပါရစေ။ နှစ်သိန်းပြည့်သွားအောင်ပါ"

ကျွန်ုပ်တို့ပေါင်းငွေနှင့် အဘနှင့်အစ်မအား ကန်တော့ကြသည်။





အဘတို့က ဆုများပေးရင်း ဝမ်းသာလွန်း၍ မျက်ရည်ဝဲနေကြသည်။

"အားလုံး ကျန်းမာလို့ချမ်းသာကြပါစေကွယ်။ လိုတဲ့ဆုနဲ့ ပြည့်စုံကြပါစေ။ ခရီးသွားလာရင်း အန္တရာယ်အပေါင်းနဲ့ ကင်းဝေးကြပါစေ။ ဒီလင်ဒီမယားလည်း အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြပါစေ။ သမီးလေးလည်း ဥစ္စာဓနနဲ့ပြည့်စုံတဲ့ ပညာတတ်ကြီး ဖြစ်ပါစေကွယ်"

အားလုံး..

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ကျွန်ုပ်တို့အဖွဲ့ ညီညီညာညာ ရှိခိုးဦးချ ကန်တော့ကြသည်။

ကန်တော့အပြီး ရေနွေးကြမ်းနှင့် လက်ဖက်သုပ်၊ မြေပဲဆံကြော်၊ ထန်းမိုဦးထန်းလျက်တို့ စားကြရင်း တွေရာလေးပါးပြောဆိုနေကြစဉ် အလတ်ကောင်မိုးမှောင် ရောက်လာသည်။

"အစ်ကိုကြီးရောက်နေတယ် ကြားလို့ဗျာ ကျွန်တော့်မှာ အပြေးလာရတာ။ ညနေစာ ကျွန်တော့်ယာထဲမှာ စားနော်။ အကုန်စီစဉ်ပြီးပြီ။ မိုးတွင်းဖြစ်ပေမယ့် ပင်ကျရည်လေးလည်း ကျွန်တော်ထန်းလှီးပြီး ခံထားခဲ့တယ်။ ဟဲ..ဟဲ.."

အစ်မဒေါ်ခင်တင့်..

"သားလတ်ရယ်..။ ဒီမှာ ညှိသည်တွေနဲ့ မင်းလယ်တဲက ဝေးပါတယ်။ ညရေးညတာ ခြေခင်းလက်ခင်း မကောင်းပါဘူးကွယ်။ မနက်ဖြန်မနက်မှ ကျွေးပါ"

မိုးမှောင်..

"လှည်းနဲ့သွား လှည်းနဲ့ပြန်မှာပဲ အစ်မရယ်။ ဘာမှ ကြောက်စရာမရှိပါဘူး။ ကျွန်တော်က အကုန်စီစဉ်ထားခဲ့ပြီဗျ။ လှည်းလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အပြန် တစ်ခါတည်း လိုက်ခဲ့ပေတော့။ နော်ဗျာ အစ်ကိုကြီး''

ကျွန်ုပ်..

''အေး.. အေး.. လိုက်ခဲ့ပါ့မယ်ညီလေး။ ငါ့သမီးကလည်း လှည်းစီးချင်နေတာနဲ့ အတော်ပါပဲ။ အစ်မ စိတ်မပူပါနဲ့။ ကျွန်တော်တို့ အုပ်စုက တောင့်ပါတယ်''

အကြီးကောင်မိုးတင်..

''မိုးမှောင်.. မင်းက ဘာဟင်းတွေ ချက်ကျွေးမှာလဲ။ ဧည့်သည် တွေပါတယ်နော်။ မတော်တရော်တွေ မလုပ်နဲ့''

''ဟာ.. အစ်ကိုကလည်း။ ညီလေးကို အထင်သေးလို့၊ မြောက် ရွာက ဝက်ပေါ်လို့ တစ်ပိဿာတောင်ဝယ်ထားတယ်။ အိမ်က ကြက်မ ကလေး မဲကြုတ်ကိုလည်း ဟာလာလုပ်မယ်။ ဖားတောင်စင်း (ဖားပေါင် စင်း) တွေ ရထားတာကို မြည်းဖို့ ကြော်ချက် ချက်မယ်။ ပဲဟင်းချိုရယ်၊ သီးရွက်ကြော်နဲ့ ငရုတ်သီးထောင်း..။ ကောင်းမှကောင်း အစ်ကိုကြီးရာ။ အစ်ကိုကြီးပါ လိုက်ခဲ့ပါလား။ ညနေ ပင်ကျရည်လည်း နည်းနည်းခံထား သေးတယ်''

''အေး.. အဲဒါဆို ကောင်းပါတယ်။ မကောင်းရင်လည်း ငါ့အိမ် က ဟင်းတွေ ထည့်ပေးလိုက်မလို့ပါ။ ငါတို့ မလိုက်တော့ပါဘူးကွာ။ လှည်းကျပ်နေမယ်။ အပြန်သာ မိုးသိပ်မချုပ်စေနဲ့။ မြောက်ရွာသချိုင်းကို ဖြတ်ရဦးမှာ။ ပြန်လာရင် မင်းလည်း ဒီမှာအိပ်။ မနက်စောစောမှ ထပြန်။ ကြားလား..''

''အစ်ကိုကြီးကလည်းဗျာ..။ ဒီလမ်းနဲ့ဒီခရီး ဝေးတာမှတ်လို့။ ကျုပ်ပြန်နေကျပါဗျ''





''ဟဲ့ကောင်.. မင်းတစ်ယောက်တည်း ပြန်ရမှာ။ မူးကြောင်ရူး ကြောင်နဲ့ စိတ်မချလို့ ပြောနေတာ။ ငါ့စကား နားထောင်''

''ဟုတ်ကဲ့ အစ်ကိုကြီး''

မြန်မာမိသားစုများဖြစ်၍ အစ်ကိုကြီး အဘရာဆိုသလို ဩဇာ အာဏာရှိပါသည်။ မိဘလုပ်သူများက ဝင်မပြောပါ။

ညနေစောင်းတွင် မိုးမှောင်၏လှည်းဖြင့် ကျွန်ုပ်တို့ ရွာမြောက် ပိုင်းမှထွက်ပြီး ရွာစားကျက်မြက်ခင်းကိုကျော်၍ မိုးမှောင်တို့နေသော ထန်းတောညို့ညို့ဆီသို့ ဦးတည်သွားကြသည်။ မိုးမှောင်၏ယောက္ခမ များမှာ ထန်းတောပိုင်ရှင်များဖြစ်သည်။ မိုးမှောင်ကတော့ ယာလုပ်သည်။ ကြက်သွန်၊ ပဲအမျိုးမျိုးနှင့် ငရုတ်စိုက်သည်။ မိုးကာလဖြစ်သော်လည်း မိုးက နည်းသည်။ ထန်းရာသီကုန်ပြီဖြစ်၍ ထန်းရည်သောက်လိုလျှင် ထန်းမ,ပင်များအား သီးနိုင်နနက်လိုး၍ ထန်းရည်ခံကြရသည်။ မိုးရွာချ လျှင်တော့ ထန်းရည်ပျက်တတ်သည်။

ကျွန်ုပ်တို့လှည်းကလေး ကွေ့ပတ်နေသော ထန်းပင်ခြေအောက် ရှိ လှည်းလမ်းအတိုင်း ထန်းတောကြီးထဲသို့ ဝင်ခဲ့ကြသည်။ မမကြီးနှင့် သမီးမှာ အလွန်ပျော်ရွှင်နေဟန်ရှိသည်။ ဤလိုအတွေ့အကြုံမျိုး သူတို့ တစ်သက်တာတွင် ခံစားဖူးဟန်မရှိပါ။ ထန်းတောအလယ်ရောက်တော့ မိုးမှောင်တို့၏တဲစုကို တွေ့ရသည်။ ထန်းလက်မိုး၊ ထန်းရွက်ကာ၊ ထန်း သားခင်းထားသော တဲများဖြစ်သော်လည်း ကျယ်ဝန်းပါသည်။ တဲများရှေ့ စိမ်းစိုသောထနောင်းပင်ကြီးအောက်တွင် အညာထုံးစံအတိုင်း ခုံတန်းရှည် ကြီးနှစ်လုံးနှင့် စားပွဲရှည်ကြီးကို ချထားသည်။ ကျွန်ုပ်တို့ လှည်းပေါ်မှဆင်း ၍ စားပွဲတွင်ထိုင်ကြစဉ် မိုးမှောင်၏ဇနီးဖြစ်သူမှ ဘူးသီးကြော်၊ ဘယာ



www.burmeseclassic.com

www.burmeseclassic.com



ကြော်၊ ကြက်သွန်ကြော်၊ မတ်ပဲကြော်များနှင့် ရေနွေးအိုး လာချပေးသည်။

"သုံးဆောင်ကြပါရှင်"

ကျွန်ုပ်တို့ အကြော်ပူပူနွေးနွေးအား စားနေကြစဉ် မိုးမှောင် ထန်းတောထဲဝင်သွားသည်။ မကြာပါ..။ ထန်းရည်ကျည်တောက်နှစ်လုံး ဆွဲ၍ ပြန်ထွက်လာသည်။

"ကဲ.. အစ်ကိုကြီးရေ။ ငှက်ခါးတောင်စစ်စစ်ဗျ။ တစ်ဝသာ တွယ်ပေရော့။ ဒီရာသီမှာ သောက်ရခဲတယ်။ ကျွန်တော် ဖားကြော်တွေ ယူလာခဲ့မယ်"

ပုဏ္ဏားတင်ဦးမှလွဲ၍ ကျွန်ုပ်တို့အားလုံး ထန်းရည်အား မြည်းကြည့်ကြသည်။ ပြာလဲ့လဲ့အရောင်ဖြင့် ထန်းရည်မှာ ကြည်စိမ်းနေသည်။ ကျွန်ုပ်တို့ အောက်ပြည်အောက်ရွာမှ ထန်းရည်များကဲ့သို့ ဖြူနောက်နောက် အရောင် မဟုတ်ပါ။ မြည်းကြည့်တော့ ချိုခါးကလေးဖြစ်သည်။ မိုးမှောင် ဖားကြော်များယူလာ၍ ဝိုင်းအလယ်တွင်ချပေးရင်း သူပါ ဝင်ထိုင်ပြီး သောက်တော့သည်။ ဖားကလေးကြော်များကို မြင်ရ၍ မကြီးတို့ မျက်နှာ လွှဲပြီး လက်ရှုပ်သွားသည်။ မြို့ပေါ်တွင် ကျော်စံကေးခေါ် ဖားကလေးများ ကိုပင် ဆန်နှစ်လူး၍ ကြော်ထားသော ဖားကြော်တစ်ပွဲလျှင် ထောင်ကျော် ပေးရသည်။ ယခု ဖားတောင်စင်းဖားများမှာ ကျော်စံကေးထက် အကောင် ကြီးပြီး အသားများပါသည်။ လယ်ဖားများဖြစ်၍ သန့်ပြီး စား၍ကောင်း သည်။ ထန်းရည်နှင့်လည်း လိုက်ဖက်လှသည်။ ကျော်ကြီးတို့ အတိုးချ၍ စားကြတော့သည်။

ထန်းရည်ဝိုင်းပြီးတော့ ညစာထမင်းစားကြသည်။ တောချက် လက်ရာဖြစ်၍ ကျွန်ုပ်တို့ စား၍ကောင်းပြန်သည်။ ည (၈) နာရီခန့်မှ





နှုတ်ဆက်၍ လှည်းနှင့်ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် ပုဏ္ဏားတင်ဦးက ကျွန်ုပ်အား တိုးတိုးကလေးကပ်ပြောသည်။

"ဆရာ.. ကျွန်တော်တို့ မနက်ဖြန်မနက်စောစော တံတားဦး (အင်း၀) ကို သွားကြရအောင်။ မရှိခဏဘုရားမှာ ငမောက်မိဖုရား ပတ္တမြားကြီးကို ဌာပနာပြီး ပြီးဆုံးအောင်လှူလိုက်တော့မယ်ဆရာ။ ဆရာ အကြံဉာဏ်လေးလည်း ပေးပါဦး"

"အကောင်းဆုံးပေါ့ ပုဏ္ဏားရယ်။ လူတွေကို ဒါလောက်ဒုက္ခ ပေးနေတာ။ ဘယ်လောက်ပဲအဖိုးတန်တန် ဘုရားလှူလိုက်တာ အကောင်း ဆုံးပါပဲ။ သူ့ရဲ့တန်ရာတန်ဖိုးကိုလည်း မင်းရပြီးပြီပဲ။ မနက်ဖြန်မနက် သွားလှူကြတာပေါ့"

"ကောင်းပါတယ်ဆရာ။ အကုန်သွားကြမှာလား"

"လိုက်ချင်ရင်လည်း ခေါ်ပေါ့ကွာ။ မလိုက်ချင်ရင်လည်း ရွာ မှာ နားနေပေါ့။ လိုင်းကားနဲ့သွားရမှာဆိုတော့ အချိန်ကုန်မယ်။ ကားကျပ် မယ်"

ကျွန်ုပ်တို့ အဘဦးဓာတ်မှိုတို့အိမ် ပြန်ရောက်တော့ ည (၉) နာရီထိုးပြီ။

အဘဦးဓာတ်မှို..

"သားကြီးတို့ နောက်ကျလိုက်တာကွာ။ အဘစိုးရိမ်နေတာ။ အမျိုးသမီးတွေနဲ့..။ အဲဒီလမ်းက မြွေဆိုးပေါတယ်။ မကြာခဏလည်း ပိုးထိမြီး အဖိတ်အစင်ရှိတယ်။ လူအုပ်ကောင်းပြီး လှည်းပါလို့သာ လွတ် လိုက်တာ။ ခြေလျင်များတော့ ယောင်လို့တောင် မသွားပါနဲ့။ မနက်ခင်း ကိစ္စမရှိဘူး။ မြင်သာထင်သာတယ်။ ညဘက်က စိတ်မချရဘူးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မိုးမှောင်တို့က ဘာကြောင့် ရွာထဲမနေကြတာလဲ အဘ"

"သူတို့က ထန်းရည်လုပ်ငန်းလည်း လုပ်ကြတယ်လေ၊ ထန်းရာသီကုန်တော့လည်း ထန်းတောထဲမှာ မွေးမြူရေးလည်း လုပ်ထားပြီး အခြေကျနေကြတာ။ ဗိုင်းကလည်း ကောင်းတယ်ကွယ့်။ သူ့ယောက္ခမ အမျိုးတွေနဲ့ စုနေကြတာ။ ရွာလေးတစ်ရွာကျနေတာပဲ"

"သြော်.. လုပ်ငန်းလည်းလုပ်ရင်း နေကြတော့လည်း အခြေကျနေပြီပေါ့ အဘရယ်"

ထိုညက ကျွန်ုပ်တို့ ည (၁၀) နာရီခန့်တွင် အိပ်ရာဝင်ကြသည်။ ကားပေါ်တွင် ငွေထုပ်ကြီးများပါသဖြင့် ကားများအား အိမ်ခေါင်းရင်းရှိ အမိုးတဲအတွင်း (ယခင်နွားတင်းကုပ်ဖြစ်ဟန်တူသည်) ထိုးထားရင်း ကျော်ကြီးနှင့်ပုလ္လားတို့က ခုံတန်းရှည်ကြီးများပေါ်တွင် နေရာယူ၍ စောင့်အိပ်သည်။ ကျွန်ုပ်နှင့်မြင့်သိန်းက ဧည့်ခန်းတွင် အိပ်ကြပြီး မမကြီးတို့က အတွင်းခန်း၌ အစ်မတို့သားအမိနှင့် အတူအိပ်သည်။ အဘဦးစာတ်မိုက တော့ ဧည့်ခန်းအရှေ့ တစ်ယောက်အိပ်ခုတင်ကလေးတွင် အိပ်သည်။ ရိုးသားသော အညာမြန်မာရွာဖြစ်၍ အခိုးအဝှက်လည်း မရှိပါ။ မနက်ဖြန်မနက် တံတားဦး (အင်း၀) သွားရန်အတွက် ပုလ္လား၊ ကျွန်တော်နှင့် မမကြီးတို့သားအမိသာ သွားကြမည်ဖြစ်ပြီး အစောင့်အဖြစ် ကျော်ကြီးနှင့် မြင့်သိန်းအား ရွာတွင်ချန်ထားခဲ့ရန် တိုင်ပင်ကြပြီးဖြစ်သည်။

မနက် (၆) နာရီခန့်ထ၍ မျက်နှာသစ်၊ ဘုရားဝတ်ပြုကြပြီး မနက်စောစော ထမင်းကြော်နှင့် ရေနွေးကြမ်း စားသောက်ကြသည်။ ကော်ဖီနှင့်လက်ဖက်ရည်သောက်တတ်သော မမကြီးတို့သားအမိအတွက်တော့ အဆင်မပြေပါ။ ကြောင်ပန်းကုန်းရွာတွင် ကားစောင့်ရင်း လက်ဖက်





ရည်သောက်ကြဦးမည်သည်။

စားသောက်ကြပြီးနောက် မိုးအောင်က လှည်းမောင်းသည်။ အဘဦးစာတ်မိုလည်း လိုက်လာသည်။ အကြီးကောင်မိုးတင်က လိုက်လိုသော်လည်း လှည်းမဆံ့၍ မလိုက်တော့။ နန္ဒိတောင်ရွာနှင့် အုန်းလက်ကောက်ရွာမှာ တစ်မိုင်ခန့်ဝေးသည်။ မိုးတွင်းဖြစ်၍ လှည်းလမ်းမှာ ရေဝပ်နေသည်။ ကားလေးများ မောင်း၍မရနိုင်။ ထွန်စက်လောက်သာ သွား၍ရပေမည်။ အုန်းလက်ကောက်ရွာအား ဖြတ်ကျော်ပြီးနောက် ရွာဦးဘုရားအား ဖူးမြော်ရသည်။ ပြင်ဆင်မွမ်းမံထားသဖြင့် ဘုန်းကြီးကျောင်း၊ ဇရပ်နှင့် ဘုရားစေတီများမှာ သပ်ရပ်သန့်ရှင်းပြီး ကြည်ညိုစရာကောင်းလှသည်။

အုန်းလက်ကောက်ရွာကိုကျော်တော့ ပန်းလောင်မြစ်အနီးရှိ ဘုရားနီကြီးအနီးသို့ ရောက်သည်။ ဘုရားနီကြီးမှာ ရာသီဥတုဒဏ်ကြောင့် အုတ်ခုံလုံးသာ ကျန်တော့သည်။ ဆက်၍လာရာ အနော်ရထာမင်း တည်ခဲ့သည်ဆိုသော မြစိမ်းဘုရားသို့ရောက်သည်။ ဘုရားမှာ မုခ်ပေါက်လေးပေါက်စလုံး မြေထဲမြုပ်နေရာ ယခုလို မိုးအခါတွင် လှည်းလမ်းဘေးဖြစ်၍ ရေမြုပ်နေရှာသည်။ မြစိမ်းဘုရားကျော်တော့ တံတားဦးကားလမ်းအား လှမ်းမြင်ရသည်။ မကြာမီ ကားလမ်းပေါ်သို့ရောက်ရာ အနီးရှိ လက်ဖက်ရည်ဆိုင်တွင် ကားစောင့်ရင်း ထိုင်ကြသည်။ ထိုဆိုင်ရောက်မှ မမကြီးတို့အား လက်ဖက်ရည်တိုက်ရတော့သည်။

မမကြီး..

"မောင်မောင်.. ဘာကားစီးရမှာလဲဟင်"

"ချက်ပလက်ဗိုက်ပူကားကြီးပဲ မမရေ၊ ကျောက်ဆည်နဲ့ တံတား



www.burmeseclassic.com

www.burmeseclassic.com



ဦး..လိုင်းကားပဲ။ ကျပ်တော့ကျပ်မယ်ထင်တယ်"

"တခြားကား ငှားလို့မရဘူးလား"

အဘဦးတာတ်မှိ..

"တခြားကားဆိုရင်တော့ ဘွန်ဒေါင်းခေါ်တဲ့ ထော်လာဂျီယာဉ် ၃-၄ တွဲ ရှိတယ်။ ဈေးကြီးတယ်ကွယ့်"

ကျွန်ုပ်..

"အဘ.. ခဏလေးစောင့်ပါဦး။ လိုင်းကားကျပ်တော့လည်း ငှားကြတာပေါ့"

ပုဏ္ဏား..

"ဆရာရယ်.. ထော်လာဂျီပဲ ငှားပေးလိုက်ပါ။ သူတို့သားအမိ ဘတ်စ်ကားကြီးနဲ့ ဖြစ်မယ်မထင်ပါဘူး"

အဘဦးတာတ်မှိက မနေသာ။ ရွာထဲဝင်သွားပြီး ထော်လာဂျီတစ်စီး ဆွဲလာသည်။ ထိုင်ခုံပါသော်လည်း အမိုးမပါ။ ပက်လက်ထော်လာဂျီယာဉ် ဖြစ်သည်။ အဘဦးတာတ်မှိအသိဖြစ်၍ ဈေးကလည်း ချိုသည်။ ကျွန်ုပ်တို့ စက်သံတဒုန်းဒုန်းဖြင့် တံတားဦးသို့ ထွက်ခဲ့ကြသည်။ လှည်းဆရာမှိုးအောင်ကတော့ ကြောင်ပန်းကုံးရွာထဲဝင်ပြီး ကျွန်ုပ်တို့အား ညနေအထိ စောင့်နေမည်ဖြစ်သည်။

တစ်နာရီကျော်ကြာခန့်တွင် တံတားဦးမြို့သို့ ရောက်သည်။ ဘတ်စ်ကားကြီးနှင့်လည်း တစ်နာရီကျော်သွားရသည်။ ချက်ပလက်ကားကြီးများမှာ လမ်းတွင် လူတင်၊ ကုန်တင်နှင့် အလွန်ခရီးကြန့်ကြာတတ်သည်။ ထော်လာဂျီယာဉ်ထက်မြန်အောင် မောင်းနိုင်သော်လည်း ရောက်သည့်အချိန်မှာ မထူးပါ။ အတူတူပင်ဖြစ်သည်။ အသွားအပြန် ငှားထား





ခြင်းဖြစ်၍ ထော်လာဂျီက စောင့်နေပေလိမ့်မည်။ ကျွန်တော်တို့ အင်းဝ မဟာမြတ်မုနိဘုရားအနီးရှိ လက်ဖက်ရည်ဆိုင်တွင် စောင့်ဆိုင်းအနားယူရင်း လက်ဖက်ရည်သောက်ကြစဉ် ပုဏ္ဏားတင်ဦးက ဂေါပကအဖွဲ့အား ခေါ်ဆောင်ရန် ထော်လာဂျီယာဉ်နှင့် ထွက်သွားသည်။

ကျွန်ုပ်တို့အဖွဲ့ နို့မလိုင်လက်ဖက်ရည်နှင့် နံပြားထောပတ်သုပ်ကို စားနေကြရင်း ပုဏ္ဏားအား စောင့်ဆိုင်းနေရတော့သည်။

မမကြီး..

"မောင်မောင်.. ဒီဘုရားက အင်းဝက သူနိုးကြီးတောက်ပြောင်တဲ့ ဘုရားမို့လား မသိဘူးနော်။ မည်းမည်းကြီးဖြစ်နေတယ်။ ရွှေလည်း ချမထားဘူး"

အဘဦးတာတ်မှိ..

"အထင်မသေးနဲ့ သမီးရဲ့။ ဘုရားဌာပနာတိုက်ထဲမှာ ရွှေတွေအပြည့်ရှိတယ် ကြားဖူးတယ်။ ဘုရားကို ရွှေမချတာကတော့ သူ့အမိန့်ဒြာန်နဲ့သူ ရှိလိမ့်မယ်။ နာမည်ကြီး သူနိုးကြီးပဲကွယ်။ ဘုရားရွှေချတာလောက်ကတော့ တတ်နိုင်မှာပါ။ နောက်ပြီး ဒီဘုရားဘွဲ့တော်အတိုင်း ဆင်းရဲသူဆင်းရဲသားတွေ ဘုရားမှာ ဆုတောင်းရင် မရှိ ခဏပဲ။ ပြည့်စုံတယ်လို့ သိရတယ်ကွယ့်"

ကျွန်ုပ်..

"ဒါကြောင့်လည်း မရှိခဏဘုရားရယ်လို့ ဘွဲ့တော်ပေးထားတာထင်ပါရဲ့ အဘရယ်။ အရင်ခေတ်က လူတွေက သူနိုးဖြစ်တာတောင် ဆင်းရဲသားတွေကို ပြန်ကြည့်တယ်နော်"

အဘ..



www.burmeseclassic.com

www.burmeseclassic.com



"ဩော်.. သားကြီးရယ်၊ မင်းလည်း ခေတ်ပညာတတ်ပဲ၊ သမိုင်းသင်ဖူးမှာပေါ့။ သူနိုးကြီးတောက်ပြားက ဥစ္စာပစ္စည်းနိုးတာတော် တစ်ဝက်ပဲနိုးတာ။ တစ်ဝက်ချန်ထားခဲ့တယ်။ ရလာတဲ့ တစ်ဝက်ကိုလည်း ဆင်းရဲသားတွေကို ဝေတယ်ဆို မဟုတ်လားကွယ့်။ သစ္စာရှိသူနိုးကြီးမို့ နာမည်ကြီးတယ်။ ဆင်းရဲသားတွေက ချစ်တယ်၊ သူနိုးအချင်းချင်းတော် လေးစားရတယ်ဆို မဟုတ်လားကွယ့်"

မမကြီးနှင့် သမီးယွန်းပွင့်စံက ငေးရှုနားထောင်နေသည်။ မရှိ ခဏ ဘုရားမှ ဆည်းလည်းသံများကလည်း လေအဝေ့တွင် သာယာနာ ပျော်ဖွယ်ကောင်းလှသည်။

"ချလွင်.. ချလွင်.. လွင်.. လွင်.."

ကျွန်ုပ်တို့စားသောက်ပြီး မကြာမီ ဇာတိကျောင်းဆရာတော် နှင့် ဘုရားဂေါပကလူကြီးသုံးဦးအား ထော်လာဂျီနှင့်တင်ဆောင်၍ တင်ဦး ရောက်လာသည်။ လက်ဖက်ရည်ဆိုင်အတွင်း၌ပင် နေရာလုပ်၍ လက်ဖက် ရည်နှင့်မုန့်များ ကပ်လှူရသည်။

စားသောက်ကြအပြီး၌ မရှိခဏဘုရားဝင်းအတွင်းသို့ ဝင်ခဲ့ကြ သည်။ အနောက်ဘက်တန်ဆောင်းတွင်း၌ ပုဏ္ဏားအသင့်ဝယ်လာသော ကန်တော့ပွဲ၊ အမွှေးနံ့သာ၊ ဖယောင်းတိုင်များဖြင့် ဘုရားအား ပူဇော်သည်။ ဇာတိကျောင်းဆရာတော်က ငါးပါးသီလပေးသည်။ ထိုစဉ် ပုဏ္ဏားတင်ဦး က ပတ္တမြားကြီးထည့်ထားသည့် ယွန်းဘူးအား ထုတ်၍ ဖွင့်ပြပြီး ဆရာ တော်အား ကပ်လှူပူဇော်သည်။ ဆရာတော်က ဂေါပကလူကြီးများအား ပြပြီး ကန်တော့ပွဲအတွင်း ထည့်သွင်းသည်။ ထိုစဉ် ပုဏ္ဏားတင်ဦးက..

"ဤပတ္တမြားကြီးသည် ကျွန်ုပ်၏ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခဲ့သော





ပစ္စည်းဖြစ်ပါသည်။ မရှိခဏဘုရားဌာပနာအတွက် ဆရာတော်ဘုရားနှင့် ဂေါပကလူကြီးများ၊ ညီသည်တော်နှင့် ဆရာသမားရှေ့တွင် အပြီးအပြတ် ကပ်လှူပူဇော်ပါသည်။ ကျွန်ုပ် သစ္စာဆိုသည်။ ဤပတ္တမြားကြီးမှာ ကျွန်ုပ် ၏ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခဲ့သော ပစ္စည်းအမှန်ဖြစ်ပါက ကျွန်ုပ်၏ပညာရပ် များ၊ တိုးတက်ပွင့်လင်းပြီး ရန်အပေါင်းမှကင်းဝေးပါစေ။ ထို့အတူ ယခု မျက်မှောက်ပြုရသူအားလုံးလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာကျန်းမာကြပါ စေ။ ဤဘုရားအား ဖူးမြော်သူ ပြည်သူအများလည်း ဒုက္ခဆင်းရဲအပေါင်း မှ ကင်းလွတ်ပြီး ဘုရားဘွဲ့တော်အတိုင်း မရှိ ခဏနှင့် ပြည့်စုံသောဘဝ ရောက်ကြပါစေ။

ဤပတ္တမြားကြီးမှာ ကျွန်ုပ်ပြောခဲ့သည့်အတိုင်း ကျွန်ုပ်နှင့်တကွ အစဉ်မျိုးဆက်ပိုင်ပစ္စည်း မဟုတ်ခဲ့ပါက ကျွန်ုပ်သည် အဖန်တလဲလဲ ငရဲခံရပြီး နောင်ပွင့်လာမည့် အရိမေတ္တေယျဘုရားရှင်အား အဖူးရလွတ် စေ။

ဤဌာပနာပတ္တမြားကြီးအား ဖျက်ဆီးခိုးယူသူများမှာလည်း အဖန်တလဲလဲ ငရဲကျပြီး မျက်မှောက်ဘဝ၌ပင် အသေဆိုးနှင့်သေပါစေ။ သူခိုးကြီးတောက်ပြား ကောင်းရာသုဂတိ ရောက်ပါစေ။ သတ္တဝါအများ ချမ်းသာကျန်းမာကြပါစေ"

"သာဓု.. သာဓု.. သာဓု.."

အားလုံး သာဓုခေါ်အပြီး၌ ဇာတိကျောင်းဆရာတော်က အလှူ ပေးခြင်းကြောင့် ရရှိလာမည့်အကျိုးဆက်အား ရှင်းလင်းမိန့်ကြားပြီး အဝ်နိပါတ်တော်လာ ပုံပြင်များအား ဥပမာပေး၍ တရားဟောသည်။ ပြီးနောက် ပုဏ္ဏားက အမျှဝေ၍ ကျွန်ုပ်တို့အားလုံးက သာဓုခေါ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အလှူကိစ္စများပြီးတော့ ဆရာတော်ဘုရားနှင့် ဂေါပကအဖွဲ့ဝင် လူကြီးများက အတွင်းဌာပနာတိုက်အားဖွင့်၍ ပတ္တမြားကြီးအား မြှုပ်နှံ လှူဒါန်းလိုက်ပါတော့သည်။

ထိုအချိန်တွင် မိုးထစ်ချုန်းပြီး သဲသဲမဲမဲ မိုးကြီးရွာတော့သည်။ ကျွန်ုပ်တို့အားလုံး အံ့ဩနေကြသည်။ အဘဦးဓာတ်မှိုနှင့် ဂေါပကလူကြီး များအဆိုအရ ယခုနှစ် မိုးဦးကျမှ ယခုအချိန်အထိ ဤကဲ့သို့မိုးမရွာဖူးသေး ကြောင်း သိရသည်။ တန်ဖိုးကြီးမားသော အလှူအတွက် ကောင်းချီးပေး ဟန် တူပါသည်။ မိုးကြီးမှာ နာရီဝက်ခန့်အကြာ သဲသဲမဲမဲရွာပြီးနောက် တိခနဲပြတ်သွား၍ နေရောင်ပင် ပွင့်လာသည်။

အချိန်မှာ မနက် (၁၀) နာရီကျော်ရှိပြီဖြစ်၍ ကျွန်ုပ်က ပုဏ္ဏား တင်ဦးအား သတိပေးရတော့သည်။

"ပုဏ္ဏားရေ.. ဆရာတော်ကို ဆွမ်းကပ်ချိန်ရောက်တော့မယ်။ နေ့ဆွမ်း ဘယ်မှာစီစဉ်ကြမလဲ။ ဂေါပကလူကြီးတွေကိုလည်း ကျွေး အောင်"

"ဆရာ.. ကျွန်တော်တို့ အရင်စားခဲ့တဲ့ ရောဝတီမြစ်ကမ်းဘေး က မြန်မာထမင်းဆိုင်လေး ကောင်းမယ်ထင်ပါတယ်။ ကျွန်တော်တို့က လည်း အာဂန္တုတွေဆိုတော့ ချက်ပြုတ်ဖို့ အချိန်မရတော့ဘူး။ အဲဒီဆိုင် ကလေးက ကျယ်ဝန်းပြီး သန့်ရှင်းပါတယ်"

"အေး.. အေး.. အဲဒီအစီအစဉ် ကောင်းပါတယ်။ ကဲ.. သွား ကြရအောင်"

ကျွန်ုပ်တို့ ရေစိုရွှဲနေသော ထော်လာဂျီယာဉ်ပေါ်သို့ တက်ခဲ့ကြ သည်။ လူများလာ၍ မဆံ့။ မတ်တတ်ရပ်၍ လိုက်ရသည်။ ခရီးမဝေး၍





တော်ပါသေးသည်။

မြန်မာထမင်းဆိုင်မှာ ဧဝေးသေး၍ လူရှင်းနေသည်။ ထို့ကြောင့် လည်း ဆရာတော်အား ဟင်းစုံစုံဖြင့် ဦးဦးဖျားဖျားကပ်လှူပူဇော်နိုင်သည်။ ဆရာတော်လည်း အားရွှာ ဘုဉ်းပေးတော်မူပါသည်။ ဆွမ်းစားပြီးနောက် အချိုပွဲကပ်လှူနေစဉ် ဂေါပကလူကြီးများအဖွဲ့နှင့် ကျွန်ုပ်တို့အဖွဲ့ နေ့လယ် စာ စားကြသည်။ ရောဝတီမြစ်ကမ်းဘေးဖြစ်၍ ငါးစိုဟင်းလည်း ရသည်။ ဆိတ်ကလီစာဟင်းလည်း ကောင်းသည်။ ဒန့်ဒလွန့်သီးနှင့် ငါးရံ့ခေါင်းချဉ် ရည်ဟင်းမှာ အလွန်ကောင်းလှသည်။ ကျွန်ုပ်တို့နှင့်အတူ အဘဦးဓာတ်မှို လည်း အတော်စားနိုင်သဖြင့် ဝမ်းသာရပါသည်။

စားသောက်ကြပြီးနောက် ဆရာတော်နှင့် ဂေါပကလူကြီးများ အား ပြန်ပို့စဉ် ကျွန်ုပ်တို့ အခါးရည်သောက်ကြရင်း စောင့်ဆိုင်းကြရသည်။

အဘဦးဓာတ်မှို.

"သားကြီးရေ.. ပတ္တမြားကြီးက အတော်ကြီးတာပဲ။ အရည် လည်းကောင်းတော့ အတော်အဖိုးတန်မှာပဲနော်"

ကျွန်ုပ်..

"သိန်းတစ်ထောင်တန်တယ် အဘရေ။ ဒါပေမဲ့ ပတ္တမြားကြီး က သူတို့ဆွေစဉ်မျိုးဆက်ကို အတော်ဒုက္ခပေးခဲ့တယ်။ ခိုက်တယ်ဆိုရ မှာပေါ့။ ဒါကြောင့် ပုဏ္ဏားတင်ဦးက အပြီးအပြတ်လှူလိုက်တာပါ"

အဘ..

"သိန်းတစ်ထောင်တောင် တန်တယ်နော်။ နည်းနည်းနောနော တန်ဖိုးမဟုတ်ဘူး။ တန်ဖိုးကြီးလွန်းတော့လည်း အန္တရာယ်များတာပေါ့ လေ။ အခုလို ယတိပြတ်လှူလိုက်တာ အကောင်းဆုံးပါပဲ။ သာဓုပါဗျာ..



www.burmeseclassic.com

www.burmeseclassic.com



သာရပါ။ ငါ့သားကြီးနဲ့တကွ အပေါင်းအသင်းများ ကျန်းမာချမ်းသာကြပါ စေချား''

ကျွန်ုပ် အဘာနှင့်စကားပြောနေစဉ် မမကြီးက..

''မောင်မောင်.. မမတို့သားအမိ ဈေးနားလျှောက်ပြီး မုန့်လေးဘာလေး ဝယ်လိုက်ဦးမယ်နော်။ မနက်ပိုင်း Breakfast အတွက်ပေါ့''

''ဟုတ်ကဲ့ မမ''

ကျွန်ုပ်နှင့်အဘာ နှစ်ဦးတည်းကျန်ခဲ့စဉ် အဘာက မေးလာသည်။

''သားကြီး.. မင်းဇနီးက မင်းထက် အသက်ကြီးသလား''

ကျွန်ုပ်..

''ငါးနှစ် သူကပိုကြီးတယ် အဘာ''

အဘာ..

''စီးပွားရေးအခြေအနေကတော့ ကောင်းမယ်ထင်တယ်''

ကျွန်ုပ်..

''ကောင်းပါတယ် အဘာ။ သူက ဈေးချိုထဲမှာ ရတနာဆိုင်ဖွင့်ထားတယ်။ ရတနာပွဲစားလည်း လုပ်တယ်''

အဘာ..

''အေးကွ သားကြီးရ၊ ဒါကြောင့် အဘာတို့ သူ့ကို မြင်ဖူးသလိုလိုဖြစ်နေတာ။ ပြီးခဲ့တဲ့ နှစ်လသုံးလလောက်တုန်းက ဇီးတောကြီးရွာက လယ်နှစ်ကေရောင်းလို့ ငွေခြောက်သိန်းရတာ မင်းညီမနဲ့မင်းအစ်မ (အမေ) ပူဆာလို့ ရွှေသွားဝယ်မေးရသေးတယ်။ မင်းမမကြီးရွှေဆိုင်မှာပေါ့။ ဆက်ဆံရေးက အလွန်ကောင်းသဗျား။ ရွှေတစ်ကျပ်သားဝယ်မှာ အပြောချိုလွန်းလို့ နှစ်ကျပ်သားဝယ်ဖြစ်သွားတယ်။ အဘာ ရေစုပ်စက်ဝယ်မှာတောင်





မဝယ်ဖြစ်တော့ဘူး။ အခု သားကြီးတို့ကန်တော့တဲ့ငွေနဲ့ပဲ ရေအပတ်ထဲကမှ သွားဝယ်ရတော့မယ်''

ကျွန်ုပ်..

''ကျွန်တော်တို့လည်း ရေအပတ်ထဲ ပြန်မှာပဲ။ အဘာလိုက်ခဲ့ပေါ့။ ကိုမြင့်သိန်းက စက်အကြောင်းနားလည်တယ်''

အဘာ..

''အေး.. အေး.. အဲဒီအစီအစဉ် ကောင်းတယ်''

ကျွန်ုပ်နှင့်အဘာ စကားကောင်းနေကြစဉ် ပုဏ္ဏားတင်ဦး ထော်လာဂျီနှင့်ပြန်လာပြီးနောက် မမကြီးတို့သားအမိလည်း မုန့်များတစ်ပွေ့တစ်ပိုက်ကြီးနှင့် ပြန်လာကြသည်။

''မောင်မောင်ရေ.. မုန့်တွေက လတ်တယ်။ ဈေးလည်းသက်သာတယ်။ ဈေးနားက ရွှေငါးကိတ်မုန့်တိုက်က ဝယ်လာတာ။ အဲဒီမှာ ကိတ်မုန့်လည်းလုပ်လို့ အများကြီးဝယ်လာခဲ့တယ်''

အဘာ..

''ဪ.. အဲဒါ ကျုပ်တို့ရွာက ကျောင်းဆရာဦးခင်မောင်မြင့် အစ်မဆိုင်ပဲ။ စောစောကပြောရင် ကျုပ်လိုက်ခဲ့တာပေါ့''

ကျွန်ုပ်..

''ဪ.. ဆရာဦးခင်မောင်မြင့်ရဲ့ အစ်မဆိုင်ကိုး။ ရွှေငါးကိတ်မုန့်ဆိုင် မဟုတ်လား။ ဆိုင်ဖွင့်တုန်းက ဆရာနဲ့အတူ ကျွန်တော်ရောက်ဖူးတယ်။ လွန်ခဲ့တဲ့ အနှစ် (၂၀) ကျော်လောက်က ထင်ပါရဲ့။ ကျွန်တော်တို့ အသုံးလုံးဆရာ လုပ်တုန်းကလေ။ အဘာရဲ့ဆရာက ဆိုင်းဘုတ်ရေးဖို့ ကျန်ခဲ့ပြီး ကျွန်တော်တစ်ယောက်တည်း ပြန်ခဲ့လို့ အဘာတို့ မြင်းဘုရား



www.burmeseclassic.com

www.burmeseclassic.com



နှာ:က မပြစိမ်းပေးလိုက်တဲ့ ပျားရည်မုန့်တွေတောင် စားရသေးတယ်လေ''

''အေး.. အေး.. သားကြီး မှတ်မိသားပဲ၊ ညဘက်ကြီးကွာ.. မင်းမို့ တစ်ယောက်တည်းပြန်ရဲတယ်။ အဘဖြင့် ပူလိုက်ရတာ''

☆☆☆

## (အခန်း-၅)

ညနေစောင်းတွင် ကျွန်ုပ်တို့ ထော်လာဂျီယာဉ်စီး၍ တံတားဦးမှ ပြန်ခဲ့ကြသည်။ ပုဏ္ဏားတင်ဦးမှာ ပဏ္ဏမြားကြီးအား မရှိခဏဘုရားတွင် လှူလိုက်ရသဖြင့် စိတ်ချသွားဟန်ဖြင့် ရွှင်လန်းတက်ကြွနေသည်။

ပုဏ္ဏား..

''ဆရာရေ.. ကျွန်တော်အတောင့်တဆုံး အလုပ်တစ်ခုတော့ လုပ်လို့ပြီးပြီ၊ မိုးမခစံအိမ်ကြီးမှာတော့ ဘာတွေဖြစ်ကုန်ပြီလဲလို့ သိချင်လိုက်တာဗျာ။ ကျွန်တော့်မနောအမြင်မှာတော့ ငြိမ်းချမ်းမှုကို မြင်နေပါတယ်၊ ဆရာရော ဘယ်လိုထင်သလဲ''

ကျွန်ုပ်..

''မုန်တိုင်းတိုက်ပြီးမှ လေပြည်လာသလိုပေါ့ကွာ။ ခင်လှိုင်ကတော့ ငါတို့အုပ်စုကို တွေ့ရာသချိုင်း စားမဆိုင်းဆိုသလို မြေလှန်ရှာနေရောပေါ့။ သူလည်း ကျောက်မှောင်ခိုအဖွဲ့၊ ဘိန်းဖြူအဖွဲ့၊ ဦးပန်တို့



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားဝယ်တဲ့အဖွဲ့တွေနဲ့ ပြဿနာတက်နေလောက်ရောပေါ့''

''ဟုတ်တယ်ဆရာ။ သူ့ဘက်ကလည်း မလွယ်ဘူးနော်''

ကျွန်ုပ်တို့ ကြောင်ပန်းကုံးရွာရောက်တော့ နေဝင်ခါနီးပြီ။ အသင့်စောင့်ကြိုနေသော မိုးအောင်၏လှည်းဖြင့် ပြန်ခဲ့ကြသည်။ မြစိမ်းဘုရားအနီးရောက်တော့ တောစပယ်ပန်းနံ့ ထောင်းခနဲရသည်။ မမကြီးက ကျွန်ုပ်အား လှမ်းကြည့်ပြီး ကျွန်ုပ်လက်အား တင်းကျပ်စွာဆုပ်ကိုင်ထားသည်။ ကျွန်ုပ်က..

''အဲဒါ ပုဂံခေတ်က တည်ခဲ့တဲ့ မြစိမ်းဘုရားပဲ မမ။ မမြစိမ်းက ဒီဘုရားအနားမှာ နေတာ။ သူက ပျားရည်မုန့်လုပ်တာ သိပ်တော်တယ်''

ကျွန်ုပ်က နောက်ပြောင်ရာ အဘဦးတတ်မိုက..

''သားကြီး.. မနောက်ပါနဲ့။ သူတို့သားအမိ ကြောက်နေလိမ့်မယ်''

ထိုအချိန်တွင် တစ်စွန်တစ်စများကြားထားပုံရသော သမီးယွန်းပွင့်က..

''မမြစိမ်းဆိုတာ ငယ်ငယ်တုန်းက ဦးဦးရည်းစားလား။ ချောသလားဟင်''

မမကြီး..

''ဟဲ့.. သမီး။ အသာနေစမ်း။ ရွာရောက်မှ မေမေပြောပြမယ်နော်''

''ဟုတ်ကဲ့ မေမေ''

မမကြီးနှင့်သမီး ပြောပြီးတော့ ပုဏ္ဏားတင်ဦးက တစ်စခန်းထလာပြန်သည်။ သူ့ကို ကျွန်တော်က မြစိမ်းဘုရားအကြောင်း ပြောခဲ့ဖူး၏။





''ဆရာ.. ဟိုလမ်းဘေး ငှက်ပျောတောနားက မြေပြောင်ပြောင်လေးမှာ ဆရာထိုင်ပြီး ပျားရည်မုန့်တွေ စားခဲ့တာထင်တယ်။ ကျွန်တော်တော့ မုန့်သာထွက်ကျွေးရင် လှည်းပေါ်ကခုန်ဆင်းပြီး အပြေးသွားစားမှာ''

ပုဏ္ဏား[illegible]က နောက်ပြောင်ပြီး စ,တော့ မမကြီးက ပုဏ္ဏားတင်ဦးအား မျက်စောင်းကြီးထိုးကာ..

''မောင့်မောင်တို့ ဆရာတပည့်တွေ အကြောက်အလန့်ကို မရှိဘူး။ မပြောကောင်းမဆိုကောင်း..''

ဟု ပြောကာ ဘုရားစာများ ရွတ်နေသည်။ လူအုပ်စုများ၍ ထင်ပါသည်။ လွန်ခဲ့သောအနှစ် (၂၀) ကျော်က ကျွန်ုပ်နှင့် မြစိမ်းဘုရားအနီးတွင် ဆုံခဲ့၍ ပျားရည်မုန့်များကျွေးခဲ့သော မမြစိမ်းအား ကျွန်ုပ်က သတိရသော်လည်း အရိပ်အယောင်တောင် မမြင်ခဲ့ရပါ။

ကျွန်ုပ်တို့လှည်း အုန်းလက်ကောက်ရွာအတွင်းရောက်တော့ နွားရိုင်းသွင်းချိန်ဖြစ်သဖြင့် ရွာတွင်းဝင်လာကြသော နွားများအား စောင့်၍ ရှောင်ပြီး လှည်းမောင်းရသည်။ မိုးရာသီဖြစ်၍ တော်တော့သည်။ နွေရာသီသာဆိုလျှင် ကျွန်ုပ်တို့လှည်းအား ဖုန်လုံးကြီးအုပ်သွားမည်ဖြစ်သည်။ အုန်းလက်ကောက်ရွာအထွက် ထန်းတောညိုညိုကို ဖြတ်ပြီးနောက် နန္ဒီတောင်ရွာမှ ရွာဦးဘုန်းတော်ကြီးကျောင်းက ပေးထားသော လျှပ်စစ်မီးချောင်းများ တထိန်ထိန်လင်းနေသည်ကို တွေ့ရသည်။ အဘဦးတတ်မိုတို့ အိမ်ရှေ့ရောက်သည်နှင့် အိမ်သားများ အားလုံးက ထွက်ကြိုကြသည်။

သျှိုးမြင့်သိန်းနှင့် ကျော်ကြီးက..

''ဆရာရယ်.. ကျွန်တော်တို့ ပျင်းနေတာ။ အဲဒါနဲ့ ဆရာတို့ပြန်လာရင် အဆင်သင့်ဖြစ်အောင် ကိုမိုးတင်က ဝိုင်းလုပ်ပြီး အသင့်စောင့်

www.burmeseclassic.com



နေတာ။ ဆရာတို့ ရေမိုးချိုးပြီးရင် ဝိုင်းစရအောင်''

''အေး..အေး..ခဏစောင့်ကြဦး။ မိုးမောင်၊ မိုးအောင်နဲ့ ကျော်တင့်တို့ရော ရှိကြရဲ့လား''

''ကျွန်တော်တို့ အသင့်စောင့်နေတာပါ ဆရာကြီး''

ကျွန်ုပ်တို့ ရေချိုးပြီးတော့ ဝိုင်းစကြသည်။ သူတို့ရှာဖွေထားသော RUM အရက်နှစ်လုံးလည်း ပါသည်။ အဘဦးတာတ်မှီကိုလည်း ဝိုင်းထဲဆွဲသွင်း၍ တိုက်ကြသည်။ အဘကလည်း အရက်ကြိုက်သည်ကိုး။ ထွေရာလေးပါးပြောဆိုရင်း ဝိုင်းမှာစည်ကားသဖြင့် ည (၉) နာရီမှ ဝိုင်းသိမ်းပြီး ညစာစားကြသည်။ မမကြီးတို့သားအမိကတော့ ညစာစောစောစားပြီး အိပ်ရာဝင်သွားပေသည်။

အားလုံးအိပ်ရာဝင်ကြတော့ ကျွန်ုပ်၊ ကျော်ကြီး၊ ပုဏ္ဏားတင်ဦးနှင့် သူနိုးမြင့်သိန်းတို့ ယာယီမော်တော်ကားဂိုဒေါင်အတွင်း တိုင်ပင်ဆွေးနွေးကြသည်။ ကျွန်ုပ်တို့ နန္ဒီတောင်ရွာတွင် တစ်ပတ်ခန့် ခြေရာဖျောက်နားနိုင်၊ မောက်မိဖုရားပတ္တမြားကြီးအားလည်း ယတိပြတ် မရှိခဏဘုရားအား လျှုဒါန်းပြီးဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့မှာ လူစုခွဲ၍ ရန်ကုန်ပြန်ရောက်ကြလျှင် ပြဿနာမရှိနိုင်သော်လည်း မမကြီးတို့သားအမိမှာ မိန်းမသားများဖြစ်ကြပြီး မန္တလေးတွင် အထင်ကရနေထိုင်၍ ရွှေဆိုင်ဖွင့်ထားသူများဖြစ်ရာ အချိန်မရွေး ပြန်လည်ဖမ်းမိနိုင်သဖြင့် စဉ်းစားကြရတော့သည်။

သူနိုးမြင့်သိန်း..

''ဆရာ.. ကျွန်တော်တို့ မန္တလေးကို အလျင်သွားပြီး စုံစမ်းပြီးမှ သူတို့သားအမိကို ခေါ်သွားတာ ကောင်းမယ်ထင်တယ်။ အခြေအနေက ဘယ်လိုရှိမှန်း မသိသေးဘူးလေ''





ကျွန်ုပ်..

''အေး..ငါတို့အဖွဲ့သွားရင်လည်း ရုပ်ဖျက်သွားမှဖြစ်မယ်။ ဟိုက မမကြီးတို့ဆိုင်နား၊ အိမ်နားမှာ အသင့်စောင့်နေကြမှာ။ ကွဲခနဲ မိသွားနိုင်တယ်။ ဒီတစ်ခါမိရင်တော့ ပြန်လမ်းမရှိဘူးနော်''

ပုဏ္ဏားတင်ဦး..

''ဆရာ..ဒီငွေထုပ်ကြီးကလည်း တစ်မောင့်ပဲ။ မြန်မြန်ခွဲလိုက်ကြရအောင်။ ဆရာတို့..မမကြီးအပါအဝင် (၂) ရာခိုင်နှုန်းစီ ယူကြပါ။ ဆရာကိုတော့ ရန်ကုန်ရောက်တာနဲ့ ကျွန်တော်တို့စီးလာတဲ့ကားကို ထပ်ကန်တော့မယ်''

ကျော်ကြီး..

''တစ်ဦးကို (၂) ရာခိုင်နှုန်းဆိုတော့ အတော်များတယ်။ ပုဏ္ဏားရဲ့ ညီတွေ၊ ညီမတွေကို ခွဲဝေပေးရဦးမယ်လေ။ ကျွန်တော်နဲ့ ကိုမြင့်သိန်းက (၁) ရာခိုင်နှုန်းစီလောက်ဆို တော်ပါပြီ။ လူပျိုလူလွတ်တွေပဲ။ သုံးစရာမရှိပါဘူး။ သုံးစရာလိုရင်လည်း အချိန်မရွေးရှာနိုင်တာပဲ''

ကျွန်ုပ်..

''တစ်ရာမှာ နှစ်ကျပ်၊ တစ်ထောင်မှာနှစ်ဆယ်၊ တစ်သောင်းမှာ နှစ်ရာ၊ တစ်သိန်းမှာ နှစ်ထောင်၊ ဆယ်သိန်းမှာ နှစ်သောင်း၊ သိန်းတစ်ရာမှာ နှစ်သိန်း။ သိန်းတစ်ထောင်မှာ နှစ်ဆယ်သိန်းစီ။ မနည်းပါလား။ ငါရယ်၊ မမကြီးရယ်၊ ကျော်ကြီးနဲ့ သူနိုးကြီးပါ ပါရင် သိန်းရှစ်ဆယ်တောင် ပေးရမှာပါလား ပုဏ္ဏားရေ''

ပုဏ္ဏား..

''အသေးအဖွဲ့ပါ ဆရာရယ်။ သိန်းတစ်ရာပြည့်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအတူတူခံလာရတဲ့ ယွန်းပွင့်စံကိုပါ သိန်းနှစ်ဆယ်ပေးလိုက်ပါဦးမယ်၊ ကျွန်တော် သိန်းကိုးရာပဲ ယူမယ်ဆရာ၊ အဲဒါကိုလည်း ညီနဲ့ညီမကို သိန်းလေးရာစီခွဲပေးပြီး ကျွန်တော်ကတော့ လျှို့ဖို့တန်းဖို့ သုံးစွဲဖို့ သိန်း တစ်ရာပဲ ယူမယ်ဆရာ''

ကျွန်ုပ်..

''သဘောထားကြီးပါပေတယ် ပုဏ္ဏားရယ်။ ဒီကိစ္စတွေပြီးလည်း မင်းတို့ အရင်အလုပ်တွေ မလုပ်ကြတော့ဘဲ အေးအေးဆေးဆေးနေကြ ရင် ကောင်းမယ်''

မြင့်သိန်းနှင့် ကျော်ကြီး..

''ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ အေးအေးဆေးဆေး နေပါ့ မယ်။ ပိုက်ဆံကုန်သွားရင်တော့ မတတ်နိုင်ဘူးပေါ့ ဆရာရယ်၊ ဟဲ..ဟဲ.. ဟဲ..''

ကျွန်ုပ်..

''ခွေးမြီးကောက် ကျည်တောက်စွပ်သလို လုပ်ပြန်ပြီ၊ ရှိတဲ့ငွေ လေးနဲ့ အတိုးရင်းပွား လုပ်စားကြပါလား။ လူလွတ်တွေပဲဟာ''

ကျော်ကြီး..

''အဲဒီလူလွတ်တွေကြောင့် ခက်နေတာဆရာရေ၊ ထိန်းသိမ်း ပေးမယ့်သူမှ မရှိဘဲ။ ဆရာ့လို ရန်ကုန်တစ်ယောက်၊ မန္တလေးတစ် ယောက် ရှိရင်တော့ ကျွန်တော်တို့ ငြိမ်နေမှာပါ''

ကျွန်ုပ်..

''ခွေးကောင်တွေ..။ ငါ့ကို လာရိနေပြန်ပြီ။ မင်းတို့အရည် အချင်းနဲ့ မယားကောင်းကောင်းရှာလို့ ရနိုင်ပါတယ်ကွာ။ အေးအေးဆေး ဆေး နေကြစမ်းပါ။

ကဲ..နားထောင်ကြ။ ငါက အဖွဲ့ခေါင်းဆောင်အနေနဲ့ အမိန့် ပေးမယ်။ ဒီည မင်းတို့ ငွေတွေခွဲကြ။ မနက်ဖြန်မနက်မှာ ဝေပေးလိုက်။ ကျန်တာတွေ ပုဏ္ဏားတင်ဦးက မန္တလေးပြန်ပို့။ မနက်ဖြန်မနက် ငါတို့ ချုပ်ဖျက်ပြီး မန္တလေးတက် စနည်းနာမယ်။ မမကြီးတို့သားအမိကို ဒီရွာမှာ ပဲ ထားခဲ့မယ်။ မနက်ဖြန်မနက် ငါတို့ကားကိုပဲ သုံးမယ်။ မမကြီးတို့ကား ဟာ မန္တလေးကဆိုတော့ လူသိများတယ်''

''ဟုတ်ကဲ့..ဆရာ့အမိန့်အတိုင်း တပည့်တို့ အတိအကျလိုက် နာပါ့မယ်''

ကျွန်ုပ်တို့ ငွေများခွဲဝေပြီး အိပ်ရာဝင်ကြတော့ ည (၁၂) နာရီ ထိုးပြီ။ နန္ဒီရွာကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ရွာလယ်လမ်းမကြီး တွင် ဘုန်းကြီးကျောင်းမှ မီးစက်ဖြင့် ထွန်းထားသော မီးချောင်းများက လင်းထိန်နေသည်။ ရွာပတ်လည် လယ်ကွင်းနှင့် ယာခင်းများဆီမှ ဖား အော်သံနှင့် ပုရစ်အော်သံများကိုတော့ ကြားနေရသည်။ အလွန်အေးချမ်း သော ရွာကြီးဖြစ်လေသည်။ ကျွန်ုပ်တို့ ခြေလက်ဆေး၍ အိပ်ရာဝင်ကြ တော့သည်။ မနက်ဖြန်မနက် မန္တလေးသွားမည့်ကိစ္စအား တွေး၍ အိပ်ပျော်ခြင်းသို့ ရောက်သည်။

မနက် (၆) နာရီခန့် ထကြသည်။ လက်ဖက်ရည်ဝိုင်းတွင် ကျွန်ုပ် က မမကြီးတို့အား တိုးတိုးရှင်းပြသည်။ မမကြီးက ကျွန်ုပ်တို့ခွဲဝေပေး သော ငွေများအား မယူလိုကြောင်း ငြင်းဆန်နေသဖြင့် မနည်းချော့ရ သည်။ နောက်ဆုံး မမကြီးက သူရရှိသည့်သိန်းနှစ်ဆယ်အား ကျွန်ုပ် ကိုပေးပြီး ယွန်းပွင့်စံမှန့်ဖိုးအတွက် သိန်းနှစ်ဆယ်ကိုသာယူသဖြင့် အဆင်







www.burmeseclassic.com

www.burmeseclassic.com



ပြေသွားသည်။

မနက် (၇) နာရီခန့်တွင် ကျွန်ုပ်တို့ Corolla Van ကားဖြင့် လာလမ်းအတိုင်း စဥ့်ကိုင်မြို့ဘက်မှ ပတ်၍ထွက်ခဲ့သည်။ ရေစုပ်စက်ဝယ်ရန်လည်း အဘဦးတာတ်မှိုက လိုက်လာသည်။ စဥ့်ကိုင်မြို့လယ် အလှပြင်ဆိုင်တစ်ခုတွင် သူနိုးမြင့်သိန်းက ဆံပင်တုများဆင်းဝယ်ပြီး ကျွန်ုပ်တို့ ခေါင်းစွပ်၍ မန္တလေးသို့ ချီတက်ခဲ့ကြတော့သည်။

မန္တလေးမြို့သို့ မနက် (၉) နာရီကျော်ခန့်ရောက်ရာ ချောင်ကျသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်အား ဈေးချိုအနီးတွင် ရှာဖွေ၍ ထိုင်ကြသည်။ လက်ဖက်ရည်သောက်ကြအပြီး ကျွန်ုပ်က စက်နားလည်သော သူနိုးမြင့်သိန်းအား အဘဦးတာတ်မှိုနှင့်တွဲ၍ ဈေးချိုအတွင်း လွှတ်လိုက်သည်။ မမကြီးတို့ရွှေဆိုင်အားလည်း စနည်းနာရန်ဖြစ်သည်။ မမကြီးရွှေဆိုင်အား အဘဦးတာတ်မှိုက သိသည်။

(၃၅) လမ်းထဲရှိ မမကြီးတို့အိမ်အား လေ့လာရန် ပုဏ္ဏားနှင့် ကျော်ကြီးကို လွှတ်လိုက်သည်။ ကျွန်ုပ်ကတော့ လက်ဖက်ရည်ဆိုင်တွင် စောင့်ဆိုင်းနေခဲ့သည်။ ကျွန်ုပ် စောင့်ဆိုင်းရင်း မြန်မာ့အလင်းသတင်းစာအား ဖတ်မိရာ သတင်းစာ၏အလယ်ခန့်တွင် သတင်းတိုကလေးတစ်ပုဒ်အား ဖတ်မိသည်။

*ဘိန်းရာဇာနှင့် ကျောက်မှောင်ခိုအဖွဲ့အား အသေဖမ်းမိခြင်း*

*ပြင်ဦးလွင်၊ ဇွန်လ (၁၁) ရက်။*

*ပြင်ဦးလွင်မြို့နယ် အနီးစခန်းရွာကြီးရှိ မိုးမခစံအိမ်ကြီးတွင် တရားမဝင် ကျောက်မျိုးစုံနှင့် ဘိန်းဖြူများ ရောင်းဝယ်နေကြောင်း သတင်းအရ (၂၉) ရက်နေ့ မနက်အစောပိုင်းတွင် ပြည်သူ့ရဲတပ်ဖွဲ့မှ ဝင်ရောက်စီးနင်းရာ တိုက်ပွဲဖြစ်ပွားသဖြင့် ဘိန်းရာဇာခင်လှိုင်နှင့် ကျောက်မှောင်ခိုရောင်းဝယ်သူ (၅) ဦး၊ ပေါင်း (၆) ဦးအား အသေဖမ်းမိပြီး လက်နက်မျိုးစုံ ကျောက်မျိုးစုံ ဘိန်းဖြူကီလို (၁၀၀) ဝင် (၁၀) အိတ်အား ဖမ်းဆီးမိကြောင်း မိုးမခအိမ်ကြီးအား သက်ဆိုင်ရာမှ ခေတ္တသိမ်းဆည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည်။*

ကျွန်ုပ် သတင်းစာအား ဖတ်ပြီး မမကြီးတို့အတွက် စိတ်အေးသွားမိသည်။ ပတ္တမြားကြီးသတင်းမပါ၍လည်း ပုဏ္ဏားတင်ဦးတို့အတွက် စိတ်အေးရပြန်သည်။ ခင်လှိုင်အတွက်တော့ စိတ်မကောင်းပါ။ စိတ်ထားမကောင်းသူအတွက် လောကကြီးက ဒဏ်ခတ်ခြင်းပင် ဖြစ်ပေလိမ့်မည်။ တတိယကော်လံအောက်ပိုင်းတွင် သတင်းတစ်ပုဒ်အား တွေ့ရပြန်သည်။

*ကားချောက်ထဲကျ၊ လူသုံးဦးသေဆုံး*

*ပြင်ဦးလွင်၊ ဇွန်လ (၂၉) ရက်။*

*ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းရွာအဝင် ပေ (၁၀၀) ကျော်ခန့်နက်သော ချောက်ထဲသို့ ယမန်နေ့ညက ဆလွန်းကားတစ်စီးကျ၍ တိမ်းမှောက်ပြီး ကားပေါ်တွင်ပါလာသူယောက်ျား (၃) ဦး သေဆုံးသွားကြောင်း။ သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့မှ သေမှုသေခင်းဖွင့်လှစ်၍ အရေးယူဆောင်ရွက်နေကြောင်း။ ကားအနီးတွင် M-16 မောင်းပြန်ရိုင်ဖယ်တစ်လက်ကို တွေ့ရသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခုကဟု ယူဆကြောင်း သတင်းတိုကလေးဖြစ်သည်။*

အကျိုးအကြောင်းအစုံအလင်သိ၍ ကိုယ်တိုင်လူပ်ရှားပါဝင်ခဲ့သော ကျွန်ုပ်တို့အတွက်တော့ တစ်တောပြီးတစ်တော ရှင်းလင်းသွားပြီဖြစ်သည်။




စိတ်ကူးသစ်စာပေ

www.burmeseclassic.com



တစ်နာရီခန့်အကြာတွင် သူနိုးမြင့်သိန်းနှင့် အဘဦးစာတ်မိုတို့ ရေစုပ်စက်အား ဆိုက်ကားနှင့်တင်၍ ပြန်ရောက်လာကြသည်။

ရောက်မဆိုက်ပင် သူနိုးမြင့်သိန်းက..

"ဆရာရေ.. မမကြီးရွှေဆိုင်ကို ရောက်ခဲ့တယ်။ အလုပ်သမားတွေကတော့ ပုံမှန်ပါပဲ။ ဒါပေမဲ့ မိုးမခအိမ်ကြီးက ဘဏ္ဍာစိုးဒေါ်နန်းစောရောက်နေတယ်ဗျ။ ကျွန်တော်တို့ကို မမှတ်မိလို့ တော်သေးတယ်၊ အဘက သူ့သမီးငယ်အတွက် ဆွဲကြိုးတစ်ကုံးဝင်ဝယ်ရင်း မမကြီးကိုမေးရင်း စပ်စုရတာပေါ့။ မမကြီး ရန်ကုန်ဆင်းသွားသလိုလို ပြောတာပဲဗျ။ ဒေါ်နန်းစောက မမကြီးကို လာဖမ်းတာတော့ မဖြစ်နိုင်ဘူးထင်တယ်။ ပတ်ဝန်းကျင်မှာလည်း၊ အေးအေးဆေးဆေးပဲ"

"သူနိုးရေ.. ဟောဒီသတင်းစာကို ကြည့်ကွ။ မင်း ရှင်းရှင်းလင်းလင်း သိသွားလိမ့်မယ်"

ကျွန်ုပ်က သတင်းတိုလေးနှစ်ပုဒ်အား လက်ထောက်ပြရာ..

"ဟာ.. ဆရာက ထိုင်နေရင်း သိနေတာကိုး။ ကျွန်တော်တို့မှာတော့ သွယ်ဝိုက်ပြီးမေးမြန်းလိုက်ရတာ အမောပဲ၊ အဘကိုလည်း တစ်စွန်းတစ်စမပေါ်အောင် နှုတ်ပိတ်ထားရသေးသဗျ။ ဒါဆို မမကြီးတို့အတွက် ဝမ်းသာစရာပဲ၊ ဖွန်လ (၂၉) ရက်နေ့ဆိုတော့ ကျွန်တော်တို့ထွက်လာတာ ဖွန်လ (၂၈) ရက်နေ့ည။ မိုးမခစံအိမ်ကြီးမှာ တိုက်ပွဲဖြစ်တာက (၂၉) ရက်နေ့မနက်ဆိုတော့ ကျွန်တော်တို့ သီသီကလေးလွတ်လာတာပဲ ဆရာ။ ကံကောင်းလို့နော်..။ နို့မဟုတ်ရင် အမှုထဲမှာပါပြီး အချုပ်ထဲ ရောက်နေလောက်ပြီ"

အဘဦးစာတ်မို..





"သားကြီးတို့က ဘာအတွက်ကြောင့် အမှုထဲပါရမှာလဲ"

ကျွန်ုပ်..

"အဘရေ.. ကျွန်တော်တို့က မနေ့က မရှိခဏဘုရားမှာ လှူခဲ့တဲ့ ပတ္တမြားကြီးကို စောစောကအဖွဲ့တွေဆီမှာ သွားရောင်းတာ။ အဲဒါ ဝယ်လက် ခင်လှိုင်ဆိုသူက ပတ္တမြားကြီးကိုလည်း အပိုင်သိမ်း၊ ငွေတွေကိုလည်း အပိုင်သိမ်းပြီး ကျွန်တော်တို့အဖွဲ့ကို မြေအောက်ခန်းထဲမှာ ချုပ်ထားတာ။ ဝယ်တဲ့အဖွဲ့ကိုတော့ အရက်ထဲ အိပ်ဆေးခတ်ပြီး ကားကို ချောက်ထဲတွန်းချပြီး လုပ်ကြံလိုက်ကြတာ အဘရေ"

အဘ..

"ဒါနဲ့ ငါ့သားကြီးတို့ကို ဘယ်သူလာကယ်လို့ လွတ်လာပြီး ပတ္တမြားကြီးပါ ပြန်ရလာခဲ့ရတာလဲ"

ကျွန်ုပ်..

"ပြောရမှာတော့ အရှည်ကြီးပဲ အဘရေ။ မြေအောက်ခန်းထဲမှာ အချုပ်ခံရတုန်းက သော့တုန်းဖွင့်ပြီး လွတ်လာတာ။ ပတ္တမြားကြီးတော့ ပုဏ္ဏားတင်ဦးနဲ့ ကျော်ကြီးတို့ မီးခံသေတ္တာဖွင့်ပြီး ပြန်ယူလာကြတာဗျို့"

"အာဂကောင်တွေပါလားဟေ့။ အသက်သေးက လွတ်တဲ့အပြင် အချုပ်အနှောင်ကလည်း လွတ်တယ်။ ပတ္တမြားကြီးကိုလည်း ရအောင်ပြန်ယူလာနိုင်ကြတာ လူတော်တွေပေါ့နော့"

"လူတော်တွေတော့ ဟုတ်တယ်၊ လူကောင်းတွေတော့ မဟုတ်ဘူး အဘရေ၊ အားလုံး ထောင်ထွက်တွေချည်းပဲ"

"ငါ့သားကြီးက ထောင်အရာရှိက ထွက်တာမဟုတ်လား"

"ဟုတ်တယ်လေ အဘရဲ့။ ထောင်အရာရှိက ထွက်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထွက်ပဲမဟုတ်လား အဘရဲ့။ ဟား. . ဟား. . ဟား. . ”

“ဟား. . ဟား. . ဟား. . ”

ကျွန်ုပ်ပြောစကားကို သဘောကျကြ၍ သုံးဦးလုံး ဝိုင်းရယ်ကြသည်။ မကြာပါ. . ။ ရုပ်ဖျက်ထားသော ပုဏ္ဏားတင်ဦးတို့နှင့်အတူ လူတစ်ဦးပါလာသည်။ အသေအချာကြည့်မှ မိုးမခစံအိမ်ကြီးမှ ရုပ်ဖျက်ထားသော စားဖိုမှူးကြီးကိုနောင်မှန်း သိရတော့သည်။ သူက ကျွန်ုပ်တို့အား မမှတ်မိပါ”

“ကျွန်တော့်ကို ချမ်းသာပေးကြပါဗျာ။ ကျွန်တော် ခင်လှိုင်ရဲ့ ထမင်းချက် စားဖိုမှူးကြီးဆိုတာတော့ မှန်ပါတယ်။ ကျုန်တဲ့ ကျောက်ကိစ္စနဲ့ ဘိန်းဖြူကိစ္စတွေမှာတော့ ကျွန်တော်မပါ,ပါဘူး။ လစာကောင်းလို့ ဝင်လုပ်နေတာပါခင်ဗျာ။ ချမ်းသာပေးကြပါ”

ကျွန်ုပ်လည်း ၎င်း၏စကားကို နင်း၍. .

“ချမ်းသာပေးစေချင်ရင် မင်းမှန်မှန်ပြော။ မမကြီး ဘယ်မှာလဲ။ ခင်လှိုင် ဘယ်သွားလဲ။ ဒေါ်နန်းစော ဘယ်မှာလဲ”

ကျွန်ုပ်က လှုရှင်းနေသော လက်ဖက်ရည်ဆိုင်အတွင်းဖြစ်၍ ခပ်တည်တည်မေးမြန်း အစ်အောက်လိုက်သည်။

“ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်။ (၂၈) ရက်နေ့ညက ဆရာခင်လှိုင်က ဆေးခြောက် (မျက်ကျဉ်း) ကို ဟင်းတွေထဲထည့်ပြီး ချက်ခိုင်းတယ်။ ကျွန်တော် အသားဟင်းတွေထဲ ထည့်ချက်ပေးရတယ်။ ပြီးတော့ သူက အရက်ထဲမှာလည်း အိပ်ဆေးတွေခတ်ပြီး ဧည့်သည်တွေကို တိုက်တာပါ။ ဒါနဲ့ ဆရာတို့က ဘယ်အဖွဲ့ကလဲခင်ဗျာ။ ကျွန်တော်မမြင်ဖူးလို့ မေးရတာပါ”





သူက အဘဦးစာတ်မိုကိုကြည့်၍ မေးနေခြင်းဖြစ်သည်။

ကျွန်ုပ်က အလွန်ရိုးသားသော အဘဦးစာတ်မိုကို အမှန်အတိုင်း ဖြေလိုက်မည်စိုးသဖြင့်. .

“မင်းမေးစရာမလိုဘူး။ မင်း အေးအေးဆေးဆေးပြန်ချင်ရင်တော့ အမေးအမြန်းမထူနဲ့။ ငါတို့မေးတာကိုပဲ အမှန်အတိုင်းဖြေ။ ကြားလား”

“ဟုတ်. . ဟုတ်. . ဟုတ်ကဲ့ပါခင်ဗျ”

“ကဲ. . အဖြစ်အပျက်တွေကို ဆက်ပြော။ လိမ်ပြောရင်တော့ ငါတို့ကို အဆိုးမဆိုနဲ့။ ဆက်ပြော”

“ဟုတ်ကဲ့ပါခင်ဗျာ။ မမကြီးက ဆရာခင်လှိုင်အဖမ်းခံထားရရင်းနဲ့ ပျောက်သွားပါတယ်။ ဆရာခင်လှိုင်ကတော့ ရဲတွေနဲ့ တိုက်ပွဲဖြစ်ပြီး ကွယ်လွန်သွားပါတယ်။ ကိစ္စတွေပြီးလို့ ကျွန်တော်နဲ့ ဒေါ်နန်းက မမကြီးတို့ကို လိုက်ရှာနေတာပါခင်ဗျာ”

ကျွန်ုပ်. .

“မမကြီးကို ဘာလို့လိုက်ရှာနေကြတာလဲ”

“ဆရာခင်လှိုင်ဆုံးသွားတော့ မိုးမခစံအိမ်ကြီးက ခင်နောင်ရဲ့ ဇနီးဖြစ်တဲ့ မမကြီးပိုင်ပြီပေါ့။ အခုတော့ ပိုင်ရှင်မရှိလို့ ရဲက ခဏသိမ်းထားတာ။ စိုက်ပျိုးခြံတွေ၊ မွေးမြူရေးခြံတွေနဲ့ အလုပ်သမားတွေကို ဘယ်သူက ဦးစီးပြီး အုပ်ချုပ်မှာလဲ၊ ကျွန်တော်နဲ့ဒေါ်နန်းရော ဆက်နေရမှာလား၊ နယ်ပြန်ရမှာလား သိချင်လို့ပါ”

“ဟား. . ဟား. . ဟား. . တကယ့်အကြံကြီးပဲနော်။ ကျေးဇူးတင်တယ် စားဖိုမှူးကြီး ကိုနောင်ရေ။ ဟား. . ဟား. . ဟား. . ”



www.burmeseclassic.com

www.burmeseclassic.com



ကိုနောင်မှာ ကျွန်ပ်ရယ်သံကြောင့် အလွန်ကြောက်ရွံ့သွားဟန် တူပါသည်။ ကျွန်ုပ်က..

"ကိုနောင်..မင်းက ဘာဖြစ်လို့ ရုပ်ဖျက်ထားတာလဲ"

"လက်နက်ကိုင်အဖွဲ့တွေကို ကြောက်လို့ပါ။ သူတို့က ကျွန်တော့်ကို ဆရာခင်လှိုင်ရဲ့ လူယုံတပည့်ဆိုပြီး သတ်မှာစိုးလို့ပါ"

"အေး..အေး..မင်း အမှန်အတိုင်းပြောလို့ ကျေးဇူးတင်တယ်။ ငါတို့ကို မင်းလုံးဝမမှတ်မိဘူးလား"

"မသိပါဘူး ဆရာသမား။ ကျွန်တော် အမှန်အတိုင်းပြောပြီးလို့ ပြန်လို့ရပြီလား"

"ပြန်လို့မရသေးဘူး။ ငါ့နာမည် ဦးသိန်းဝင်း။ မမကြီးနဲ့ အတူလာတဲ့ အဖွဲ့ကပဲ"

ကျွန်ုပ်က ဆံပင်တုအား ချွတ်ပြလိုက်ရာ ကိုနောင်မှာ အလွန်အံ့သြသွားပြီး..

"ဟာ..ဆရာ ထောင်မှူးကြီးသိန်းဝင်း။ ဝမ်းသာလိုက်တာဗျာ။ ဒါလည်း ဆရာတို့အဖွဲ့တွေပေါ့နော်"

သူနိုးမြင့်သိန်း၊ ပုဏ္ဏားတင်ဦးနှင့် ကျော်ကြီးတို့က ဆံပင်အတုများအား ချွတ်ပြကြသည်။

"ဟာ..ဝမ်းသာလိုက်တာ ဆရာတို့ရယ်။ ကျွန်တော်က ဆရာတို့ကို တခြားလက်နက်ကိုင်အဖွဲ့အစည်းက မှတ်နေတာ။ အံ့ရောဗျာ။ ဒါနဲ့ ဆရာ..။ မမကြီးတို့ သားအမိရောဟင်"

"ဘေးကင်းရာမှာ ကျွန်တော်တို့ စောင့်ရှောက်ထားပါတယ်။ အခြေအနေကောင်းတာနဲ့ ဒီပြန်ခေါ်လာမလို့ လာစုံစမ်းကြတာပါ။ ကဲ..





ကိုနောင်ရေ၊ ဘာစားပြီးပြီလဲ။ ကျွန်တော်တို့ ကျွေးပါ့မယ်။ လောလော ဆယ်တော့ အဲဒီညက အဖြစ်အပျက်ကလေးကို ပြည့်ပြည့်စုံစုံပြန်ပြောပြ ပါဦး။ လက်ဖက်ရည်သောက်ရင်းပေါ့"

ကိုနောင်မှာ ယခုမှ စိတ်အေးလက်အေးဖြစ်သွားဟန်ဖြင့် လက်ဖက်ရည်နှင့် မုန့်များအား အားပါးတရစားရင်း..

"ဒီလို ဆရာရေ..။ ကျွန်တော်က ဖွန်လလည်ယ်လောက်ကမှ တောင်ကြီးမှာ ဆရာခင်လှိုင်နဲ့တွေ့ပြီး မိုးမခစံအိမ်ကြီးကို ရောက်လာတာပါ။ မိုးမခစံအိမ်ကြီးက မြို့နဲ့ဝေးတော့ ညှို့သည်တွေ လက်ရာကောင်းကောင်းစားရအောင် ကျွန်တော့်ကို လစာကောင်းကောင်းပေးပြီး ငှားတာပါ။ ကျွန်တော်က လူသစ်ဆိုတော့ စိတ်မချဘူးထင်တယ်။ ကျွန်တော် အိမ်ကြီးကနေ စိုက်ပျိုး၊ မွေးမြူရေးခြံတွေဘက် သွားတာနဲ့ ဗလကြီးဝဏ္ဏက အမြဲတမ်းလိုက်တယ်။ ကျွန်တော်ကလည်း နေ့စဉ်ချက်ပြုတ်ဖို့ စိုက်ပျိုးရေးခြံတွေနဲ့ မွေးမြူရေးခြံတွေဆီ သွားပြီး ဟင်းသီးဟင်းရွက်နဲ့ သားငါး၊ ကြက်ဥ၊ ဘဲဥတွေ ယူရတာကိုး။ နောက်မှ သိရတာပါ။ စိုက်ပျိုးရေးခြံတွေထဲမှာ ဘိန်းနဲ့ဆေးခြောက်ပင်တွေ စိုက်ထားတယ်ဆရာ။ အဲဒါတွေ သိမှာစိုးလို့ ဗလကြီးဝဏ္ဏက ကျွန်တော့်နောက်က လိုက်နေတာ။ သူ လိုက်တော့လည်း အကူအညီရပါတယ် ဆရာရယ်။ ပစ္စည်းတွေကို ဝိုင်း ထမ်းပေးပါတယ်။

(၂၈) ရက်နေ့ ညနေကတော့ ညှို့သည်တွေပျော်အောင် ချက်ရမယ်ဆိုပြီး ဆေးခြောက်ရွက်တွေ ချူးပေးတယ်။ ဆေးခြောက်ရွက်က မုန်လာဥနီအရွက်လိုပဲ တွန့်တွန့်လေးတွေ ဆရာ။ အစိမ်းက အခြောက် ထက် စိမ်းရွှေရွှေနံ့ပြီး အာနိသင်ပြင်းတယ်။ အသားနဲ့ချက်ရင် အသားနူး



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပြီး အရသာကောင်းတယ်။ အထူးသဖြင့် အရည်နဲ့အနှစ်က ပိုစားကောင်းတယ်။ ပိုစားလေ ထိလေပဲ ဆရာ။ မျက်ကျဉ်းနဲ့ မျက်ကျယ်ဆိုပြီး နှစ်မျိုးရှိတယ်။ ဆေးခြောက်ရွက်ခတ်ထားတဲ့ဟင်းက အချိုလေးပြီး အရသာအလွန်ရှိတယ်။ အဲဒါ စားပြီး မျက်ကျဉ်းခပ်ထားရင် တသောသောရယ်ပြီး မျက်စိမှိတ်ပြီး မှိန်းနေတော့တာပဲ။ မျက်ကျယ်ကတော့ မြင်မြင်သမျှ အရာဝတ္ထုတွေကို အကြီးကြီးထင်ပြီး လန့်နေတော့တာပဲ။

ဆရာခင်လှိုင်က အပျော်အပါးကျွေးတယ်ထင်ပြီး ညှော်သည်တွေမထိခိုက်ရအောင် ကျွန်တော် ဆေးခြောက်ရွက်တွေကိုပြုတ်ပြီး အရည်ညှစ်လော့်ပြီးမှ ဟင်းထဲကို နည်းနည်းပဲခတ်တာပါ။ မမကြီးတို့သားအမိစားမယ့်ဟင်းထဲကိုတော့ လုံးဝမခတ်ဘဲ သီးခြားချက်ပေးတာပါ။ တော်ကြာမိန်းမသားတွေ ပြဿနာဖြစ်မှာစိုးလို့ပါ ဆရာ"

ကျွန်ုပ်..

"အေးဗျာ..။ ကိုနောင်ကို ကျေးဇူးတင်ပါတယ်။ ဆက်ပြောပါဦးဗျာ"

"အဲဒါကို ဆရာခင်လှိုင်က ရိပ်မိဟန်တူပါတယ်။ ဒါကြောင့် အရက်ထဲကို အိပ်ဆေးတွေ ထည့်တိုက်တာ။ ကျွန်တော်တို့ဒေသမှာ 'အိပ်မွှေ့ပင်' ဆိုတာ ရှိတယ်ဆရာ။ နွယ်ပင်တစ်မျိုးပဲ။ အသီးက နီနီကလေးတွေ ဆရာ။ အခြောက်လှန်းပြီး အမှုန့်ထောင်းလို့ဖြစ်စေ၊ အသီးအစိမ်းကို အရည်ညှစ်လို့ဖြစ်စေ ချက်ပြီး ပုလင်းထဲထည့်ထားရင် အကြာကြီးခံတယ်။ အရက်ထဲမှာ နည်းနည်းထည့်သောက်ရင် အရသာမပြောင်းဘူး။ အလွန်အိပ်ပျော်တယ် ဆရာ။ များရင်တော့ မကောင်းဘူး။ မနိုးသော အိပ်ခြင်းနဲ့ အိပ်ပြီး သေသွားနိုင်တယ်။





အဲဒီနေ့က နှစ်ပင်လိမ်ပေါ့ ဆရာရယ်။ ဟင်းထဲမှာလည်း ဆေးခြောက်ပါ၊ အရက်ထဲမှာလည်း အိပ်ဆေးပါတော့ အမျိုးသားဧည့်သည်တွေ မှောက်ကုန်တာပေါ့။ ဆရာဦးသိန်းဝင်းနဲ့ မမကြီးတို့သားအမိကအရက်လည်းမသောက်၊ ထမင်းလည်းမစားတော့ လွတ်သွားတာပေါ့။ ဒါကြောင့် ဆရာခင်လှိုင်က စောစောစီးစီး သူ့အကြံအစည်ကို အကောင်အထည်ဖော်တာပါ။ ကျွန်တော့်ကိုလည်း ဗလကြီးဝဏ္ဏက အနီးကပ်စောင့်ကြည့်နေတော့ ဆရာတို့ကို မပြောသာဘူးလေ။

ဆရာတို့အဖွဲ့ကို မြေအောက်ခန်းထဲထည့်ထားပြီး ဦးပန်တို့အဖွဲ့ကို ဗလကြီးဝဏ္ဏက ခေါ်သွားတော့ ကျွန်တော့်ကို ကြိုးနဲ့တုပ်ထားခဲ့တယ်။ ဆရာခင်လှိုင်ဟာ အဲဒီညက အတော်သောင်းကျန်းတာဆရာ။ မွေးမြူရေးနဲ့ စိုက်ပျိုးရေးခြံထဲက သူ့လက်စွဲတော်တပည့်တွေကို ခေါ်ပြီး အရက်အကောင်းစားတွေတိုက်တာ။ သူကိုယ်တိုင်လည်း ပုလင်းလိုက်မော့တယ်။ အော်လိုက်ဟစ်လိုက်တာလည်း ဆူညံနေတာပဲ။ ဗလကြီးပြန်လာမှ ကျွန်တော့်ကို ကြိုးဖြေပေးတာ။ ဒါတောင် ပြောသေးတယ်၊ အိမ်ပေါ်ကအိမ်အောက်မဆင်းရဘူးတဲ့။ အိမ်အောက်မှာလည်း ဗလကြီးက ခွေးနှစ်ကောင်နဲ့ သေနတ်ကြီးထမ်းပြီး ကင်းလှည့်နေတာ။ ကျွန်တော် အိမ်အောက်ဘယ်ဆင်းရဲတော့မလဲ။ အဲဒါကြောင့် ညစာကို မြန်မြန်စားပြီး အခန်းထဲဝင်အိပ်ရတော့တာပေါ့ ဆရာရယ်။ အဲဒီအချိန်မှာ ဆရာခင်လှိုင်တို့အဖွဲ့လည်း ငြိမ်သွားကြပြီလေ။ အမူးလွန်ပြီး အိပ်ပျော်ကုန်ကြပြီလေ။

ကျွန်တော်လည်း ဆေးခြောက်လက်ကျန်ဟင်းကြောင့် ထင်ပါတယ်။ အိပ်ပျော်လိုက်တာ မနက်ခင်းမှ တစ်ရေးနိုးတော့တယ်။ အဲဒီအချိန်မှာ ဆရာတို့လွတ်သွားလို့ ဆရာခင်လှိုင်ပေါက်ကွဲနေတာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ဖို့ကောင်းတယ်ဗျာ၊ ဗလကြီးကိုလည်း ဆဲဆိုရိုက်နှက်ပြီး ကားနဲ့ လိုက်ဖို့အလုပ်မှာ ကားဘီးလေးဘီးလုံးက ပြားနေတာမို့ မြင်းနဲ့လိုက်ဖို့ လုပ်ကြသေးတယ်။ ဒေါ်နန်းက ချော့မော့ပြောမှ ငြိမ်သွားတယ်။

အဲဒီအချိန်မှာ ဘိန်းဖြူရောင်းတဲ့ အဖွဲ့ငါးဦး ရောက်လာတယ်။ မနက်စောစောစီးစီး အရက်သောက်ကြပြီး ငွေအချေမှာ သိန်းတစ်ထောင့် ငါးရာအိတ်ကြီးနှစ်အိတ်ထဲမှာ သိန်းငါးရာနဲ့ စက္ကူတွေဖြစ်နေလို့ ပေါက်ကွဲ ပြန်ပြီး ဆရာတို့အဖွဲ့ကို ဆဲလိုက်တာ မိုးမွှန်နေတာပဲ။ အဲဒါနဲ့ သိန်းတစ် ထောင်ပေးရမှာမို့ သူ့မီးခံသေတ္တာထဲက သိန်းငါးရာကိုအထုတ်မှာ ပတ္တမြား ကြီးလည်း မတွေ့ရတော့တာမို့ ပွက်လောရိုက်သွားတော့တာပဲ။ သူ့တပည့် တွေကို ကန်ကျောက်ရိုက်နှက်ပြီး သေနတ်နဲ့ပစ်မယ်လုပ်လို့ ဟိုဘက်အဖွဲ့ က ဝိုင်းဆွဲရတယ်၊ တော်ပါသေးတယ်၊ ဟိုဘက်အဖွဲ့ကိုပေးမယ့် သိန်းတစ် ထောင်တော့ ပြည့်မီအောင် ပေးနိုင်လိုက်တယ်။

ဆရာတို့အဖွဲ့ကိုတော့ တွေ့ရာသင်္ချိုင်း တားမဆိုင်းဆိုပြီး သူ့ တပည့်တွေနဲ့ လက်နက်တွေ ပြင်ဆင်နေကြတုန်း ရဲအဖွဲ့တွေ ဝင်လာတာ ပဲ၊ အဲဒီမှာ တိုက်ပွဲဖြစ်ကြတော့တာပဲ ဆရာတို့ရေ”

“ခင်လှိုင်တို့က အိမ်ပေါ်က အကာအကွယ်နဲ့..။ ရဲတွေက အောက်က၊ ဒါတောင် သူတို့ အကုန်သေတာပဲလား”

“ဗလကြီးက နာနေပြီဆရာ။ ဆရာတို့လက်ချက်နဲ့ ခေါင်းက ဒဏ်ရာအပြင် သူ့ဆရာရိုက်နှက်ထိုးကြိတ်ထားလို့ အတော်နာနေရှာတာ။ အငိုက်မိသွားတာပေါ့ ဆရာရယ်၊ ရဲတွေကလည်း ကွန်မန်ဒိုတွေ ဆရာ။ အလွန်တော်တယ်၊ အိမ်ပေါ်ရောက်မှ ဝိုင်းဖြိုကြတာ။ ဆရာခင်လှိုင်တို့က အရက်ကလည်း မူးနေတော့ ဘယ်ခံနိုင်မလဲ။ တစ်ပြုံကြီး ကြွသွားတာပေါ့ ဗျာ။ ဆရာတို့ အလွန်ကံကောင်းပါတယ်၊ ဆရာတို့သာ ရှိနေရင် ဒီအရှုပ် ထုပ်ကြီးထဲမှာ အဆွဲခံရမှာ သေချာတယ်”

“ဒါနဲ့ မင်းတို့က ဘယ်လိုလွတ်လာတာလဲ”

“ကျွန်တော်တို့လည်း အဆွဲခံရတာပဲ ဆရာ။ မန္တလေးထောင်ထဲ မှာ ထည့်ထားပြီး အစစ်ဆေးခံရတယ်။ ဒီမနက်မှ လွတ်တာဆရာ။ ဒေါ်နန်းနဲ့ အိမ်ဖော်တွေလည်း အတူတူပဲ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးခြံ တွေက အလုပ်သမားတွေကိုတော့ ခြံထဲမှာပဲ ရဲအစောင့်နဲ့ ထားတယ်”

ကျွန်ုပ်..

“ကဲ.. အဲဒါဆို ဘယ်လိုလုပ်ကြမလဲ”

မြင့်သိန်း..

“မမကြီးကိုခေါ်ပြီး မိုးမခစံအိမ်ကြီးကို ချိတက်ကြရုံပဲပေါ့ ဆရာ ရယ်”

“အချိန်စောသေးတယ် ထင်တယ်။ ဒါက မမကြီးတို့ ဆွေမျိုးစု ကိစ္စ၊ ငါတို့မပါရင် ကောင်းမယ်ထင်တယ်။ တော်ကြာ ရဲက ငါတို့ကို မျက်စိနောက်နေဦးမယ်။ နောက်ပြီး မင်းတို့ကလည်း နိုင်ငံကျော်တွေ။ သတိထား..။ အချိန်ယူပြီး သုံးသပ် ဆုံးဖြတ်မှ အဆင်ပြေမယ်ထင် တယ်”

“ဒါနဲ့ ကိုနောင်ရေ..။ သူတို့မှာ မိသားစုရှေ့နေ မရှိဘူးလား။ မင်းသိသလား”

“ကျွန်တော်မသိဘူး ဆရာ။ ဒေါ်နန်းတော့ သိမယ်ဆရာ”

“ကဲ.. ဒီလိုလုပ်၊ ဒေါ်နန်းကို မြင့်သိန်းနဲ့ကိုနောင် သွားခေါ်ကြ။ မွှေးဆိုင်မှာ ရှိလိမ့်ဦးမယ်ထင်တယ်။ ငါတို့ ဒီကပဲ စောင့်နေမယ်”







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

မြင့်သိန်းနှင့်ကိုနောင် ထွက်သွားတော့ ကျွန်ုပ်တို့ တိုင်ပင်ကြသည်။ မိုးမခစံအိမ်ကြီးအား သွားရေး၊ မသွားရေး ဖြစ်သည်။

ပုဏ္ဏား..

"ဆရာ..မမကြီးတို့ချည်းပဲတော့ မကောင်းဘူးထင်တယ်။ ကျွန်တော်တို့လိုက်သွားလို့ကလည်း ဆရာပြောသလို မဖြစ်ပြန်ဘူး။ ဆရာပါ လိုက်သွားမှ ကောင်းမယ်ထင်တယ်"

"အေး..အဲဒါကို ငါစဉ်းစားနေတာ။ ဒေါ်နန်းလာရင် အဖြေရပါပြီ။ ခင်လှိုင်တို့မှာ မိသားစုရှေ့နေရှိရင်ဖြစ်စေ၊ မမကြီးတို့မှာ ရှိရင်ဖြစ်စေ ဥပဒေကြောင်းအရ တိုင်ပင်ပြီး အမွေလွှဲပြောင်းယူရမှာပေါ့။ ဒါက တရားရုံးနဲ့ဆိုင်တယ်။ တရားမမှုပဲ..။ တရားရုံးကို အထောက်အထားနဲ့ ဦးတိုက်လျှောက်ထားရမှာ။ ခင်လှိုင်မှာ ဦးရီးတော်နဲ့ ဆွေမျိုးတွေ ရှိသေးတယ်လေ"

ကျော်ကြီး..

"ဆရာက ဥပဒေနားလည်တော့ ဆရာပဲဦးဆောင်ပြီး လုပ်ပေးရမှာပါ"

"အေး..အေး..ငါပဲ ဦးဆောင်ပြီး လုပ်လိုက်မယ်။ အဲဒါဆို ပုဏ္ဏားက ငွေတွေကို ညီ၊ ညီမတွေကို ခွဲဝေပေးပြီး ဘဏ်တစ်ခုခုမှာ သွင်းပေးလိုက်ပေတော့။ အပြင်မှာ သုံးဖို့စွဲဖို့လောက်ပဲ ချန်ထား။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ။ ဆရာပြောတဲ့အတိုင်း ကောင်းပါတယ်"

ထိုစဉ် ဒေါ်နန်းတို့ရောက်လာကြသည်။





"ဝမ်းသာလိုက်တာ ဆရာရယ်။ ဆရာတို့လွှတ်သွားတာ အလွန်ဝမ်းသာပါတယ်။ ဆရာတို့သာ ရှိနေရင် စိတ်ဖောက်ပြန်နေတဲ့ ဆရာခင်လှိုင်က အကုန်လုံးကို သတ်မှာ။ ဒါနဲ့ မမကြီးတို့သားအမိရော ကျန်းမာကြရဲ့လား"

ကျွန်ုပ်..

"ကျန်းမာ၊ ချမ်းသာကြပါတယ်။ ကျွန်တော်တို့ စောင့်ရှောက်ထားပါတယ်။ မကြာမီမှာ တွေ့ရမှာပါ။ ဒါနဲ့ ဒေါ်နန်းရေ..။ ခင်လှိုင်မှာ မိသားစုရှေ့နေ ရှိတယ်မဟုတ်လား"

"ရှိပါ့ရှင်..။ ဦးမင်းမောင်တဲ့၊ မန္တလေး (၈၇) လမ်းမှာပဲ နေတာပါ။ အသက်တော့ ကြီးပြီ"

"ကဲ..ဒါဆို မန္တလေးမှာ ဒေါ်နန်းတို့ တည်းခိုစရာ ရှိသလား။ ကျွန်တော်တို့ မနက်ဖြန် ပြန်ဆုံကြမယ်။ မမကြီးတို့သားအမိကိုလည်း ခေါ်လာမယ်"

"ဟုတ်ကဲ့ရှင့်..။ ကျွန်မက မန္တလေးသူပါ။ တော်ဝင်ရုပ်ရှင်ရုံနားမှာ နေတာပါ။ မိသားစုပိုင်အိမ် ရှိပါတယ်။ မမကြီး ကျွန်မတို့အိမ်ကို သိပါတယ်"

"ကဲ..အဲဒါဆို ကောင်းပါတယ်။ နေ့လယ်စာ ထမင်းသွားစားကြပြီး လူစုခွဲကြတာပေါ့။ ကိုနောင်ကရော ဘယ်မှာတည်းမှာလဲ"

"အဟဲ..ကျွန်တော့်အိမ်က တောင်ကြီးမှာ။ မန္တလေးမှာ အသိမိတ်ဆွေတွေရှိပေမယ့် လိပ်စာမမှတ်မိတော့ဘူး"

ဒေါ်နန်း..

"ကိုနောင်လည်း အစ်မကြီးတို့အိမ်မှာပဲ တည်းပါ။ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ကျွယ်ပါတယ်"

ကျွန်ုပ်..

"ကဲ..ဒါဆို ကိုနောင်သုံးဖို့ ငါးသောင်း၊ ဒေါ်နန်းသုံးဖို့ ငါး သောင်း ယူထားပါ။ ကျွန်တော်က မမကြီးတို့ကိုယ်စား ပေးတာပါ။ မမ ကြီးနဲ့တွေ့မှ ကြည့်စီစဉ်ကြပါ။ မနက်ဖြန်မနက် ဒေါ်နန်းအိမ်မှာ ဆုံမယ်"

ကိုနောင်နှင့်ဒေါ်နန်း..

"ကျေးဇူးတင်ပါတယ်ဆရာ"

ကျွန်တော်တို့ အနီးအနားရှိ ဈေးချိုရှေ့ မြန်မာထမင်းဆိုင်တွင် နေ့လယ်စာ စားကြသည်။ ဒေါ်နန်းနှင့် ကိုနောင်မှာ အလွန်ဝမ်းသာနေကြ သည်။ စားသောက်ပြီးတော့ ကျွန်ုပ်တို့လမ်းခွဲကြသည်။ မှတ်မှတ်ရရ ဈေးချိုအနီးရှိဆိုင်မှ မမကြီးတို့အတွက် မုန့်မျိုးစုံကိုတော့ ဝယ်ခဲ့သေးသည်။ ကျွန်ုပ်တို့ ပုဏ္ဏားတင်ဦးအိမ်ရှိရာ ပုဏ္ဏားစုရပ်ကွက်သို့ သွားကြသည်။

ပုဏ္ဏားတင်ဦးအိမ်တွင် တင်ဦးက ကျွန်ုပ်တို့အား ပြောသည့် အတိုင်း သိန်းတစ်ရာသာယူပြီး ကျန်သိန်းရှစ်ရာအား ညီနှင့်ညီမအား သိန်းလေးရာစီ ခွဲပေးသည်။ ထို့နောက် ကျွန်ုပ်၏အစီအစဉ်အတိုင်း ပုဂ္ဂလိကဘဏ်တစ်ခုတွင် သွားအပ်နိုင်းရသည်။ အိမ်တွင် ငွေသားထား သည်ထက် ငွေစုလက်မှတ် ဘဏ်စာအုပ်ထားသည်က စိတ်ချရသော ကြောင့်ဖြစ်သည်။ ပုဏ္ဏားစုအိမ်တွင် ပုဏ္ဏားတင်ဦးအား ထားခဲ့သည်။ ညီ၊ ညီမများ နေထိုင်ရေးအား ကြီးကြပ်ပေးနိုင်ရန်ဖြစ်သည်။ မနက်ဖြန် မနက် (၁၀) နာရီတွင် တော်ဝင်ရပ်ရှင်ရုံအနီးရှိ ဒေါ်နန်းအိမ်တွင် ပြန်ဆုံကြ ရန် ချိန်းခဲ့သည်။

ကျွန်ုပ်တို့ မန္တလေးမှတစ်ဆင့် ကျောက်ဆည်၊ စဉ့်ကိုင်ရှိ နန်း





တောင်ရွာသို့ ပြန်ခဲ့ကြရာ ညနေစောင်းမှ ပြန်ရောက်တော့သည်။ ရောက် လွှင့်ရောက်ချင်း မမကြီးက..

"မောင်မောင်..ဘာသတင်းထူးသလဲဟင်"

ယွန်းပွင့်စံက..

"ဦးဦး..ဘာမုန့်ပါသလဲဟင်"

ကျွန်ုပ်..

"မုန့်လည်းပါတယ်၊ သတင်းထူးလည်းပါတယ်"

မုန့်ထုပ်ကြီးအား ယွန်းပွင့်စံအားပေးပြီး မမကြီးအား ကျွန်ုပ်ဝယ် ထားသည့် မြန်မာ့အလင်းသတင်းစာနှင့် တွေ့ကြုံကြားသိခဲ့သမျှကို ဖောက် သည်ချရတော့သည်။ မမကြီးမှာ အလွန်ဝမ်းသာနေရှာသည်။

မမကြီး..

"မောင်မောင်..မမကြီးတော့ မိုးမခအိမ်ကြီးကို မယူချင်တော့ ဘူး၊ အဲဒီအိမ်ကြီးမှာ ခင်နှောင်လည်း ဆုံးတယ်။ ခင်လှိုင်လည်း သေ တယ်။ မမတို့လည်း အဖမ်းခံရလို့ စိတ်နာတယ်။ ခြေဦးတောင် မလှည့်ချင် တော့ဘူးကွယ်"

ကျွန်ုပ်..

"မမ..အမွေဆိုတာ ရထိုက်မှ ရနိုင်တာပါ။ လူရင်းဆိုလို့ ကြီးတို့သားအမိပဲ ရှိတော့တာ။ ခင်လှိုင်ရဲ့ ဦးရီးတော်နဲ့ ဆွေမျိုးဆိုတာ ကတော့ ဝေးတယ်။ မမကြီးတို့ မရှိရင်တော့ သူတို့နဲ့ ဆိုင်တာပေါ့လေ၊ ဘာပြီး စိုက်ပျိုးမွေးမြူရေးခြံတွေက အလုပ်သမားတွေကို အုပ်ချုပ်ဖို့နဲ့ ငွေတွေ တိရစ္ဆာန်တွေကို မြှုစုဖို့ လိုသေးတယ်မမ။ အဲဒါကြောင့် ခြံရဲ့မိသားစုရှေ့နေနဲ့တွေ့ပြီး ပိုင်ဆိုင်မှုအတွက် တရားရုံးမှာ ဦးဆိုက်

www.burmeseclassic.com



လျှောက်ရမယ်''

''ရှုပ်ပါတယ် မောင်မောင်ရယ်၊ မမကြီး မလိုချင်တော့ဘူး မောင်မောင်ယူချင်ရင် ယူလိုက်တော့နော်''

''ကျွန်တော်နဲ့ မဆိုင်ဘူးလေ မမ။ မမတို့ဆွေမျိုးအရင်းမှ ခံစားခွင့်ရှိမှာပေါ့။ အခွင့်အရေးရတုန်း လက်မလွှတ်ပါနဲ့။ သမီးယွန်းပွင့်စံရဲ့ ရှေ့ရေးက ရှိသေးတယ်''

''ယွန်းပွင့်စံအတွက် မမမှာ အပြည့်အစုံရှိပြီးသားပါ မောင်မောင်။ သူ့ဘဝတစ်လျှောက်လုံးအတွက် လုံလောက်အောင် မမစီစဉ်ထားပြီးပါပြီ''

''ကျွန်တော်က ဥပဒေသမားပါ မမ။ မမတို့အတွက် ဒီအိမ်ကြီးကိစ္စကို အပြည့်အစုံစီစဉ်ပေးပြီးမှ ကျွန်တော် ရန်ကုန်ပြန်မှာပါ။ မမလက်ထဲရောက်မှ မလိုချင်တော့ရင် ကြိုက်ရာဈေးနဲ့ ရောင်းလိုက်ပါ''

''အင်း.. အဲဒီအစီအစဉ် ကောင်းတယ် မောင်မောင်။ မောင်မောင်ဦးဆောင်ပြီး လုပ်ပေးပါ။ မမ မောင်မောင့်ကို ပါဝါလွှဲပေးမယ်''

''ကောင်းပါပြီ မမ၊ ကျွန်တော်ဆက်လုပ်ပေးပါ့မယ်''

ကျွန်ုပ်တို့ ရေမိုးချိုး၍ ညစာစားကြပြီးနောက် မမကြီးနှင့်ကျွန်ုပ်တို့ ယာယီကားဂိုဒေါင်လုပ်ထားသည့် နွားတင်းကုပ်ထဲရှိ ထိုင်ခုံရှည်တွင် ထိုင်ကြရင်း ဘဝရှေ့ရေး ဆွေးနွေးတိုင်ပင်ကြသည်။

''မောင်မောင်.. မမပြောတာတွေ သဘောတူတယ်မဟုတ်လားဟင်။ မမ တစ်ကိုယ်ကောင်းမဆန်ပါဘူး''

''တူပါတယ် မမ။ မမတို့ကိစ္စတွေ အကုန်ပြီးမှ ကျွန်တော် ရန်ကုန်ပြန်မှာပါ''





''အဲဒါ ပြောတာမဟုတ်ဘူး မောင်မောင်၊ မမနဲ့မောင်မောင့်ကိစ္စကို ပြောတာပါ''

''အဲဒါ ထားပါဦး မမရယ်။ ရန်ကုန်က မိန်းမနဲ့ ညှိနှိုင်းရဦးမယ်လေ။ လောလောဆယ်တော့ မမပြောတာကို လက်ခံပါတယ်''

''မောင်မောင့်ကို မမအားကိုးပါတယ်ကွယ်။ တစ်သက်လုံးအတွက် အားကိုးတာပါ။ မမတို့သားအမိကို ပစ်မထားပါနဲ့နော်။ ယွန်းပွင့်လေးကိုလည်း မောင်မောင်ရဲ့သမီးအရင်းလို သဘောထားပါ''

မမကြီးက ကျွန်ုပ်၏လက်အား ဆုပ်ကိုင်၍ အားကိုးတကြီးပြောနေစဉ်..

''အဟမ်း.. အဟမ်း.. အဟမ်း..''

လုပ်ချောင်းသံကြောင့် ကျွန်ုပ်နောက်လှည့်ကြည့်ရာ သူနိုးမြင့်သိန်းက..

''ဆရာ.. အဘခေါ်နေတယ်၊ မနက်ဖြန် ပြန်ကြမယ်ဆိုတော့ စကားပြောမလို့တဲ့ ဆရာ''

''အေး.. အေး.. လာပြီ.. လာပြီ..''

အရေးကောင်း ဒိန်းခေါင်းဖျက်ဆိုသလို ကျွန်ုပ်တို့မှာ မိုးသီးဖတ်သီအဝတ်အစားများအား ပြင်ဆင်ဝတ်ပြီးမှ အိမ်ကြီးပေါ်သို့တက်ခဲ့ကြသည်။ ယွန်းပွင့်စံမှာ လူကြီးများနှင့် အတူရှိနေပြီး ကျွန်ုပ်တို့မရှိလေးမှဝယ်လာသောမုန့်များကို ကျွေးနေရာမှ မချိုမချဉ်မျက်နှာဖြင့်..

''မေမေတို့ ဘယ်သွားနေကြတာလဲ။ သမီးက ပျောက်လို့ လိုက်ရှာနေတာ''

မမကြီး..



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်မိုးနှောင်းပါကွယ်။ စကားပြောနေကြတာပါ"

အဘဦးဓာတ်မှီ..

ဆိုပြီး သားကြီးက ဦးစီးတဲ့ ကျေးရွာကြီးဖက် လှည့်ပြီးကြည့်ရင်း ပြောခဲ့ရ ရှိတယ်။ "အဘတို့ညီအစ်ကိုကြီးပြီး အဖေပိုင်းက ပြောထားသလိုပဲ ယနေ့ပေါ်လာတဲ့မြစ်ကမ်းနားပုံကနေ မြေနှစ်ဧကကို သားကြီးကို ခွဲပေးလိုက်ပြီ။ မြေသားမှာဆုံးလေသည်။ သိမ်းထားခဲ့တယ်။ "သားကြီးက လက်ခံပြီး မငြင်းပါနဲ့တော့။ ပါမှုလည်း ရှိသားကြီး အဘတို့ဆီကို မကြာမကြာရောက် ရှာ။ သားကြီးမလုပ်နိုင်ရင်လည်း အကြီးဖက်ကအမှိုက်တင်ကဲ့ လုပ်ပေးလိုက် ပါ။ အရင်းနုတ်ပြီး အမြတ်ငွေကို သားကြီးက နှစ်တိုင်းလာယူပါ။ တကယ်ပဲ လို့ သားကြီးက ရောင်းချင်ရင်လည်း ဓိဘတ်ဦးတဲ့ မပယ်နိုင်မှ အပြင်လူ ကို ရောင်းပါ။" သားကြီးလည်း ခေါင်းညိတ်ပြီး မပြောတော့။

"တူပါတယ်အဘ"

ရွာဖြိမ်ဒိုမ်းမိုးဖြိုးတွေ၌ ကျွန်ုပ်ယခုဘောကိုတွေ့လိုက်ရတော့သည်။ အားလုံး ဝမ်းသာနေကြသည်။ အသုံးလုံးဆရာ မမြတ်သားကို အမွေခွဲ ဝေပေးခြင်းမှာ ကျွန်ုပ်တစ်ယောက်သာ ရှိမည်ထင်ပါသည်။

ညှ (၁၀) နာရီခန့်တွင် ကျွန်ုပ်တို့ အိမ်ရာဝင်ကြတော့သည်။ အညာထုံးစံမှာ ညှ (၉) နာရီခန့်မှာပင် အိပ်ရာဝင်ကြစမြဲဖြစ်သည်။

မနက် (၆) နာရီခန့် ထကြသည်။ မမကြီးတို့သားအမိနှင့် ညီမ လေးမစန်းတင့်တို့ကား မိုးလိုဖျော့စတွင်မှ ထမင်းဟင်းချက်ပြုတ်နေကြ သည်။ ကျွန်ုပ်တို့မိုးမ မျက်နှာသစ်ပြီး ဈေးပွဲထိုင်တော့ ရှမ်းခေါက်ဆွဲသုပ် များ ချလာသည်။ မမကြီးအစီအစဉ် ဖြစ်ဟန်တူသည်။

မမကြီး..





"အဝစားကြပါရှင်။ မနေ့ညက ကြက်သားချက်တော့ သတိရ တာနဲ့ ကားထဲမှာပါလာတဲ့ ရှမ်းခေါက်ဆွဲနဲ့ အမြန်လုပ်လိုက်ရတာပါ။ မှုန်ချဉ်တော့ မရှိလို့ အညာကြက်သွန်နီကို သံပုရာရည်နဲ့နှစ်ပြီး ရောတ်သီး မှီး ထည့်ထားပါတယ်ရှင်"

အဘဦးဓာတ်မှီ..

"ကောင်းပါ့ သမီးရယ်။ ရှမ်းခေါက်ဆွဲက ကျောက်ဆည်မှာ တောင် မရှိဘူး။ မန္တလေးသွားမှ စားရတာ။ ကျေးဇူးပဲ သမီးရေ"

အားမြို့တော့ ကော်ဖီချိုချို လာချသည်။ မမကြီးစီစဉ်ထားဟန် တူသည်။

အဘ..

"စားလို့သောက်လို့တော့ ကောင်းပါရဲ့။ သားကြီးတို့ ပြန်ကြ တော့မယ်ဆိုတော့ အဘဝမ်းနည်းတယ်ကွာ။ နောင်လည်း အားလုံးပဲ အနားယူရင်း မကြာမကြာ လာကြပါ။ မိုးတွင်းမို့ လမ်းမကောင်းတာပါ။ နွေရောက်တော့ ကြက်ကြောင်မှန်းကျွန်တော်က ကောင်းပါတယ်။ အားရှေ့ရသည်။ ဝင်လို့ရပါတယ်။ လာခဲ့ကြနော်"

"ဟုတ်ကဲ့အဘ။ ကျွန်တော်တို့ မပြန်သေးပါဘူး။ မန္တလေးနဲ့ ပြင်ဦးလွင်မှာ ကြာဦးမယ်ထင်တယ်။ အပြန်ကို ဝင်ခဲ့ပြီး အဘတို့ နှုတ် ဆက်ကန်တော့ပြီးမှ ပြန်မှာပါ။ အခုတော့ နှုတ်မဆက်တော့ဘဲ ကန်တော့ရုံပါပဲ"

ကျွန်ုပ်တို့အဖွဲ့အားလုံး အဘနှင့်အစ်မ (အမေ)အား ဦးချ၍ ကန်တော့ကြသည်။

အဘ..

"သားကြီးတို့အားလုံး အနှစ်ကြီးလို့ သက်ရှည်ကြပါစေ။ သွား

လေရာလာလေရာ အန္တရာယ်ကင်း ဘေးရှင်းကြပါစေ၊ စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒနဲ့ ပြည့်ပါစေ"

အားလုံး..

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

အစ်မကတော့ အသံမထွက်။ နှုတ်က တဖွဖွရွတ်နေရင်း မျက်ရည်ကျနေရှာသည်။

ထိုစဉ် အဘ၏သား အကြီးကောင် မိုးတင်က..

"အစ်ကိုကြီး.. ကျွန်တော်လည်း မေမြို့ (ပြင်ဦးလွင်) မရောက်ဖူး လို့ လိုက်ချင်တယ်ဗျာ။ ဖြစ်မလား.."

"ဖြစ်ပါ့ ငါညီရယ်။ လိုက်ခဲ့ပေါ့..။ အပြန် အစ်ကိုကြီးတို့ ဒီ ရွာပြန်ဝင်ဦးမှာ။ အဆင်ပြေတာပေါ့"

Corolla Van ကားကို မြင့်သိန်းက မောင်းသည်။ ကားထဲ တွင် ကျော်ကြီးနှင့် မောင်မိုးတင်သာ ပါသည်။ ပုဏ္ဏားတင်ဦးက မန္တလေး တွင် ကျန်ခဲ့၍ဖြစ်သည်။ Super Saloon အား ကျွန်ုပ်ကမောင်းသည်။ မြေလမ်းဖြစ်၍ သမီးယွန်းပွင့်စံအား စိတ်မချသောကြောင့်ဖြစ်သည်။ စဉ့်ကိုင်မြို့တွင် ခေတ္တနား၍ လက်ဖက်ရည်သောက်ကြသည်။ ပြီးနောက် မန္တလေးသို့ တိုက်ရိုက်မောင်းတော့သည်။ မန္တလေး ဈေးချိုအနီးရှိ မမကြီး တို့အိမ်အား ခေတ္တဝင်၊ ပစ္စည်းများထားပြီး တော်ဝင်ရုပ်ရှင်ရုံအနီး ဒေါ်နန်းတို့အိမ်အနီးသို့ လာကြပြီး မမကြီးက ဆင်း၍ အခြေအနေကြည့် သည်။ မမကြီးလက်ယပ်ခေါ်မှ ကျွန်ုပ်တို့ ဝင်ခဲ့ကြတော့သည်။

ဒေါ်နန်းအိမ်မှာ ပျဉ်ထောင်အိမ်ဖြစ်သော်လည်း ရှေးဟောင်း အိမ်ကြီးဖြစ်၍ ကြီးမားပါသည်။ ကျွန်ုပ်တို့ အိမ်ထဲဝင်လာရာ ဒေါ်နန်းက





မမကြီးအား ဖက်၍ကြိုဆိုပြီး ကျွန်ုပ်တို့အားလည်း ကိုနောင်နှင့်အတူ ကြိုဆိုပါသည်။

ဒေါ်နန်း..

"မမကြီးတို့ ဘာစားပြီးပြီလဲ။ ဒီမှာ ကိုနောင့်လက်ရာနဲ့ ထမင်း အဆင်သင့်ချက်ထားတယ်။ ဒါနဲ့ ဟိုသက်သတ်လွတ်ဆရာလည်း မပါပါ လား။ ဒီမှာ ကိုနောင်က သက်သတ်လွတ်ဟင်းပါ ချက်ထားတယ်"

မမကြီး..

"ကျွန်မတို့ မနက်စာ ရှမ်းခေါက်ဆွဲစားလာခဲ့ပါပြီ။ နေ့လယ်စာ တော့ ဒီမှာစားကြတာပေါ့။ သက်သတ်လွတ်ဆရာက ဒီနေ့ပါမလာဘူး။ ကျန်နေခဲ့တယ်။ ဒေါ်နန်းရေ.. စောပါသေးတယ်၊ ရှေ့နေဦးမင်းမောင်အိမ် သွားကြရအောင်။ (၃၇) လမ်းထဲမှာ မဟုတ်လား။ ကျွန်မရယ်၊ ကျွန်မကိုယ် တားလှယ် ဦးသိန်းဝင်းရယ်၊ ဒေါ်နန်းရယ်ပဲ သွားကြတာပေါ့။ လူများရင် မကောင်းဘူးလေ၊ ကျန်တဲ့သူတွေ ဒီမှာနားရင်း စောင့်နေကြပါ"

"ကောင်းပါပြီ မမကြီး"

ကျွန်ုပ်တို့ မမကြီးကားဖြင့် ထွက်ခဲ့ကြသည်။ (၃၇) လမ်း ရှေ့နေ ဦးမင်းမောင်အိမ်ရောက်တော့ ရှေ့နေကြီးအား အသင့်တွေ့ရသည်။ အကျိုး အကြောင်းပြောဆိုပြီး မမကြီးက ကျွန်ုပ်အား ပါဝါလွှဲပေးသည်။ မနက်ဖြန် မနက်တွင် ပြင်ဦးလွင်သို့တက်ကြရန် ချိန်းဆိုပြီး ကျွန်ုပ်တို့ ဒေါ်နန်းအိမ်သို့ ပြန်ခဲ့ကြပြီး ကိုနောင့်လက်ရာ တရုတ်စာထမင်းဟင်းအား နေ့လယ်စာ အဖြစ် မြိန်ရှက်စွာ စားသောက်ကြပါသည်။

ကျွန်ုပ်တို့ နေ့လယ်စာစားနေကြစဉ် ပုဏ္ဏားတင်ဦးရောက်လာ သည်။

www.burmeseclassic.com



"ဆရာတို့ ထမင်းတော်ဝိုစားနေကြပြီလား။ ကျွန်တော်နောက် ကျသွားတယ်ဗျာ။ ညီတွေ၊ ညီမတွေကို သုံးလစာရိက္ခာတွေ ကြိုတင်ဝယ် ထားပေးနေရလို့ နောက်ကျသွားတယ်"

"နောက်မကျပါဘူး ကိုတင်ဦးရယ်။ ကျွန်တော်က ဒီစီမှူး အတွက် သက်သတ်လွတ်ဟင်း သီးသန့်ချက်ထားပါတယ်။ ထမင်းအတူ ဝင်စားပေရောဗျို့"

"ကောင်းပါဗျာ။ ကျွန်တော်လည်း ထမင်းမစားရသေးတာနဲ့ အတော်ပဲ။ ကျွန်တော်က အပြင်ထွက်စားကြတို့ပြောမလို့ပါ"

"ဒီမှာပဲ စားပါဗျာ။ ကျွန်တော်ချက်တဲ့ လက်ရာပါ"

စားသောက်ပြီးကြပြီးနောက် မမကြီးက လိုအပ်သောငွေများ ရှင်းလင်းရန် အလုပ်သမားများ ဒေါ်နန်းအား ငွေများထုတ်ပေးသည်။ မနက်ဖြန် မိုးမခအိမ်ကြီးတွင် ပြန်ဆုံကြရန်လည်း ချိန်းသည်။ ပြီးနောက် ကျွန်ုပ်တို့ မမကြီးအိမ်သို့ လာခဲ့ကြသည်။

မမကြီးအိမ်မှာ ဈေးချိုအနီးတွင် ရှိသည်။ ကျယ်ဝန်းလှသော နှစ်ထပ်တိုက်ကြီးဖြစ်သည်။ ဆောက်ထားသည်မှာ ကြာမြင့်သော်လည်း ခံ့ညား လှပနေသည်။

မောင်မောင်တို့အားလုံး ဒီမှာပဲ တည်းကြပါ၊ မမကြီး အခုကျန် တာဝန်ယူပါတယ်။ ဈေးချိုနဲ့ လည်းနီးတော့ စားသောက်ဖို့လည်း အဆင်ပြေ ပါတယ်။ အားနာစရာ မလိုပါဘူး။ အားလုံး အနားယူကြပါဦး"

မောင်မောင်နဲ့ မမကြီး ဈေးချိုထဲက စတိုးဆိုင်ဘက် ခဏသွား လိုက်ဦးမယ်နော်။ သမီးယွန်းပွင့် ရှိနေမှာပါ။ လိုအပ်တာ သူ့ကိုပြောခဲ့နော်။





အားမနာနဲ့"

မမကြီးမရှိတော့ ကျွန်ုပ်တို့ ရေချိုးကြသည်။ အဝတ်အစားလဲကြ သည်။ သမီးယွန်းပွင့်စံက လိုအပ်သေးသည်များ လုပ်ပေးသည်။

မြင့်သိန်းနှင့်ကျော်ကြီးကတော့ ညနေပိုင်းအတွက် အကြောင်း မြန်ကာ အပြင်ထွက်သွားကြသည်။ ဤအိမ်ကြီးတွင် ကျွန်ုပ်တို့ တစ်ပတ်ခန့် နေရဦးမည်ဖြစ်သည်။ မိုးမခစံအိမ်ကြီးအတွက် တရားရုံးကိစ္စများ ဆောင် ရွက်ရဦးမည်ဖြစ်သည်။ ပုဏ္ဏားတင်ဦးက ဧည့်သည်အဖြစ်ပါလာသော မိုးတင်နှင့် သမီးယွန်းပွင့်စံအား ဧဒင်တွက်ပေးနေသည်။

ကျွန်ုပ်တစ်ဦးတည်း စဉ်းစားခန်းဝင်ရင်း ရေးရေးအတွက် ရှင် ရေးနေမိပါတော့သတည်း။ ။

❖

တဖတ်ပရိသတ်အား အစဉ်လေးစားလျက်

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC

www.burmeseclassic.com